# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (ဒုတိယတွဲ)

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အထိ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အစည်းအဝေးဆင့်မနေ့ မှတ်တမ်း(၂၈.၇.၂၀၂၀ ) ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆင့်မနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃ |

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး မေးမြန်း သည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၈

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၂၅

(ဋ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ(၄/၂၀၁၉)ပါ အကြံပြုချက် များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၃၀

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စ ရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၃၂

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၃၆

## ၂။ အစည်းအဝေး သတ္တမနေ့ မှတ်တမ်း (၂၉.၇.၂၀၂၀)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၇

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၇

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၃၈

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၃၈

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၉

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၀

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၈

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၉

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၅၇

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၆၀

(ဌ) ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၆၇

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီအစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၆၈

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (သတ္တမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၉

၃။ **အစည်းအဝေး အဋ္ဌမနေ့ မှတ်တမ်း (၂၃.၇.၂၀၂၀)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၀

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၇၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၇၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၇၂

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၂

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၉

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၄

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၆

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၂

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၉

(ဌ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့တင်သွင်းခြင်း။ ၁၀၁

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၀၈

## ၄။ အစည်းအဝေး နဝမနေ့ မှတ်တမ်း (၁၀.၈.၂၀၂၀)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၉

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၉

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၁၀

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၁၀

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၁၁

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၁

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း (၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၆

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်လွင်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၉

(ဈ) တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးခင်မောင်ဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၂

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၈

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၂)ခုတွင် အဖွဲ့ဝင် ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၁၃၀

(ဌ) တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၂၀-၂၀၂၅)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၃၁

(ဍ) တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(၂၀၂၀-၂၀၂၅)နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၁၃၂

(ဎ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (နဝမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒသမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၁၃၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**ဆဋ္ဌမနေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်**
**၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်**
**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့ အနက် ဒီကနေ့ အစည်းအဝေးကို ၆၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၄.၂၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန]၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ နတ်တလင်းမြို့နယ်

မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၈.၇.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့ (၁၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်

အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအကွက် ၆၇/၆၈ ဧက ၃၀၀ လုပ်ပိုင်ခွင့်ရသူသည် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများကို စီမံချက်၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားခြင်း ရှိ/မရှိ၊ စည်းကမ်းပျက် သစ်တောစိုက်ခင်းလုပ်ပိုင်ခွင့်ရသူများ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သိမ်းဆည်းခြင်း ရှိ/မရှိနှင့် ပြန်လည်သိမ်းဆည်းရန် ပျက်ကွက်နေမှုများအား မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအကွက် ၆၇/၆၈ ဧက၃၀၀ လုပ်ပိုင်ခွင့်ရသူသည် ၂၀၁၂ ခုနှစ်တွင် လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ယနေ့တိုင် စိုက်ပျိုးခြင်းမရှိဘဲ စိုက်ခင်းတာဝန်ခံများမှ ၎င်းအကွက်အတွင်းနှင့် အနီးစိုက်ခင်းများမှ သစ်ပင်များခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများရှိနေခြင်းဖြစ်သည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများနှင့် အခက်အခဲပြဿနာများကို တင်ပြတိုင်ကြားရာတွင် သက်ဆိုင်ရာဌာနတာဝန်ရှိသူများအနေဖြင့် မိမိတို့ ညွှန်ကြားထားရှိမှုများနှင့် ဆောင်ရွက်ထားရှိမှုများအား တင်ပြတိုင်ကြားသူများထံ မိတ္တူပေးပို့ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပြည်သူများအနေဖြင့် မိမိတို့၏ နစ်နာဆုံးရှုံးမှုများနှင့် အခက်အခဲပြဿနာများအား အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဦးစီးဌာနများထံသို့ တင်ပြတိုင်ကြားမှုများပြုခဲ့ကြပါသည်။ ထို့သို့ တင်ပြလာမှုများအား တာဝန်ရှိသူများမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ညွှန်ကြားမှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ အောက်ခြေဌာနဆိုင်ရာများမှ စစ်ဆေးတွေ့ရှိချက်များအား အထက်အဆင့်သို့ ပြန်လည်တင်ပြရာတွင်လည်းကောင်း တင်ပြတိုင်ကြားသူများအနေဖြင့် ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပေးထားမှု၊ တင်ပြထားရှိမှုများသည် မည်သည့်အဆင့်သို့ ရောက်ရှိနေသည်ကို ပြန်လည်သိရှိရခြင်းမရှိခြင်းကြောင့် ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများအပေါ် ယုံကြည်မှုကျဆင်းလာခြင်း၊ ဌာနရုံးဆိုက်ရာမြို့များသို့ အကြိမ်ကြိမ်လာရောက်စုံစမ်းနေရခြင်းများ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာန တာဝန်ရှိသူများအနေဖြင့် မိမိတို့ညွှန်ကြားထားရှိမှုများ တင်ပြဆောင်ရွက်ထားရှိမှုများအား တင်ပြတိုင်ကြားသူများထံသို့ အပေါ်စာမိတ္တူပေးပို့ပေးရေးအတွက် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုကို သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအကွက် ၆၇/၆၈ ကေ ၃၀၀ လုပ်ပိုင်ခွင့်ရသူသည် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများကို စီမံချက်၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားခြင်း ရှိ/မရှိ၊ စည်းကမ်းပျက် သစ်တောစိုက်ခင်းလုပ်ပိုင်ခွင့်ရသူများ၏ လုပ်ပိုင်ခွင့်များကို ပြန်လည်သိမ်းဆည်းခြင်း ရှိ/မရှိနှင့် ပြန်လည်သိမ်းဆည်းရန် ပျက်ကွက်နေမှုများအား မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း ခွင့်ပြုထားမှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ မေလကုန်အထိ ပုဂ္ဂလိကစိုက်ခင်းများကို အောက်ဖော်ပြပါအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်-

| စဉ် | အမျိုးအစား | ခွင့်ပြု ဧက | စိုက်ပြီး ဧက | မြေသိမ်း ဧက | စိုက်ရန်ကျန် ဧက |
|---|---|---|---|---|---|
| ၁ | ကျွန်းစိုက်ခင်း | ၁၇၂၈၀၀.၈၃ | ၉၅၅၂၅.၀၆ | ၆၈၀၂၃.၉၆၀၀ | ၉၂၅၁.၈၁ |
| ၂ | သစ်မာစိုက်ခင်း | ၅၆၂၉၄.၀၈ | ၂၃၄၁၅.၇၃ | ၂၆၅၂၅.၃၄၉၆ | ၆၃၅၃.၀၀ |
| ၃ | ရာဘာစိုက်ခင်း | ၂၈၄၇၈.၇၈ | ၁၁၅၂၁.၇၈ | ၁၃၃၂၇.၀၀၀၀ | ၃၆၃၀.၀၀ |
| ၄ | စက်မှုကုန်ကြမ်းစိုက်ခင်း | ၁၈၂၂၅.၃၀ | ၁၆၇၇၆.၃၆ | ၃၀၀.၀၀၀၀ | ၁၁၄၈.၉၄ |
| | ပဲခူးတိုင်းဒေသကြီးစုစုပေါင်း | ၂၇၅၇၉၈.၉၉ | ၁၄၇၂၃၈.၉၃ | ၁၀၈၁၇၆.၃၁၀၀ | ၂၀၃၈၃.၇၅ |

**စီမံချက်၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားရှိမှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း အမျိုးအစားအလိုက် ခွင့်ပြုဧက စုစုပေါင်း (၂၇၅,၇၉၈.၉၉)ဧကအနက် စီမံချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောက်ပါ အတိုင်း စိုက်ပျိုးထားရှိပြီး ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | လုပ်ငန်းရှင် အရေအတွက် | စည်းကမ်းနှင့်အညီ စိုက်ပြီးဧက |
|---|---|---|---|
| ၁ | ကျွန်းစိုက်ခင်း | ၁၅၇ | ၉၅၅၂၅.၀၆ |
| ၂ | သစ်မာစိုက်ခင်း | ၄၀၄ | ၂၃၄၁၅.၇၃ |
| ၃ | ရာဘာစိုက်ခင်း | ၆၉ | ၁၁၅၂၁.၇၈ |
| ၄ | စက်မှုကုန်ကြမ်းစိုက်ခင်း | ၅ | ၁၆၇၇၆.၃၆ |
| | ပဲခူးတိုင်းဒေသကြီးစုစုပေါင်း | ၆၃၅ | ၁၄၇၂၃၈.၉၃ |

**စည်းကမ်းပျက် သစ်တောစိုက်ခင်း လုပ်ပိုင်ခွင့်ရသူများ၏ လုပ်ပိုင်ခွင့်များအား ပြန်လည်သိမ်းဆည်းမှု အခြေအနေ**

သစ်တောဦးစီးဌာနအနေဖြင့် ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ မြေနေရာလက်ဦးမှုရယူခြင်းနှင့် သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်မှုမရှိ၍ သစ်တောမြေဆုံးရှုံးခြင်းတို့မှ ကာကွယ်ရန်အတွက် ကုမ္ပဏီ/လုပ်ငန်းရှင်မှ စီမံချက်အတိုင်း စိုက်ပျိုးနိုင်မှုမရှိသောမြေများကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ ယနေ့ အထိ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိဝန်ထမ်းများက နှစ်စဉ်ကွင်းဆင်းစစ်ဆေးပြီး စီမံချက်ကာလ အတွင်း စိုက်ပျိုးနိုင်မှုမရှိခြင်း၊ စာချုပ်စည်းကမ်းပါအချက်များကို လိုက်နာမှုမရှိခြင်းစသည့် လုပ်ငန်းရှင် များအား ပြန်လည်သိမ်းဆည်း ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာနရုံးချုပ်သို့ တင်ပြပြီး၊ သစ်တော ဦးစီးဌာနရုံးချုပ်၏ ခွင့်ပြုချက်နှင့်အညီ အောက်ဖော်ပြပါအတိုင်း မြေပြန်လည်သိမ်းဆည်းပြီး ဖြစ်ပါ သည်-

| စဉ် | အမျိုးအစား | လုပ်ငန်းရှင် အရေအတွက် | သိမ်းဆည်းပြီး ဧက |
|---|---|---|---|
| ၁ | ကျွန်းစိုက်ခင်း | ၆၀ | ၆၈၀၂၃.၉၆ |
| ၂ | သစ်မာစိုက်ခင်း | ၂၄၅ | ၂၆၅၂၅.၃၄၉၆ |
| ၃ | ရာဘာစိုက်ခင်း | ၃၉ | ၁၃၃၂၇.၀၀၀၀ |
| ၄ | စက်မှုကုန်ကြမ်းစိုက်ခင်း | ၂ | ၁၀၀.၀၀၀၀ |
| | ပဲခူးတိုင်းဒေသကြီးစုစုပေါင်း | ၃၄၆ | ၁၀၈၁၇၆.၃၁ |

**စိုက်ပျိုးဆောင်ရွက် ကျန်ဧကအပေါ် ရှင်းလင်းတင်ပြချက်**

စိုက်ပျိုးရန်ကျန်ရှိဧကများမှာ **စီမံချက်ကာလအရ စိုက်ပျိုးရန်ကျန်ရှိခြင်း၊ ယခု ဘဏ္ဍာနှစ်အတွင်း စိုက်ရန်ခွင့်ပြုမှုအရ ဆောင်ရွက်ဆဲကျန်ရှိခြင်း၊ စီမံချက်ကာလ ကုန်ဆုံးပြီးဖြစ်သော်လည်း စိုက်ပျိုးရန် ကျန်ရှိမှုများအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေး၍ စာချုပ်စည်းကမ်းနှင့်အညီ ပြန်လည်သိမ်းဆည်းရန်ကျန်ရှိခြင်း**များအတွက် အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ကျွန်း | | သစ်မာ | | စက်မှုကုန်ကြမ်း/ရာဘာ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | ဦးရေ | ဧက | ဦးရေ | ဧက | ဦးရေ | ဧက | ဦးရေ | ဧက |
| ၁ | စီမံချက်အရစိုက်ပျိုးရန်ကျန်ရှိခြင်း | ၁၁ | ၃၂၅၀ | ၃ | ၁၉၀ | - | - | ၁၄ | ၃၄၄၀ |
| ၂ | ယခု ဘဏ္ဍာနှစ်အတွင်း စိုက်ရန်ခွင့်ပြုမှုအရဆောင်ရွက်ဆဲကျန်ရှိခြင်း | ၄ | ၄၉၇ | ၆၄ | ၂၇၀၃ | ၁၀ | ၁၀၀၀ | ၇၈ | ၄၂၀၀ |
| ၃ | စီမံချက်ကာလကုန်ဆုံးပြီးဖြစ်သော်လည်း စိုက်ပျိုးရန် ကျန်ရှိမှုများအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေး၍ စာချုပ်စည်းကမ်းနှင့်အညီပြန်လည်သိမ်းဆည်းရန်ကျန်ရှိခြင်း | ၂၂ | ၅၅၀၄.၈၁ | ၃၇ | ၃၄၆၀ | ၁၁ | ၃၇၇၈.၉၄ | ၇၀ | ၁၂၇၄၃.၇၅ |
| | ပဲခူးတိုင်းဒေသကြီး စုစုပေါင်း | ၃၇ | ၉၂၅၁.၈၁ | ၁၀၄ | ၆၃၅၃ | ၂၁ | ၄၇၇၈.၉၄ | ၁၆၂ | ၂၀၃၈၃.၇၅ |

**လွှတ်တော်ကိုယ်စားလှယ်၏ ကျိုးကြောင်းဖော်ပြမှုအပေါ် ရှင်းလင်းချက်**

ကျောက်တံခါးမြို့နယ်၊ ဘိုင်းဒါးကြီးဝိုင်း၊ အကွက်အမှတ်(၆၇၊ ၆၈)အတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်း(၃၀၀)ဧက ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းရှင် ဒေါက်တာခိုင်မြနွယ်၏ မြေနေရာအား ကွင်းဆင်းစစ်ဆေးရာတွင် မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးထားမှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ စီမံချက်ကာလအတွင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်မှုမရှိခြင်းတို့ကြောင့် ခွင့်ပြုထားသည့် မြေဧရိယာ(၃၀၀)ဧကအား မြေပြန်လည်သိမ်းဆည်းရန် ဌာနသတ်မှတ်ချက်၊ စည်းကမ်းချက်၊ ညွှန်ကြားချက်များနှင့်အညီ **ဆောင်ရွက်ဆဲဖြစ်ပါကြောင်း** ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများနှင့် အခက်အခဲ ပြဿနာများကို တင်ပြတိုင်ကြားရာတွင် သက်ဆိုင်ရာဌာနတာဝန်ရှိသူများအနေဖြင့် မိမိတို့ ညွှန်ကြားထားရှိမှုများနှင့် ဆောင်ရွက်ထားရှိမှုများအား တင်ပြတိုင်ကြားသူများထံ မိတ္တူပေးပို့ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပြည်သူများအနေဖြင့် မိမိတို့၏ နစ်နာဆုံးရှုံးများနှင့် အခက်အခဲ ပြဿနာများအား အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများထံသို့ တိုင်ကြားသော တင်ပြစာများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန် အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဝန်ကြီးဌာနများမှတစ်ဆင့် စုံခုံဖွဲ့စည်းမိန့် ထုတ်ပြန်၍ အဆင့်ဆင့်သော သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာန အဖွဲ့အစည်းများအား စစ်ဆေးတင်ပြခဲ့ရာ စိစစ်တင်ပြချက်များအပေါ် ဆုံးဖြတ်ချက်များအရ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများ၊ အခက်အခဲများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမြန်စိစစ်ဆောင်ရွက်ပေးခြင်း၊ မမှန်မကန်ဆောင်ရွက်ထားရှိမှုအပေါ် အပြစ်ပေးအရေးယူခြင်း၊ လိမ်လည်တိုင်ကြားမှုများ ပေါ်ပေါက်လာပါက ပြန်လည်အမှုဖွင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့သို့ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေစဉ် တိုင်ကြားချက်များသည် လုံးဝမှန်ကန်ခြင်း (သို့မဟုတ်) မှားခြင်း (သို့မဟုတ်)အချက်အလက်အချို့ မှန်ကန်ခြင်းမျိုးရှိ၍ ဖြစ်စဉ်မကွဲပြားမီ တိုင်းကြားသူအား ပြန်လည်အသိပေးခြင်းမျိုး ဆောင်ရွက်ပါက မလိုလားအပ်သော ပြဿနာပိုမိုကြီးထွားလာနိုင်ပါသောကြောင့် တိုင်ကြားသူအား မိတ္တူပြန်ကြားခြင်းများမဆောင်ရွက်ဘဲ စုံစမ်းစစ်ဆေးပြီး၍ ဆောင်ရွက်ရန် အတည်ပြုချက်ရရှိပြီးမှသာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့်ကာယံရှင်များထံ ဆယ်သွယ်၍ သိရှိနားလည်စေရန် ရှင်းလင်းဆွေးနွေးခြင်း၊ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် မိမိတို့ညွှန်ကြားထားရှိမှုများ၊ တင်ပြဆောင်ရွက်ထားရှိမှုများအား တင်ပြတိုင်ကြားသူများထံသို့ အပေါ်စာမိတ္တူအား ပေးပို့ရန်မှာ ဦးစီးဌာနအနေဖြင့် တိုက်ရိုက်ပေးပို့ရန်မှာ သင့်လျော်မှုမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော့် မေးခွန်းမှာ (၂)ချက်တော့ဖြေသွားတာရှိပါတယ်။ နောက်ဆုံးတစ်ချက်က ဒီလိုမထမ်းဆောင်တဲ့ဝန်ထမ်းတွေကို ဘယ်လိုအရေးယူမလဲဆိုတာကို မေးထားတာပါ,ပါတယ်။ အဓိက ဘာလို့မေးရသလဲဆိုတော့ (၈)နှစ်

ခန့်ကြာတာတောင်မှ အခုမှဆောင်ရွက်ဆဲဖြစ်ပါတယ်ဆိုတော့ ဒီလောက်(၈)နှစ်အတိုင်းအတာကြီးကို ကျွန်တော့်ဆီမှာဆိုရင် မြို့နယ်ဦးစီး (၃)ယောက်လောက်ပြောင်းသွားပါတယ်။ ရုံးချုပ်ကလဲနှစ်စဉ် ကွင်းဆင်းစိစစ်ခိုင်းပြီးတော့ ဆောင်ရွက်ပါတယ်ဆိုတဲ့ အတိုင်းအတာမှာ ဒီနေ့ ကျွန်တော်မေးခွန်း မေးမှသာ ဆောင်ရွက်တဲ့အနေအထား ရောက်နေတာဖြစ်တဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်း နှင့်ပတ်သက်ရင် ဝန်ထမ်းဘက်က ပျက်ကွက်တာတွေရှိပါတယ်။ ဒီလိုအတိုင်းအတာဆိုရင် ဝန်ကြီး အပေါ်မှာတော့ အပြစ်မပြောလိုပါဘူး။ ဒါပေမယ့် အောက်ကဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ ကိုယ်ရဲ့ လုပ်ပိုင်ခွင့်တာဝန်တွေပျက်ယွင်းမှုအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဘယ်လိုအရေးယူမလဲလို့ မေးထားတာဖြစ်တဲ့အတွက် အဲ့ဒီအပေါ်မှာ ဖြေကြားပေးစေလိုပါတယ်။ နောက်တစ်ချက်ကတော့ နှစ်စဉ် ကွင်းဆင်းစိစစ်တဲ့အပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ ဌာနဆိုင်ရာများကို ကြပ်ကြပ်မတ်မတ်နဲ့ ဆောင်ရွက် ပေးဖို့ကို တောင်းဆိုလိုပါတယ်။ နောက်တစ်ချက်ကတော့ ဆောင်ရွက်ဆဲဖြစ်တယ်ဆိုတာကို ဆောင် ရွက်သိမ်းဆည်းမှု၊ ဆောင်ရွက်ပြီးစီးမှုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ပေးပို့နိုင်ခြင်းရှိ/မရှိ ဆက်စပ် မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလင်းလင်းကျော်မေးသည့် ဆက်စပ်မေးခွန်းကို ကျွန်တော်ပြန်လည်ဖြေကြားပါမည်။ ဒါကတော့ ဝန်ထမ်းအရေးယူဆောင်ရွက် ပုံနဲ့ပတ်သက်လို့ အဲ့ဒီမှာ ပထမမေးခွန်းမှာ သိမ်းဆည်းရန် ပျက်ကွက်မှုများ မည်သို့မည်ပုံအရေးယူ ဆောင်ရွက်မည်ဆိုသည်ကို သိမ်းဆည်းဖို့ ကိစ္စကို ဒီဧက(၃၀၀)ကို စနစ်တကျပြန်လည်စိစစ်မယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမှုမရှိတဲ့အတွက်ကြောင့် ပြန်လည်သိမ်းဆည်းမယ်။ ဒါကျွန်တော် တို့ ဖြေကြားထားတာဖြစ်ပါတယ်။ ဝန်ထမ်းအရေးယူဆောင်ရွက်မှုကို ဆက်စပ်ဖြေကြားရမည်ဆိုလျှင် ပုဂ္ဂလိကစိုက်ခင်းနှင့်ပတ်သက်ပြီး သစ်မာတစ်မျိုးတည်းကို တိုင်းဒေသကြီးက ခွင့်ပြုခွင့်ရှိပါတယ်။ ကျန်တဲ့ကျွန်းတို့ ရာဘာ၊ စက်မှုကုန်ကြမ်းသီးနှံတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုခွင့်မရှိပါဘူး။ သစ်မာစိုက်ခင်းတောင် ဧက(၅၀)အောက်တစ်မျိုးတည်းကိုသာ စိုက်ပျိုးခွင့်ရှိပါတယ်။ ဒါကို ကျွန်တော် တို့က ဘုတ်အဖွဲ့နှင့် ကော်မတီနဲ့စိစစ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ အဲ့ဒါကလည်း အပွင့်လင်းဆုံးပြောရမယ်ဆိုလို့ရှင်ရင် ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းမှာပဲရှိပါတယ်။ ကျန်တဲ့တိုင်း နဲ့ပြည်နယ်တွေက လွန်ခဲ့တဲ့(၃)လလောက်ကမှ ပြည်ထောင်စုအဆင့်မှာ တောင်းဆိုလို့ ကျန်တဲ့ လုပ်ကွက်ချထားပေးရေးတွေကို စိစစ်ခွင့်ရရှိတာပါ။ ယခင်က သစ်မာစိုက်ခင်းဧက(၅၀) အောက်ကို

အခုချိန်မှာတော့ သစ်တောစိုက်ခင်းများ စိစစ်ကြီးကြပ်ရေးအဖွဲ့ဆိုပြီး ပေါင်းစည်း၍ Cabinet ဆုံးဖြတ်ချက်ရယူပြီး ပြန်လည်ဖွဲ့စည်းရတာဖြစ်ပါတယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး ပြန်လည်သိမ်းဆည်းမှုကိုလည်း သက်ဆိုင်ရာဌာနက ပြည်ထောင်စုအဆင့်ကိုတင်ပြ၍ ပြန်လည်သိမ်းဆည်းခြင်း ဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးအနေနဲ့ရော အစိုးရအဖွဲ့အနေနဲ့ရော သဘောထားမှတ်ချက်ပေးခွင့်ရတာ မကြာသေးပါဘူး။ လွန်ခဲ့တဲ့(၃)လလောက်ကမှ သဘောထားမှတ်ချက်ပေးခွင့်ရတာပါ။ ဒါနဲ့ပတ်သက်လို့ လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြပ်မတ်ဖို့အတွက် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနကို ကျွန်တော်နှိုးဆော်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သိမ်းဆည်းထားသည့်ကာလနှင့် ဆောင်ရွက်ချက်ကို လွှတ်တော်ကို လေးလေးစားစားပြန်လည်ဖြေကြားပေးပါမည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား– ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော့် မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ရည်ရွယ်ချက်က ကောင်းမွန်သော စီမံအုပ်ချုပ်မှုဖြင့်ဆိုတဲ့ အစိုးရမျိုးဖြစ်စေချင်လို့ ကျွန်တော့်အနေဖြင့် မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။ ဝန်ကြီးရဲ့အဖြေနဲ့ ကျွန်တော့်ရဲ့မေးခွန်းနဲ့က ရည်ရွယ်ချက်နည်းနည်းလေးပြန်လွဲသွားပါတယ်။ ကျွန်တော်က အပေါ်စာမိတ္တူဆိုတာ သက်ဆိုင်ရာအစိုးရအဖွဲ့ကို တိုင်စာပို့လိုက်တယ်။ အဲ့ဒီတိုင်စာအရ အစိုးရအဖွဲ့ကနေပြီး တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်မှ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပြန်လည်စိစစ်တင်ပြရန်ဆိုပြီးတော့ စာချပေးလိုက်ပါတယ်။ အဲ့ဒီချပေးလိုက်တဲ့စာမှာ မလိုလားအပ်တဲ့ပြဿနာလည်းတက်စရာအကြောင်း မရှိဘူးလို့ထင်ပါတယ်။ မြို့နယ်အဆင့်ကို နောက်ဆုံးရောက်လာတဲ့အချိန်မှာမှ မြို့နယ်အဆင့်မှာ သက်ဆိုင်ရာတွေကို တင်ပြတိုင်ကြားသူတွေကို ခေါ်စစ်တယ်။ တစ်ဖက်ကလူတွေကိုခေါ်စစ်တယ်။ စစ်ဆေးတဲ့အချိန်မှာ စစ်ဆေးချက်တွေရှိတယ်။ အဲ့ဒီအပေါ်မှာ စစ်ဆေးတွေ့ရှိချက်တွေရှိမယ်။ အကြံပြုသုံးသပ်ချက်တွေရှိမယ်။ ဆုံးဖြတ်ချက်တွေရှိမယ်။ ကျွန်တော်တောင်းဆိုတာက အဲ့ဒီစစ်ဆေးတွေ့ရှိချက်တို့၊ အကြံပြုတင်ပြချက်တို့၊ ဆုံးဖြတ်ချက်တို့ကို မြို့နယ်က ဆုံးဖြတ်ချက်တို့ကို ကာယကံရှင်ကို တိုက်ရိုက်ပေးခိုင်းတာမဟုတ်ပါဘူး။ တင်ပြတိုင်ကြားသူက ဝန်ကြီးချုပ်ကို တင်ပြတိုင်ကြားရင် နောက်ဆုံး ဆုံးဖြတ်ပိုင်ခွင့်သည် ဝန်ကြီးချုပ်ရဲ့သဘောပဲ ဖြစ်ပါတယ်။ အဲ့တော့ ဝန်ကြီးချုပ်ဆီကို အောက်ခြေမြို့နယ်မှတစ်ဆင့် မရောက်ရောက်အောင် ဆင့်ကဲဆင့်ကဲ ပြန်ပို့ပေးရမှာပါ။ ပြန်ပို့လိုက်တဲ့နေရာမှာလည်း အဲ့ဒီအပေါ်စာမှာမိတ္တူ အပေါ်စာရေးတဲ့ အရေးအသားကိုကနေပြီးတော့ ဘယ်နေ့၊ ဘယ်ရက်ကနေပြီးတော့ စာအမှတ်ဘယ်လောက်နဲ့ ညွှန်ကြားလိုက်တဲ့

အပေါ်မှာ ဘယ်နေ့၊ ဘယ်ရက်က စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်တွေနဲ့တကွ ပြန်လည်ပေးပို့ပါသည်ဆိုတဲ့ အပေါ်စာလေးတစ်ရွက်ကို ရေးပြီးတော့မှ နောက်ကနေ စစ်ဆေးတွေ့ရှိချက်ဖိုင်တွဲကြီးကို တွဲပြီးတော့ တင်ပေးရတာပါ။ ဌာနဆိုင်ရာရဲ့လုပ်ထုံးလုပ်နည်းပါ။

အဲ့ဒီတော့ အောက်မှာဌာနတွေက ဘယ်လိုဆုံးဖြတ်ထားတယ်။ ဘယ်လိုခွင့်ပြုထားတယ်။ ဘယ်လိုသုံးသပ်ထားတယ်ဆိုတာတွေကို ကာယကံရှင်ကို အသိပေးဖို့မလိုပါဘူး။ အထက်အဆင့်ကိုတင်ပြတဲ့ အပေါ်စာလေးကိုသာလျှင် ကာယကံရှင်ကို မိတ္တူပေးလိုက်မယ်ဆိုရင် ကာယကံရှင်ကတော့ ငါ့ကိုမြို့နယ်ကတော့ ဘယ်နေ့ကစစ်သွားတယ်။ စစ်သွားပြီး တစ်ပတ်လောက်ကြာတဲ့အချိန်မှာ ဒီစာလေးက သူ့ဆီကိုပြန်ရောက်လာတယ်ဆိုရင် မြို့နယ်ကတော့ ငါ့ရဲ့စစ်ဆေးချက်တွေကို ခရိုင်ကို ပြန်ပို့လိုက်ပြီဆိုရင် သူ့ရဲ့စစ်ဆေးချက်ကို ခရိုင်ကိုရောက်သွားပြီဆိုတာ သူသိပါတယ်။ အဲ့တော့ ခရိုင်ကို ရောက်သွားတဲ့အချိန်မှာလည်း ခရိုင်က ဒါကိုပြန်လည်စစ်ဆေးပြီးတော့ ငါ့ရဲ့စစ်ဆေးချက်တွေကို ခရိုင်ကိုပြန်ပို့လိုက်ပြီဆိုရင် သူ့ရဲ့စစ်ဆေးချက်ကို ခရိုင်ကိုရောက်သွားပြီဆိုတာ သူသိပါတယ်။ အဲ့တော့ ခရိုင်ကိုရောက်သွားတဲ့အချိန်မှာလည်း ခရိုင်က ဒါကိုပြန်လည်စစ်ဆေးပြီးတော့ မြို့နယ်က ဆုံးဖြတ်ထားတာတွေ၊ သုံးသပ်ထားတာတွေက မှန်ကန်မှုရှိတယ်ဆိုလို့ရှင်ရင် တစ်ခါတိုင်းအဆင့်ကိုထပ်ပို့ပါမယ်။ ဘယ်နေ့၊ ဘယ်ရက်က စစ်ဆေးပေးလိုက်တဲ့ မြို့နယ်ကနေ တင်ပြလာတာနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအဖွဲ့အဆင့်ကို တင်ပြပါတယ်ဆိုတဲ့ အပေါ်စာ မိတ္တူလေးကို ပြန်ပေးလိုက်ရုံပါပဲ၊ ဆုံးဖြတ်ချက်တွေကို ပြောစရာမလိုပါဘူး။ ဒီမှာဝန်ကြီး ဖြေသွားတဲ့အဖြေမှာကြတော့ ထို့သို့ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေစဉ် တိုင်ကြားချက်များသည် လုံးဝမှန်ကန်ကြောင်း (သို့မဟုတ်) မှားခြင်း (သို့မဟုတ်)အချက်အလက်အချို့ မှန်ကန်ခြင်းမျိုးရှိ၍ ဖြစ်စဉ်မကွဲပြားမီ တိုင်းကြားသူအား အသိပေးခြင်းမျိုး ဆောင်ရွက်ပါက ကျွန်တော်ပြောတာက အသိပေးခြင်းမျိုး မဟုတ်ပါဘူး။ ဌာနဆိုင်ရာအဆင့်ဆင့်ကို ပြန်တင်တဲ့ အပေါ်စာလေးတစ်စောင်ကို ကာယကံရှင်ကို မိတ္တူပေးလိုက်ရင် ဒီစာလေးသာဌာနကို ရောက်သွားပြီဆိုရင် ကာယကံရှင်ကို မိတ္တူပေးထားဖြစ်တဲ့အတွက် ဌာနက သူတို့အမှုတွဲကို ကြာကြာ သူတို့လက်ထဲမှာမထားရဲပါဘူး။ ထားရင်ကာယကံရှင်က သူတို့ဆီလိုက်လာတော့မှာပါ။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု ဝန်ထမ်းယန္တရားလုပ်ငန်း မြန်ဆန်သွားမလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော့်အနေနဲ့ မေးခြင်းဖြစ်ပါတယ်။ ဆက်စပ်ကတော့ ကျွန်တော်တင်ပြလိုက်တဲ့ power point ရဲ့ process လေးကို ဝန်ကြီးတို့အနေနဲ့ Cabinet အစည်းအဝေးမှာ တင်ပြဆွေးနွေးပြီး ဒီလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဖော်ဆောင်သင့်/မဖော်ဆောင်သင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညီညီထွေးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား– ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်(၂)၏ ဆက်စပ်မေးခွန်းအား ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဦးညီညီထွေး၏ ဆက်စပ်မေးခွန်းကလည်း အင်မတန်သင့်လျော်မှု ရှိပါတယ်။ မြေပြင်အခြေအနေမှာလည်း ဒီတိုင်းတကယ်ဆောင်ရွက်နိုင်ပါက ပြည်သူက စိတ်ကျေနပ်မှုရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ကျွန်တော်တို့ ဝန်ထမ်းပိုင်းဆိုင်ရာ ယန္တရားအခက်အခဲနဲ့ ဒါတွေကို တိုက်ရိုက်ကိုင်တွယ်ရတဲ့ အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးများရဲ့ မှတ်ချက်များအပေါ်လည်း များစွာမူတည်ပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်ကြီး ကိုယ်တိုင်ကလည်း powerpoint နဲ့တကွ Cabinet အစည်းအဝေးမှာတင်ပြီး ပြန်ပြီးဆွေးနွေး ပေးပါဆိုတဲ့အတွက်ကြောင့် အစိုးရအဖွဲ့ ကိုယ်စား ပြန်ပြီးဆွေးနွေးပေးပါမယ်။ ပြီးလျှင် လွှတ်တော်သို့ အကျိုးအကြောင်း ပြန်ကြားပေးမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားခဲ့ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **“အလယ်မြောင်–ကျောက်ကြီး–စစ်တောင်း–မုပ္ပလင်လမ်းရှိ ကျောက်ကြီးမြို့နယ်အတွင်း မိုင်တိုင်အမှတ်–၆၁/၂ မှ ၆၉/၆ အထိ ၉ မိုင် ၄ ဖာလုံ လမ်းအရှည်အား မူလ ကျောက်ကြီးလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ပဲနွယ်ကုန်း–ကျောက်ကြီးလမ်းပေါ်ရှိ တံတားအမှတ်–၁/၁၄ ခရမြောင်တံတား၊ တံတားအမှတ်–၁/၁၇ အင်းသပေါက်တံတားနှင့် အလယ်မြောင်–ကျောက်ကြီးလမ်းပေါ်ရှိ ဆိပ်ကြီး လမ်းဆုံနှင့် ကျောက်ကြီးမြို့ကြား မြို့အဝင် ဘေလီတံတားတို့ကို သံကူကွန်ကရစ်တံတားများ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ အဆိုပါလမ်းပိုင်းနှင့်ပတ်သက်၍ ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၄ မိုင် ၄ဖာလုံ ကတ္တရာ

လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ရန် တင်ဒါအောင်ကုမ္ပဏီများကို လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြု ခဲ့သော်လည်း ယနေ့အချိန်ထိ လုပ်ငန်းတစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမရှိပါသောကြောင့် အမှန် တကယ်လိုအပ်နေသော အလယ်မြောင်–ကျောက်ကြီး–စစ်တောင်း–မုပ္ပလင်လမ်းရှိ ကျောက်ကြီးမြို့ နယ်အတွင်း မိုင်တိုင်အမှတ်– ၆၁/၂ မှ ၆၉/၆ အထိ ၉ မိုင် ၄ ဖာလုံ လမ်းအရှည်အား မူလ ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို ကြောင်း မေးခွန်းမေးမြန်းအပ်ပါသည်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲနွယ်ကုန်း– ကျောက်ကြီးလမ်းပေါ်ရှိ တံတားအမှတ်–၁/၁၄ ခရုမြောင်တံတားနှင့် တံတားအမှတ်–၁/၁၇ အင်းသပေါက် တံတားနှစ်စင်းတို့တွင် တံတားအောက်ခံကြမ်းခင်းနှင့် ဘေးဘောင်များမှာ ကြံ့ခိုင်မှုမရှိတော့ဘဲ ပြိုကျနိုင်သည့် အန္တရာယ်ရှိသော အခြေအနေကို ရောက်ရှိနေခြင်း၊ အလယ်မြောင်–ကျောက်ကြီး လမ်းပေါ်ရှိ ဆိပ်ကြီးလမ်းဆုံနှင့် ကျောက်ကြီးမြို့အဝင် ဘေလီတံတားမှာလည်း အလွန်ကျဉ်းမြောင်း ကာ ခေတ်နှင့်လျော်ညီမှုမရှိပါသဖြင့် သံကူကွန်ကရစ် တံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အလယ်မြောင်–ကျောက်ကြီး–စစ်တောင်း–မုပ္ပလင်လမ်းရှိ ကျောက်ကြီးမြို့နယ်အတွင်း မိုင်တိုင်အမှတ်–၆၁/၂ မှ ၆၉/၆ အထိ ၉ မိုင် ၄ ဖာလုံ လမ်းအရှည်အား မူလကျောက်ကြီးလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်တည်ဆောက် ပေးရန်အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ တောင်ငူ–ကျောက်ကြီး–စစ်တောင်း– မုပ္ပလင်လမ်း မိုင်( ၆၀/၂ မှ ၆၉/၆) အတွင်းလမ်းအပိုင်းအနက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၌ မိုင် (၆၃/၄–၆၅/၀)အတွင်း (၁မိုင် ၄ဖာလုံ)၊ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မိုင်(၆၆/၄–၆၈/၀)အထိ (၁မိုင် ၄ဖာလုံ) ကတ္တရာခင်းခြင်း လုပ်ငန်းတို့အား နိုင်မန္တလာကုမ္ပဏီမှလည်းကောင်း၊ မိုင်(၆၅/၀ မှ ၆၆/၄)အတွင်း (၁မိုင်၄ဖာလုံ) ကတ္တရာခင်းခြင်းလုပ်ငန်းကို Htwe& Win Co., Ltdမှ လည်းကောင်း၊ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ရရှိသော်လည်း ကျောက်ကြီးမြို့နယ်အတွင်းရှိ KNU(ကရင် အမျိုးသားအစည်းအရုံး) တပ်ရင်း(၉)တို့နှင့် ညှိနှိုင်းမရပါသဖြင့် ယင်းလုပ်ငန်းများကို ဆောင်ရွက် ခြင်းမပြုတော့ဘဲ ပြန်လည်အပ်နှံခဲ့ရပါကြောင်း၊ ကျောက်ကြီးမြို့နယ်၊ အလယ်မြောင်–ကျောက်ကြီး– စစ်တောင်း–မုပ္ပလင်လမ်းမိုင် မိုင်(၆၀/၂မှ၆၉/၆)အထိ (၉မိုင်၄ဖာလုံ) မူလ၁၂’အကျယ် ကျောက်လမ်း

မှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်း အနက်မိုင်(၆၀/၂ မှ ၆၆/၂)အထိ(၆)မိုင်အား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၇၉၃.၉၂) သန်းအား ထည့်သွင်းလျာထားပါကြောင်း၊ ရန်ပုံငွေရရှိပါက လုပ်ငန်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်မိုင် ၆၆/၂မှ ၆၉/၆ထိ (၃မိုင်၄ဖာလုံ) ကျောက်လမ်းမှ ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှလည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်များတွင်လည်း ဌာနမှ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ တံတားအမှတ်-၁/၁၄ ခရမြောင်တံတား၊ တံတား အမှတ်-၁/၁၇ အင်းသပေါက်တံတားနှင့် အလယ်မြောင်-ကျောက်ကြီးလမ်းပေါ်ရှိ ဆိပ်ကြီးလမ်းဆုံနှင့် ကျောက်ကြီးမြို့ကြား မြို့အဝင် ဘောလီတံတားတို့ကို သံကူကွန်ကရစ်တံတားများ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ဖြေကြားသွားပါမယ်။ လမ်းဦးစီးဌာနမှ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ တံတားအမှတ် -၁/၁၄ ခရမြောင်တံတားသည် (၁၈') အကျယ်၊ (၈၀')အရှည် သံဘောင်ယက်မတံတားများဖြစ်ပြီး ယင်းတံတားအမှတ် ၁/၁၄ အား (၂)လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြခဲ့သော်လည်း လျာထားအတည်ပြုစာရင်းမပါရှိသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေစာရင်းတွင် ဌာနမှ ဆက်လက်တင်ပြ တောင်းခံသွားမည်ဖြစ်ပါသည်။ ယင်းလမ်းပေါ်ရှိ တံတားအမှတ်-၁/၁၇အား အင်းသပေါက်တံတားသည် ၁၈ ပေအကျယ် မုပ္ပလင်လမ်းပေါ်ရှိ ဆိပ်ကြီးလမ်းဆုံနှင့် ကျောက်ကြီးမြို့အဝင် မိုင် ၅၇/၀ တံတားအမှတ်၂/၅၇ (၄၀)ပေ အရှည် ၁၈ ပေ အကျယ် သံဘောင်တံတားအား (၂)လမ်းသွား သံကူကွန်ကရစ် တံတားတည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းတွင် လျာထားနိုင်ရန်အတွက် ဌာနမှ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေစာရင်းတွင် ထည့်သွင်းတောင်းပေးမယ်တဲ့ ဒီဘဏ္ဍာရေးနှစ်မှာ မပါဘူးတဲ့။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မဟုတ်ဘူး ခင်ဗျား- အခုဝန်ကြီးဖြေလိုက်တဲ့ နှုတ်နဲ့ဖြေလိုက်တဲ့အချိန်မှာ ကျွန်တော့်ဆီမှာ ဖြေထားတာက တံတား(၂)ခုပဲ ပါပါတယ်။ လွှတ်တော်မှတ်တမ်းနဲ့ ကွဲလွဲနေမှာကြောက်လို့ အခုဝန်ကြီး ဖြေလိုက်တာက တံတား(၃)ခုကို အဲဒီလိုဘဏ္ဍာနှစ်မှာတော့ ဌာနကနေပြီး တောင်းခံသွားမယ်လို့ ဖြေသွားတယ်။ ကျွန်တော့်ဆီမှာ မေးခွန်းရဲ့အဖြေကို ပေးလိုက်တဲ့ဆီမှာက ကျွန်တော်ပြန်လည်ဖတ်ပြပါမယ်။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးပါ။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျောက်ကြီးမြို့နယ်၊ ပဲနွယ်ကုန်း- ကျောက်ကြီးလမ်းပေါ်ရှိ တံတားအမှတ်-၁/၁၄ အရှည်ပေ(၈၀)ပေရှိ ခရမြောင်တံတားနှင့် တံတားအမှတ်-၁/၁၇ (၁/၂၀၁၇)ဆိုပြီးတော့ နှုတ်မှာ ပြောသွားတာတွေ့ရတယ်။ ဒါတစ်ကြောင်း၊ အင်းသပေါက်တံတားတို့သည် (၁၈’)အကျယ်၊ (၈၀’)အရှည် သံဘောင်ယက်မ တံတားများဖြစ်ပြီး ယင်းတံတား(၂)စင်းအား နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားတင်ပြထားသော်လည်း ရန်ပုံငွေရရှိခြင်းမရှိပါသဖြင့် လက်ရှိအစိုးရသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းဆိုပြီး ဖြေကြားထားတယ်။ အဲ့တော့ တံတား(၁)ခုက အလယ်မြောင်ကျောက်ကြီးမြို့အဝင်က အလယ်မြောင်-ကျောက်ကြီး မြို့အဝင်ကနေပြီးတော့မှ ဘီလီတံတား (၁/၅၇)တံတားတစ်ခုပဲ ကျန်နေတာဖြစ်တယ်။ ကွဲလွဲနေတာကို ကျွန်တော်တင်ပြပြီး ဆက်စပ်မေးခွန်းမေးတာပါ။ ဆက်စပ်အနေနဲ့ကတော့ ဒီတံတားတွေက အင်မတန်မှ အန္တရာယ်ရှိနေတဲ့တံတားတွေ ဖြစ်တာဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနအကြီးအကဲတွေက ကျွန်တော်တို့ကျောက်ကြီးမြို့နယ်အတွင်းကို ချက်ချင်းကွင်းဆင်း ဆောင်ရွက်ပြီးတော့ အမြန်ဆုံးရန်ပုံငွေထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်နှုတ်နဲ့ဖြေတာနဲ့ စာနဲ့ဖြေတာက လွှတ်တော်ခန်းမအတွင်း လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်နှင့် လွှတ်တော်ကိုယ်စားလှယ်တော်များရှေ့မှောက်တွင် နှုတ်ဖြင့်ဖြေသွားတာအမှန်ပါ။ အဲ့တော့ စာဖြင့်ဖြေတဲ့အထဲမှာ ကျွန်တော်ဖြည့်စွက်ပြီး ဖြေသွားတာပါ,ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ဖြည့်စွက်ပြီးဖြေသွားတာ

တွေကအမှန်ပါ။ အဲ့တော့ ကွဲလွဲချက်တွေရှိရင်လည်း ကျွန်တော်နှုတ်ဖြင့်ဖြေသွားတာအမှန်ပါ။ နှုတ်ဖြင့်ဖြေသွားတာလည်း ကျွန်တော့်ဆီမှာမှတ်တမ်းရှိပါတယ်။ အဲ့ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်းပေးပါမည်။ လွှတ်တော်ကိုလည်း ပြန်လည်ပြီးပေးပါမယ်။ ကွဲလွဲတယ်ဆိုတာကလည်း ဘီလီတံတား(၁)စင်းကို ဖြည့်စွက်ပြီးဖြေကြားသွားတာဖြစ်ပါတယ်။ စာနဲ့ပေးသွားတဲ့အထဲမှာ(၂)စင်းသဘောမျိုးပါနေတာဖြစ်ပါတယ်။ သို့သော် ထိုတံတား(၃)စင်းလုံးသည် အစိုးရသက်တမ်းအတွင်းမှာတော့ လုပ်ဆောင်ခြင်းမရှိတော့ပါဘူး။ ထို့အတွက် ဌာနကိုပဲ သွားကြည့်ပြီးတော့မှ မှာကြားပေးရုံပဲရှိပါတယ်။ ဌာနမှလည်း နောက်နှစ်ဘတ်ဂျက်ကို ထည့်သွင်းလျာထားပေးမည်လို့ ဖြေကြားထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့နယ် ကိုင်းယားရှည်အုပ်စု၊ ကံကြီးအုပ်စု၊ တူးကံအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းအပေါ်ရှိ ပျက်စီးနေသော ခုံးတံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၊ ကိုင်းယားရှည်အုပ်စု၊ လေ့တုန်းအုပ်စု၊ ကံကြီးအုပ်စု၊ တူးကံအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော ကျေးလက်လမ်း Aအဆင့်ရှိ လမ်းပေါ်တွင် ခုံးတံတားများရှိသည့်အနက် ကံကြီးအုပ်စုတောရရွာနှင့် ရှမ်းကွင်းကျေးရွာအကြားတွင်ရှိသော ခုံးတံတားမှာ လက်ရှိအခြေအနေတွင် အခင်းများပျက်စီးနေခြင်း၊ တံတားအောက်ခံအုတ်ခုံများ ကွဲအက်ပျက်စီးနေပါသည်။

ထိုတံတားမှာ ကိုင်းယားရှည်အုပ်စုတွင်းရှိ ရွာပေါင်း၆ရွာ၊ ကံကြီးအုပ်စုအတွင်းရှိ ရွာပေါင်း ၆ရွာ၊ လေ့တုန်းအုပ်စုရှိ ရွာပေါင်း၅ရွာ၊ တူးကံအုပ်စုရှိ ရွာအချို့မှ ပြည်သူများနှင့် ကျောင်းသူ/သားများ၊ ဆရာ/ ဆရာမများ၊ ရုံးသူ/သားများ ကြို့ပင်ကောက်မြို့ပေါ်ရောက်ရှိနိုင်ရန် အဓိကအသုံးပြုနေသော ကျေးလက်လမ်း A အဆင့်ရှိသော လမ်းဖြစ်ပါသည်။

ယခင်လမ်းအကျယ်မှာ ၁၀ပေသာရှိသော်လည်း၊ ယခုအခါတွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၈ပေအကျယ် မြေနီလမ်းတည်ဆောက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကိုင်းယားရှည်အုပ်စု၊ ကံကြီးအုပ်စု၊ လေ့တုံးအုပ်စု၊ တူးကံအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော ကျေးလက်လမ်းပေါ်ရှိ တောရရွာနှင့် ရှမ်းကွင်းရွာအကြားတွင်ရှိသော ကျဉ်းမြောင်းပြီး ပျက်ဆီးနေသည့် ခုံးတံတားအား တည်ဆောက်ထားသောလမ်းနှင့် ကိုက်ညီသည့် ခုံးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ပါရန် ဒေသခံပြည်သူတို့၏ တောင်းဆိုချက်အရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းတွင် သဲဖြူကျေးရွာမှ မကျီးခုန်ကျေးရွာအထိ ၂ မိုင် ၅ ဖာလုံ လမ်းပိုင်းအား ကတ္တရာဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းတွင် ဘုရားကြီးမှ ဇီးတောအုပ်စု သဲဖြူကျေးရွာအနီးအထိ ကတ္တရာလမ်းခင်းထားပြီးဖြစ်ပါသည်။ သဲဖြူကျေးရွာမှ မကျီးခုန်ကျေးရွာအနီးအထိ ၂ မိုင် ၅ ဖာလုံခန့်မှာ ကတ္တရာမခင်းရသေးဘဲ ကျောက်ကြမ်းခင်းလမ်း အဆင့်သာရှိပြီး မကျီးခုန်မှ ဇောင်းတူကျေးရွာအထိ ကတ္တရာလမ်းခင်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကြားလပ်လျက်ရှိသော သဲဖြူကျေးရွာ မကျီးခုန်ကျေးရွာအထိ ၂မိုင် ၅ ဖာလုံ လမ်းပိုင်းအား ကတ္တရာဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိကိုလည်း ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့နယ် ကိုင်းယားရှည်အုပ်စု၊ ကံကြီးအုပ်စု၊ တူးကံအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းအပေါ်ရှိ ပျက်စီးနေသော ခုံးတံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ကိုင်းယားရှည်အုပ်စု၊ ကံကြီးအုပ်စု၊တူးကံအုပ်စုတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော မြို့လယ်ချောင်း-ကိုင်းယားရှည်-အညာတန်းလမ်းသည် Class(A-3)အဆင့် လမ်းတစ်လမ်းဖြစ်၍ အဆိုပါလမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား(၁၀')ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားပြီးဖြစ်ပါ၍ လက်ရှိအစိုးရသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ဌာနကို သွားရောက်စစ်ဆေးခိုင်းပြီး လိုအပ်လျှင်လိုအပ်သလို ဌာနကိုညွှန်ကြားပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းတွင် သဲဖြူ ကျေးရွာမှ မကျီးခုန်ကျေးရွာအထိ ၂ မိုင် ၅ ဖာလုံ လမ်းပိုင်းအား ကတ္တရာဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းသည် ၄၂ မိုင် ၁ ဖာလုံ အရှည်ရှိပြီး လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၅ မိုင် ၄ ဖာလုံ၊ ကတ္တရာ

လမ်း ၁၈ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၂ မိုင် ၆ ဖာလုံ၊ မြေလမ်း ၁၅ မိုင် ၁ ဖာလုံဖြစ်ပြီး ဘုရားကြီး လမ်းဆုံမှ ဇောင်းတူကျေးရွာအထိ ၁၇ မိုင် အရှည် ရှိပါကြောင်း၊ ၎င်းလမ်း၏ မိုင်၂၃/၂ မှ ၂၆/၀ အထိ ၂ မိုင် ၆ ဖာလုံသည် ကျောက်လမ်း ခင်းထားပြီးဖြစ်၍ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေပါကြောင်း၊ ယင်းလမ်းအပိုင်း မိုင် ၂၃/၂ မှ ၂၆/၀ အထိ ကျောက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားခဲ့သော်လည်း ခွဲဝေရရှိခြင်း မရှိခဲ့ပါကြောင်းနှင့် ထပ်မံ၍ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် လျာထားချက်စာရင်းတွင် ထည့်သွင်း လျာထားခဲ့သော်လည်း အတည်ပြုလျာထားချက်စာရင်းတွင် မပါဝင်ခဲ့ပါသဖြင့် လက်ရှိအစိုးရသက်တမ်း တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ သို့သော် မိမိအနေဖြင့် လွန်ခဲ့သော(၂)လခန့်က သွားရောက် ကြည့်ရှုသော် အလယ်မှာ ပြတ်နေတဲ့နေရာတစ်ခုပဲ ကတ္တရာခင်းဖို့လိုနေတာဖြစ်သည့်အတွက် ဒါခင်း ဖို့လည်းလိုအပ်နေတာအမှန်ပါ။ ကျွန်တော့်အနေဖြင့် ရန်ပုံငွေမရရှိလို့ မလုပ်ဆောင်ပေးနိုင်တာပါ။ ဌာနမှ ဒီနေရာကို မှတ်သားထားဖို့ ညွှန်ကြားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများ ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်ရှိ မဲစာရင်းတွင် မှတ်ပုံတင်မရှိသူများအား ရွေးကောက်ပွဲမတိုင်မီ အချိန်မီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျောက်တံခါးမြို့နယ် ရှိ မဲစာရင်းတွင် မဲပေးခွင့်ရှိသူ (၆၂၀၇၀)ဦး မှတ်ပုံတင်မရှိဖြစ်နေ၍ ဖြည့်စွက်ရန် ကျန်ရှိနေတာလား အမှန်တကယ်မရှိတာလား ဖြည့်စွက်ရန်ကျန်ရှိနေပါက ရွေးကောက်ပွဲမတိုင်မီ အချိန်မီ ဖြည့်သွင်း ပေးရန်နှင့် မှတ်ပုံတင်မရှိသူများအားအချိန်မီ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ် အတွင်းရှိ စက်ရုံပေါင်း(၆၇)ရုံအနက် စက်ရုံ(၄၂)ရုံမှ Covid-19 အတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ရရှိပြီး ဖြစ်သော်လည်း လူမှုဖူလုံရေးထောက်ပံ့ငွေ မရရှိသေးသည့် ကျန်စက်ရုံ၊ (၂၅)ရုံကို လူမှု**

**ဖူလုံရေး ထောက်ပံ့ငွေ ဆက်လက်ပေးဆောင်ရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးမြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံမှ စက်ရုံပေါင်း (၆၇)ရုံအနက် စက်ရုံပေါင်း (၄၂)ရုံမှ လူမှုဖူလုံရေး ထောက်ပံ့ငွေ COVID–19 အတွက် ၄၀%ရရှိပြီးဖြစ်သော်လည်း ကျန်(၂၅)ရုံမှာ ယနေ့တိုင် လူမှုဖူလုံရေးထောက်ပံ့ငွေ မရရှိသေးပါကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျန်ရှိ စက်ရုံ၊ အလုပ်ရုံများသို့ လူမှုဖူလုံရေးထောက်ပံ့ငွေ ဆက်လက်ပေးရန် ရှိ/မရှိသိရှိလိုပါသဖြင့် အလုပ်သမားများ၏ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ကျောက်တံခါးမြို့နယ်ရှိ မဲစာရင်းတွင် မှတ်ပုံတင်မရှိသူများအား ရွေးကောက်ပွဲမတိုင်မီ အချိန်မီ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်နှင့်ပတ်သက်၍ ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားများအား မဲစာရင်းပြုစုရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **“လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်”** အရ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ခရိုင်အဆင့်/မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လူဦးရေစာရင်းအချက်အလက်များကို ကောက်ယူပြုစုခဲ့ပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်းအား ရွေးကောက်ပွဲနည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုဆောင်ရွက်ခဲ့ပါသည်။

ဆန္ဒမဲပေးခွင့်ရှိသည့် မဲစာရင်းတွင် အမည်ပါဝင်သူများအနက် မှတ်ပုံတင်(ကိုင်ဆောင်လက်မှတ်) အမှတ်မပါရှိသူများမှာ အသက်(၁၈)နှစ်မပြည့်သေးသူများပါဝင်နေခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ်မမှတ်မိခြင်း၊ နေရပ်လိပ်စာတွင် အမှတ်တကယ်နေထိုင်ခြင်းမရှိဘဲ ပြောင်းရွှေ့သူများပါဝင်ခြင်း၊ သေဆုံးသူများပါဝင်ခြင်း၊ ပြည်ပသို့အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိခြင်း၊ ဥပဒေအရ ကိုင်ဆောင် လက်မှတ်တစ်မျိုးမျိုးရရှိရန် အဆုံးဖြတ်ခံယူတင်ပြထားသူများပါဝင်ခြင်း (ဗဟိုအဖွဲ့တင်ပြလျှောက်ထားသူများ)၊ FRC လက်မှတ်ကိုင်ဆောင်ထားသူများ ပါဝင်နေခြင်း၊ မဲဆန္ဒတွင် ပေးပိုင်ခွင့်မရှိသော (သာသနာ့ဝန်ထမ်း၊ ထောင်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသူ)ဟု သတ်မှတ်ခြင်း

ခံရသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ (တားမြစ်ခြင်းခံရသူများ)နှင့် အမှန်တကယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရန် ကျန်ရှိနေသူများ ပါဝင်နေမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်မဲစာရင်းတွင် အမည်ပါဝင်သူများအနက် ကိုင်ဆောင်လက်မှတ်ရရှိထားပြီး အကြောင်းမျိုးမျိုးကြောင့် မှတ်ပုံတင်အမှတ်ဖြည့်သွင်းရန် ကျန်သူများသည် သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲများသို့ ဆက်သွယ်၍ ဖြည့်သွင်းသွားရမည်ဖြစ်ပြီး မှတ်ပုံတင်မပြုလုပ်ရသေးသူများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်တိုင်လျှောက်ထား၍ ဆောင်ရွက်ပြီးဖြည့်သွင်းသွားရမည်ဖြစ်ပါသည်။ ကျောက်တံခါးမြို့နယ်ရှိ မဲဆန္ဒရှင်စာရင်းမှာ မဲပေးခွင့်ရှိသူများအနက် (၆၂၀၇၀) ဦး မှတ်ပုံတင်မရှိဖြစ်နေသည့် အချက်အားစိစစ်ရာ ကျောက်တံခါးမြို့နယ်လူဦးရေစုစုပေါင်း (၂၆၅၈၅၅) ဦးရှိသည့်အနက် အသက်(၁၈)နှစ်အထက် မဲပေးပိုင်းခွင့်ရှိသူ(၁၈၃၇၁၇)ဦးတွင် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူ (၁၆၂၂၈၂)ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ကိုင်ဆောင်သူ(၂၇၉)ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ်ကိုင်ဆောင်သူ (၂၀၂၃၇)ဦးနှင့် (FRC)နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်သူ (၁၀၅)ဦးရှိပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပက်သက်၍ အမျိုးသားလွှတ်တော်/ ပြည်သူ့လွှတ်တော်/ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းဖော်ပြထားပါသည်–

ပုဒ်မ–၆ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်–

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ

ပုဒ်မ–၇ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–

(က) သာသနာ့ဝန်ထမ်း

(ခ) ထောင်ကျခံနေရသူ

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ

(င) ရွေးကောက်ပွဲတင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခံရသူ၊

(စ) နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ်ခံယူထားသူ၊

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲဥပဒေပုဒ်မ–၆၊ အပိုဒ်ခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအပါအဝင် အသက်(၁၀)နှစ်အထက်(၁၈)နှစ်အထက် အားလုံးအား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ခြင်းအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် သစ္စာစီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ အကြိမ်ကြိမ်ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်ရုံးများတွင်လည်း ဆောင်ရွက်ပေးနေခြင်း၊ COVID–19 ရောဂါကာလအတွင်းလည်း မြို့နယ်ရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းများရှိခဲ့ပြီး အသက်(၁၈)နှစ်အထက် ကိုင်ဆောင်လက်မှတ်မရှိသေးသူ ပြည်သူများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော အထောက်အထားများဖြင့် လျှောက်ထား၍ ကာယံရှင်များကိုယ်တိုင်မှလည်း အလေးထားလျှောက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ယခုကာလအတွင်းမဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်တကယ်ရရှိရန် ကျန်ရှိနေသူများအား မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးမြို့နယ် အတွင်းရှိ စက်ရုံပေါင်း(၆၇)ရုံအနက် စက်ရုံ(၄၂)ရုံမှ COVID–19အတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ရရှိပြီး ဖြစ်သော်လည်း လူမှုဖူလုံရေးထောက်ပံ့ငွေ မရရှိသေးသည့် ကျန်စက်ရုံ၊ (၂၅)ရုံကို လူမှုဖူလုံရေး ထောက်ပံ့ငွေ ဆက်လက်ပေးဆောင်ရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအာမခံစနစ်(၂)မျိုးအရ အာမခံအလုပ်သမားများသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့် (၁၅) မျိုး ခွင့်ပြုထုတ်ပေးခြင်းတို့ကို အချိန်မီ ထောက်ပံ့ပေးလျက်ရှိပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (၁၉.၄.၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သောCOVID–19နှင့်စပ်လျဉ်း၍ စက်ရုံ၊အလုပ်ရုံ၊ အလုပ်ဌာနများသို့ လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ကြေငြာချက်များအတိုင်း (၂၀.၄.၂၀၂၀)ရက်နေ့မှ (၁၅.၅.၂၀၂၀) ရက်နေ့အတွင်း ယာယီရပ်နားခဲ့ရသော နေ့ရက်အသီးသီးအတွက် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေ ပုဒ်မ၁၃ (ခ) (၂)နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ (၁/၂၀၂၀) ကာလအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀%ကို ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀) ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာ၍ ဆောင်ရွက်ပေးခဲ့ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်၄၀%အား (၁၃.၅.၂၀၂၀)ရက်နေ့မှ (၅.၇.၂၀၂၀)ရက်နေ့အထိ အလုပ်ဌာနပေါင်း (၃၇၉၁)ဌာနမှ အာမခံအလုပ်သမားပေါင်း(၆၆၁၇၅၄)ဦးအတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း (၁၄၁၀၉.၄၂၅) ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ကျွမ်းကျင်မှု ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့သည့်အလုပ်ဌာန ပေါင်း(၁၃၂)ဌာနမှ အာမခံအလုပ်သမားပေါင်း(၆၇၂၁၁)ဦးအတွက် လျှောက်ထားခဲ့ရာ (၁၀.၇.၂၀၂၀) ရက်နေ့အထိ အလုပ်ဌာနပေါင်း(၁၀၅)ဌာနမှ အာမခံအလုပ်သမားပေါင်း(၅၁၉၇၁)ဦးအတွက် ခွင့်ပြု ငွေကျပ်သန်း (၁၂၀၀.၃၃၉)ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ပဲခူးမြို့နယ်ရှိ အလုပ်ဌာနများအနက် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးပြီးစီးသည့် အလုပ်ဌာန(၇၉)ဌာနအနက် ၄၀% လျှောက်ထားသည့် အလုပ်ဌာန (၇၀)ဌာနရှိခဲ့ပြီး (၁၀.၇.၂၀၂၀) ရက်နေ့ထိ အလုပ်ဌာနပေါင်း(၄၂)ဌာနရှိ အာမခံအလုပ်သမားပေါင်း (၂၃၁၂၂)ဦးအတွက် ခွင့်ပြုငွေ ကျပ်သန်း(၅၃၄.၂)ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် အလုပ်ဌာန(၂၈)ဌာနအတွက် အလုပ်ဌာန (၅)ဌာနမှ အလုပ်သမား(၈၅၃၄)ဦးအတွက် ကျပ်သန်း(၁၅၈.၁)ကို (၁၄.၇.၂၀၂၀)ရက်နေ့တွင် ခွင့်ပြု ထုတ်ပေးမည်ဖြစ်သည့်အတွက်ထုတ်ပေးရန် ကျန်(၂၃)ဌာနရှိပါသည်။

အဆိုပါဌာနများအတွက် (၁၉)ဌာနအား နေပြည်တော်လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၏ (၁၀.၇.၂၀၂၀) ရက်နေ့တွင် ခွင့်ပြုစစ်ဆေးရေးဘုတ်အဖွဲ့အမှတ်(၄၉/၂၀၂၀)အရ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာရေးရန်ပုံငွေခွင့်ပြုမိန့်(L.C)ရရှိပါက ချက်ခြင်းခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထပ်မံ၍ ကျန်ဌာန (၄)ဌာနအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ % လျှောက်ထားစဉ်က Data အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိသည့်အတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ခွင့်ပြု ထုတ်ပေးသွားမည်ဖြစ်ပါသည်။

လူမှုဖူလုံရေး အထောက်အပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀% ထုတ်ပေးရန် သတ်မှတ်ချက်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- (၁၉.၄.၂၀၂၀)ရက်နေ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့ များဖြင့် စစ်ဆေးရန် သတ်မှတ်ထားသည့် အလုပ်ဌာနများဖြစ်ရန်၊
- (၂၀.၄.၂၀၂၀)ရက်နေ့မှ (၁၅.၅.၂၀၂၀)ရက်နေ့အထိ ကျွမ်းကျင်သူများပူးပေါင်းအဖွဲ့မှ စစ်ဆေးမည့်အစီအစဉ်အရ စောင့်ဆိုင်းကာလအတွင်း ပိတ်ထားသောအလုပ်ဌာနဖြစ်ရန်၊
- စစ်ဆေးရေးအဖွဲ့မှ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသည့်နေ့ထက်စော၍ ဖွင့်လှစ်ထားပါက ပြန်လည်ဖွင့်လှစ်သည့်နေ့အထိသာ ခံစားရန်၊
- စစ်ဆေးနေစဉ်တွင် ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ပါက စစ်ဆေးသည့်နေ့အထိသာ ခွင့်ပြု ရန်၊
- ကျွမ်းကျင်သူများ ပူးပေါင်းအဖွဲ့မှ စစ်ဆေးခွင့်ပြုချက်အရ Type A,Bကို ပြန်လည် ဖွင့်လှစ်ခွင့်ပြုသည့်နေ့အထိ အကျိုးခံစားခွင့်တွက်ချက်ရန် ရက်သတ်မှတ်ပေးပြီး၊ Type C အဖြစ် သတ်မှတ်ပေးထားသည့် စက်ရုံများသို့ နောက်ဆုံးစစ်ဆေးခဲ့သည့်ရက်မှ အများဆုံး (၅)ရက်အထိ ခွင့်ပြုခြင်း(သို့မဟုတ်) ပြန်လည်ဖွင့်လှစ်ခွင့်ပြုသည့်နေ့အထိ ခွင့်ပြုပေးရန်၊

- (၂၀.၄.၂၀၂၀)ရက်နေ့မှ (၁၅.၅.၂၀၂၀)ရက်နေ့အထိ Quarantine ခံစားထားသူများနှင့် မကျန်းမာမှုဆေးခွင့်ယူထားသော ကိုယ်ဝန်ဆောင်မိခင်များအား ၄၀% အစား၆၀% သာ ခံစားခွင့်ပေးရန်၊
- လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀% ထုတ်ပေးရန် လျှောက်ထားရာတွင်-
  - ➢ (၁/၂၀၂၀) ထည့်ဝင်ကြေးပေးသွင်းထားပြီး လက်ရှိအလုပ်လုပ်ကိုင်နေသော Contribution Excel စာရင်း
  - ➢ အချက်(၁၂)ချက်ပြည့်စုံစွာ ဖြည့်သွင်းထားသော လူမှုဖူလုံရေးထောက်ပံ့ ကူညီမှုအကျိုးခံစာခွင့်လျှောက်လွှာ
  - ➢ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အသိအမှတ်ပြုလက်မှတ်(သို့မဟုတ်)ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့မှ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသည့် အသိအမှတ်ပြုလက်မှတ်တို့ပါရှိရန်ဖြစ်ပါသည်။

အလုပ်ဌာနများ၏ လျှောက်ထားလျက်များ ပြည့်စုံမှုမရှိခြင်း၊ အချက်အလက်မှားယွင်းခြင်းတို့ကြောင့် ခွင့်ပြုထုတ်ပေးရန် တွက်ချက်ရာတွင် Program Errorများဖြစ်ပေါ်၍ နှောင့်နှေးကြန့်ကြာရခြင်းဖြစ်ပါကြောင်း၊ ပဲခူးမြို့နယ်ရုံးခွဲမှ လျှောက်ထားလာသော အလုပ်ဌာန (၇၀)ဌာနအနက် (၁၂.၇.၂၀၂၀)ရက်နေ့အထိ အချက်အလက်မပြည့်စုံခြင်းကြောင့် တွက်ချက်မရသော(၃)ဌာနနှင့် မူဝါဒအရ ခွင့်ပြုနိုင်ခြင်းမရှိသော အလုပ်ဌာန(၁)ဌာနသာ ကျန်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။
(၂၈)ဌာန အသေးစိတ်စာရင်းပူးတွဲလျက်)

**ပဲခူးမြို့ရှိ စက်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေးထောက်ပံ့ငွေ၄၀% မရရှိသေးသော အလုပ်ဌာနများစာရင်း**

| စဉ် | အလုပ်ဌာနအမည် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁ | Karisma Apparel Co.Ltd | (၁၄.၇.၂၀၂၀)ရက်နေ့တွင် ထုတ်ပေးမည်ဖြစ်ပါသည်။ | |
| ၂ | Pung KooK Myanmar | | |
| ၃ | Wealth Earth | | |
| ၄ | Myanmar New Hope | | |
| ၅ | P&K Internation Steel | | |
| ၆ | My Port Myanmar Garment | (၁၀.၇.၂၀၂၀)ရက်နေ့တွင် စိစစ်ခွင့်ပြုရေး ဘုတ်အဖွဲ့ (၄၉)အရ | |

| | | | |
|---|---|---|---|
| | | ခွင့်ပြုပြီးဖြစ်သဖြင့် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါသည် | |
| ၇ | အင်းလေးရှူးဖိနပ်စက်ရုံ | | |
| ၈ | Myanmar Raitai Electronics Co.Ltd | | |
| ၉ | Tato Enterprise Limited | | |
| ၁၀ | Shwe Yoma Star Co.Ltd | | |
| ၁၁ | Tanchong Motor Myanmar | | |
| ၁၂ | Yangon First Stationary Myanmar Manufacturing Co.Ltd | | |
| ၁၃ | MRTW ECHO Inspcetion Center | | |
| ၁၄ | Smooth World International Co.Ltd | | |
| ၁၅ | World Best Tranding | | |
| ၁၆ | Sudey Industriel Co.Ltd | | |
| ၁၇ | Golden Berg Plastic Co.Ltd | | |
| ၁၈ | Myanmar Carlsberg Co.Ltd | | |
| ၁၉ | Cobes Industries Co.Ltd | | |
| ၂၀ | Melody Global Co.Ltd | | |
| ၂၁ | ယန်စီကျန်အထည်ချုပ်စက်ရုံ | | |
| ၂၂ | Perfect Companion Co.Ltd | | |
| ၂၃ | စိန်ဟသ်ာ စားသောက်ကုန်လုပ်ငန်း | | |
| ၂၄ | PTK Garment | | |

| | | | |
|---|---|---|---|
| ၂၅ | Yongmay Footwear Co.Ltd | (၁/၂၀၂၀)၏ ငွေသွင်းထားသော Excel File တွင် အလုပ်သမား နံပါတ်များ မပါရှိခြင်း | (၁၃.၇.၂၀၂၀)ရက်နေ့တွင် ဘုတ်အဖွဲ့ဖြင့် ဆက်လက် စစ်ဆေးခွင့်ပြုထုတ်ပေးမည် ဖြစ်ပါသည် |
| ၂၆ | WIAWIS Co.Ltd | (၁/၂၀၂၀)၏ ငွေသွင်းထားသော Excel File တွင် အလုပ်သမား နံပါတ်များ မပါရှိခြင်း | |
| ၂၇ | Sunstar Garment | အလုပ်ရှင်နံပါတ် မှားယွင်းနေခြင်း | |
| ၂၈ | Tianjin Golden Mountain Co.Ltd | (၂/၂၀၂၀)လမှစ၍ အကျုံးတင်မှတ်ပုံတင်ထားခြင်း | သတ်မှတ်ချက်နှင့်မညီ၍ ခွင့်မပြုခြင်း |

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဗိုလ်မှူးကြီးနေဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (၃၀×၁၂၀) ပေ (၂)ထပ်ကျောင်းဆောင် (၁)ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးနေဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား ၁၉၇၅ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ ၂၀၁၄ခုနှစ်၊ မေလ(၅)ရက်နေ့တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် (၃၀X၁၂၀)ပေ စာသင်ဆောင် (နဝဒေး)(၁)ဆောင်၊ (၃၀X၁၂၀) ပေ (၂-ထပ်)စာသင်ဆောင်၊ (နတ်သျှင်နောင်) (၁)ဆောင်၊ (၁၇၈X၆၈)ပေ စာသင်ဆောင် (လှိုင်ထိပ်ခေါင်တင်) (၁)ဆောင်၊ စုစုပေါင်း(၃)ဆောင်ရှိပြီး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသား/ကျောင်းသူ မူလတန်း(၂၇၈)ဦး၊ အလယ်တန်း(၃၁၇)ဦးနှင့် အထက်တန်း(၄၉၃)ဦး စုစုပေါင်း(၁၀၈၀)ဦးတက်ရောက်ခဲ့ပါသည်။ လက်ရှိကျောင်းတွင် စာသင်ခန်းအဖြစ် အသုံးပြုနိုင်သော အခန်း(၂၄)ခန်းအား COVID-19 ရောဂါ ကာကွယ်ရေး စည်းမျဉ်းများအရ ကျောင်းခန်းတစ်ခန်းလျှင်

(၂၀)ဦးသာထားရှိမည်ဖြစ်ပါသဖြင့် ကျောင်းသား/ ကျောင်းသူ(၄၈၀)ဦးသာ ဝင်ဆံ့မည်ဖြစ်ပါသည်။ အဆိုပါ အထက်တန်းကျောင်းသို့ ဘောနတ်ကြီးကျေးရွာ၊ အဆိပ်တောင်ကျေးရွာ၊ သံစို့ပင်ကျေးရွာ၊ ဝင်းလှိုက်ကြီးကျေးရွာ၊ ဝင်းကရင်ကျေးရွာ၊ စစ်ပင်ဆိပ်ကျေးရွာ၊ ကင်းချောင်းကျေးရွာ လက်ပန်ခုံကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ဝင်္ဘောဘ်ကျေးရွာ၊ ဝံကိုက်လျှိုကျေးရွာ၊ မုဒ်ရှစ်ဝကျေးရွာတို့မှ ကျောင်းသား/ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းခန်းလုံလောက်မှု မရှိပါသဖြင့် ကျောင်းဧရိယာ(၅.၉၆)ဧကအတွင်း အလျား၃၀Xအနံ၁၂၀ပေရှိ (၂)ထပ် ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကျောင်းသားနှင့် ကျောင်းဆရာ အချိုးညီမျှမှုရှိစေရန် တာဝန်ရှိအဖွဲ့အစည်းဝင်များမှ ပြည်ထောင်စုအဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆရာအချိုး မမျှမတရှိနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် မိုးညိုမြို့နယ်ရှိ ဖန်ခါးပင်ကျေးရွာ အထက်တန်းကျောင်းခွဲတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အထက်တန်းပြဆရာ/ဆရာမ(၇)ဦးဖြင့် သင်ယူမှု၊ သင်ကြားမှုများကို လည်ပတ်နိုင်ခဲ့ပါသည်။

ထိုမှ ကျောင်းဆရာ/မများ တစ်ယောက်ပြီးတစ်ယောက် ပြောင်းရွှေ့သွားရာ ယခုဆိုလျှင် Physicsသင် အထက်တန်းပြ ဆရာမတစ်ဦးသာ ကျန်ရှိတော့သည်။ ယင်းအခြေအနေကို မျက်ဝါးထင်တွေ့ရှိနေကြသော ကျောင်းသားမိဘများသည် ၎င်းတို့သားသမီးများ၏ ပညာရေးအခြေအနေကို စိုးရိမ်လာကြပြီး နီးစပ်ရာကျောင်းများသို့ ပြောင်းရွှေ့အပ်နှံလာကြပါသည်။ မိဘများနှင့် ဒေသခံပြည်သူများ၏ ယုံကြည်မှုကို လျော့ကျစေပါသည်။

ဖြစ်သင့်သည်မှာ သက်ဆိုင်ရာကျောင်းများမှ ပြောင်းရွှေ့မည့် ဝန်ထမ်းနေရာကို အစားထိုးဖြည့်တင်းရောက်ရှိလာမည့် ဝန်ထမ်းရောက်ရှိလာမှသာ ပြောင်းရွှေ့ပေးမည်ဆိုလျှင် လုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပါသည်။

၎င်းဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းဝင်များက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် အကျေအလည်တင်ပြညှိနှိုင်းဆွေးနွေးသင့်ပါသည်။ ထိုသို့ မဟုတ်လျှင် ပြည်ထောင်စုမှတိုင်း၊ တိုင်းမှခရိုင်၊ ခရိုင်မှမြို့နယ်ရှိ ဝန်ထမ်းများသာ ဖိအားအမျိုးမျိုးပေးတာခံရပြီး ဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် ပျော်ရွှင်စွာဆောင်ရွက်လိုစိတ်များကိုပါ ထိခိုက်လာစေပါသည်။

သို့ပါ၍ အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းကျောင်းများရှိ ဝန်ထမ်းနှင့် ကျောင်းသားအချိုးမျှတမှုရှိစေရန် တိုင်းအဆင့်အဖွဲ့အစည်းဝင်များမှ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ဗိုလ်မှူးကြီးနေဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (၃၀×၁၂၀) ပေ (၂)ထပ်ကျောင်းဆောင် (၁)ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားအင်အားမှာ မူလတန်းဆင့်တွင် (၂၇၈)ဦး၊ အလယ်တန်းဆင့်တွင် (၃၁၇)ဦး၊ အထက်တန်းဆင့်တွင် (၄၃၉)ဦး၊ စုစုပေါင်း(၁၀၈၀)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(-) ဦး၊ အထက်တန်းပြ(၁၄)ဦး၊ အလယ်တန်းပြ (၁၀)ဦး၊ မူလတန်းပြ (၆)ဦး၊ စုစုပေါင်း (၃၀)ဦးရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၁၂၀X ၃၀)ပေ သွပ်မိုး၊အုတ်ညှပ်(၁)ထပ်(နဝဒေးဆောင်)၊ (၁၄၀X၃၀)ပေ (၂)ထပ် (နတ်သျှင်နောင်ဆောင်)၊ (၁၇၈X၈၆)ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် (လှိုင်ထိပ်ခေါင်တင်ဆောင်)၊ (၁၂X၂၄)ပေ မြေစိုက်တိုးချဲ့ (၁)၊ (၁၂X၂၄)ပေ မြေစိုက်တိုးချဲ့(၂)၊ စုစုပေါင်း (၅)ဆောင်ရှိပါသည်။ (စာသင်ဆောင်အလိုက် စာသင်ခန်းအခြေအနေမှာပူးတွဲပါအတိုင်းဖြစ်ပါသည်။)

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေအရ တိုးချဲ့ဆောင် (၁၂၀X၃၀) ပေ၊ Steel Structure (၁)ထပ်ဆောင်အား ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘောနတ်ကြီးရွာရှိ အခြေခံပညာအထက်တန်းကျောင်း**
**စာသင်ဆောင်အလိုက် စာသင်ခန်းအခြေအနေ**

| စဉ် | အတန်း | ကျောင်းသားဦးရေ | တန်းခွဲ | စာသင်ဆောင် | ကျောင်းသား စာသင်ခန်းအချိုး |
|---|---|---|---|---|---|
| ၁ | KG | ၄၅ | ၁ | (၁၇၈X၈၆) သွပ်မိုး၊ အုတ်ညှပ်၊ (၁)ထပ် (၂၀၀၆) | ၁:၄၅ |
| ၂ | G-1 | ၅၂ | ၁ | | ၁:၅၂ |
| ၃ | G-2 | ၄၆ | ၁ | | ၁:၄၆ |
| ၄ | G-3 | ၆၈ | ၁ | | ၁:၆၈ |
| ၅ | G-5 | ၆၇ | ၁ | | ၁:၇၈ |
| ၆ | G-6 (စနစ်သစ်) | ၇၈ | ၂ | | ၁:၃၉ |

| | | | | | |
|---|---|---|---|---|---|
| ၇ | G–11 (ဝိဇ္ဇာ) | **၃၃** | **၁** | | ၁:၃၃ |
| ၈ | G–9 | **၁၂၇** | **၂** | (၁၂၀X၃၀) ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ (၁)ထပ် (၂၀၁၄) | ၁:၆၃ |
| ၉ | G–11 | **၁၉၅** | **၄** | (၁၄၀X၃၀ ) ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ (၂)ထပ် | ၁:၄၈ |
| ၁၀ | G–10 | **၁၄၀** | **၂** | | ၁:၇၀ |
| ၁၁ | G–6 (စနစ်ဟောင်း) | **၅၁** | **၁** | | ၁:၅၁ |
| ၁၂ | G–8 | **၆၁** | **၁** | | ၁:၆၁ |
| ၁၃ | G–10(C) | **၅၅** | **၁** | (၁၂X၂၄) ပေ၊ တိုးချဲ့(၁) | ၁:၅၅ |
| ၁၄ | G–10 (A) | **၆၂** | **၁** | (၁၂X၂၄) ပေ၊ တိုးချဲ့(၂) | ၁:၆၂ |
| | **စုစုပေါင်း** | **၁၀၈၀** | **၂၀** | | **၁:၅၄** |

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကျောင်းသားနှင့် ကျောင်းဆရာ အချိုးညီမျှမှုရှိစေရန် တာဝန်ရှိအဖွဲ့အစည်းဝင်များမှ ပြည်ထောင်စုအဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ အခြေခံပညာ ကျောင်းများတွင် အထက်တန်းပြများခန့်ထားရာ၌ အထက(ခွဲ)ကျောင်းများတွင် အထက်တန်းပြ ဆရာ(၉)ဦး၊ အထကကျောင်းများတွင် ကျောင်းသားဦးရေ (၂၀၀)အောက်ရှိပါက အထက်တန်းပြ ဆရာ (၉)ဦး၊ ကျောင်းသားဦးရေ (၂၀၀) မှ (၃၀၀)အထိရှိပါက အထက်တန်းပြဆရာ (၁၂)ဦး၊ (၃၀၀) အထက်ရှိပါက [ ၁၂ + (အထက်တန်းဆင့် ကျောင်းသား ပေါင်း – ၃၀၀) ÷ ၄၀ ]အရလည်းကောင်း၊ ဘာသာရပ်အလိုက် ကိုက်ညီမှုရှိစေရန် ခန့်ထားဆောင်ရွက်လျက်ရှိပါသည်။

ဆရာပိုနေသော ကျောင်းများတွင် ပြောင်းရွှေ့၊ ပင်စင်၊ နုတ်ထွက်သွားသောအခါ ၎င်းနေရာ များတွင် ဆရာပြန်ခန့်ထားခြင်းမပြုဘဲ ဆရာလိုအပ်နေသော ကျောင်းများ၌ ကျောင်းသားဆရာ အချိုးညီမျှမှုရှိစေရန် အခြေခံပညာဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း BEd သင်တန်းဆင်းများ၊ M.A, M.Sc ဘွဲ့ရများ၊ ဌာနတွင်း BEd ပထမနှစ်၊ ဒုတိယနှစ်တက်ဆဲ မူအုပ်၊ လယ်ပြများကို အထက် တန်းပြများအဖြစ် ရာထူးတိုးမြှင့်၍ အထက်တန်းပြလိုအပ်ချက် လျော့နည်းအောင် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ တင်ပြသောကျောင်းနှင့် အခြားလိုအပ်ချက်ရှိသော ကျောင်းများအတွက် ထက်ပြ လစ်လပ်မှုစာရင်းကို လစဉ်အလိုက် ပြည်ထောင်စုဝန်ကြီးဌာနသို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါ ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

# ကျောင်းသားဦးရေ ဆရာလိုအပ်ချက် တွက်ချက်မှုစာရင်း

## အထက်တန်းပြဆရာ လိုအပ်မှု

| စဉ် | ကျောင်းအဆင့် | ကျောင်းသားဦးရေစံနှုန်း | ဆရာလိုအပ်မှု |
|---|---|---|---|
| ၁ | အထက | ကျောင်းသား(၃၀၀)အထက် | (၁၂+(ထက်ဆင့်ကျောင်းသားပေါင်း-၃၀၀) ÷၄၀)ဦး |
| | | ကျောင်းသား(၂၀၀-၃၀၀)အထိ | ၁၂ဦး |
| | | ကျောင်းသား(၃၀၀)အထက် | ၉ဦး(မ၊အ၊သ၊ခ၊ဓ၊ရ၊ပ၊ဇ၊ဘ၊ဂ၊သမ၊ပ) |
| ၂ | အထက(ခွဲ) | | ၉ဦး(မ၊အ၊သ၊ခ၊ဓ၊ရ၊ပ၊ဇ၊ဘ၊ဂ၊သမ၊ပ) |

## အလယ်တန်းပြဆရာ လိုအပ်မှု

| စဉ် | ကျောင်းအဆင့် | ကျောင်းသားဦးရေစံနှုန်း | ဆရာလိုအပ်မှု |
|---|---|---|---|
| ၁ | အထက၊ထ(ခွဲ)၊အလက | ကျောင်းသား(၂၃၀)အထက် | (၇+(လယ်ဆင့်ကျောင်းသားပေါင်း-၂၃၀) ÷၄၀)ဦး |
| | | ကျောင်းသား(၂၃၀)အောက် | ၇ဦး (မ၊အ၊သ၊ခ၊သပ၊ ပ၊သမ) |
| ၂ | အလက(ခွဲ) | | ၅ဦး (မ၊အ၊သ၊ခ၊သပ၊ ပ+သမ |
| ၃ | မူလွန် | | ၃ဦး (မ+သမ၊အ+ပ၊သခ+သပ) |

## မူလတန်းပြဆရာ လိုအပ်မှု

| စဉ် | ကျောင်းအဆင့် | ကျောင်းသားဦးရေစံနှုန်း | ဆရာလိုအပ်မှု |
|---|---|---|---|
| ၁ | အထက၊ထ(ခွဲ)၊အလက | ကျောင်းသား(၁၂၀)အထက် | (၅+(မူဆင့်ကျောင်းသားပေါင်း-၁၂၀) ÷၄၀)ဦး |
| | | ကျောင်းသား(၅၅-၁၂၀) | ၅ဦး |
| | | ကျောင်းသား (၅၅)အောက် | ၄ဦး |
| ၂ | အလက(ခွဲ)၊မူလွန်၊အမက | ကျောင်းသား(၁၂၀)အထက် | (၄+(မူဆင့်ကျောင်းသားပေါင်း-၁၂၀) ÷၄၀)ဦး |
| | | ကျောင်းသား(၅၅-၁၂၀) | ၄ဦး |
| | | ကျောင်းသား (၅၅)အောက် | ၃ဦး |
| ၃ | အမက(ခွဲ) | | ၂ဦး |

**ဗိုလ်မှူးကြီးနေဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်မှူးကြီးနေဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဝန်ကြီး အနေနဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၁)ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးမယ်လို့ လျာထားပြီးဖြစ်ကြောင်း ဖြေကြားပါတယ်။ သို့သော် ဒီကျောင်းဟာ မြေရှားပါးတဲ့နေရာ ဖြစ်ပါတယ်။ (၅၁၀)ပေပဲရှိတော့ တကယ်လို့များ ဒီဘဏ္ဍာရေးနှစ်မှာ ကျောင်းသားလိုအပ်ချက်လည်း တကယ်ရှိ တာဖြစ်တဲ့အတွက် (၁)ထပ်ကျောင်းဆောင်အစား (၂)ထပ်ကျောင်းဆောင်လုပ်မည်ဆိုရင် ကုန်ကျ စရိတ်လည်း ခြွေတာပြီးသားဖြစ်တဲ့အတွက် ဒီဘဏ္ဍာရေးနှစ်မှာ (၂)ထပ်ကျောင်းဆောင်ကို ပြန်လည် ပြီးတော့ လျာထားပေးဖို့ဖြစ်နိုင်/မဖြစ်နိုင် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဗိုလ်မှူးကြီးနေဝင်းအောင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် အကြောင်းအရာကို ဖြေကြားရမယ်ဆိုရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာဆိုတာက အဲ့ ဘဏ္ဍာနှစ်က မကြာခင်ရောက်တော့မှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ကတည်းမှာကတည်းက ဒီဘဏ္ဍာ ငွေနဲ့ပတ်သက်လို့ လျာထားတာတွေ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ယခုအချိန်မှာ ဒါကို (၁)ထပ် ကျောင်းဆောင်ကနေ (၂)ထပ်ကျောင်းဆောင်အဖြစ်ဆိုတာ တိုးချဲ့ဖို့အတွက် ဘဏ္ဍာငွေအနေအထား အရ မဖြစ်နိုင်တော့တာဖြစ်ပါတယ်။ နောက်ထပ်တကယ်လို့များ လိုအပ်လာမယ်ဆိုရင် နေရာရှိသေး ရင်တော့ ကျောင်းကနေပြီး ထပ်ဆင့်ပြီးတင်ပြပေးဖို့ လိုအပ်ပါလိမ့်မယ်ရှင်၊ ဒါကြောင့် ကျောင်းအုပ် ဆရာကြီးအနေဖြင့် တင်ပြပေးဖို့ ထပ်မံတိုက်တွန်းပေးစေလိုပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်တွင် မေးမြန်းသော မေးခွန်းများနှင့်ပတ်သက်၍ စာဖြင့်ဖြေကြားရန်ရှိသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးစီးသည့်နေ့မှ (၁၀)ရက်အတွင်း လွှတ်တော် သို့ ပြန်လည်ပေးပို့ ဖြေကြားပေးရန် ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာ(၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။လွှတ်တော်ကိုယ်စားလှယ်များ၏ တင်သွင်းမေးမြန်းခဲ့သည့် အဆို/မေးခွန်းများအပေါ် ကိုယ်စားပြုတာဝန်ယူဖြေကြားပေးသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပိုမိုတိကျမှန်ကန်သည့် စာရင်းဇယားများ စာရွက်စာတမ်းများ အထောက်အထားများဖြင့် ဖြေဆိုရန်နှင့် ကတိကဝတ်ပြုပြီး အဆို/မေးခွန်းများအား လျင်မြန်စွာအကောင်အထည်ဖော်ရေး တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့အနေဖြင့် လွှတ်တော်၌ မေးခွန်းများကို လာရောက်ဖြေဆိုရာတွင် တိကျရှင်းလင်းစွာဖြေဆိုရန်နှင့် အဆုံးသတ်ဖြေရှင်းရာ၌ သိသာထင်ရှားသည့် အကြောင်းပြချက်များပါရှိအောင် ထည့်သွင်းဖြေဆိုနိုင်ရေး တိုက်တွန်းသွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက်နိုင်မှုမရှိပါကလည်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဖြေဆိုသွားမည်ဖြစ်ကြောင်း တိုက်တွန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြုခဲ့သည့် အဆို/မေးခွန်းများနှင့်ပတ်သက်၍ အစည်းအဝေးများ၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းများတွင် လာရောက်ဖြေကြားရာ၌ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်စားလာရောက်ဖြေဆိုပါကလည်း ဖြေဆိုမည့်ဝန်ကြီးမှ တာဝန်ယူ၊ တာဝန်ခံမှုရှိစွာဖြင့် ဖြေဆိုနိုင်ရေး တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့အနေဖြင့် လွှတ်တော်အစည်းအဝေး၏ အဆို/မေးခွန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော

မေးမြန်းဆွေးနွေးပွဲများတွင် လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ စာဖြင့်ပြန်လည်ပေးပို့ဖြေကြားပါမည်ဟု ကတိပြုခဲ့ပါက လွှတ်တော်အစည်းအဝေး၊ မေးမြန်းဆွေးနွေးပွဲများ ပြီးဆုံးပြီးနောက် (၇) ရက်အတွင်း တိကျစွာဖြေဆို၍ လွှတ်တော်သို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့သည် လွှတ်တော်တွင် အဆို/မေးခွန်းများ လာရောက်ဖြေဆိုရာတွင် မူလပေးပို့ထားသော ဖြေကြားချက်နှင့် အစည်းအဝေးအတွင်း လာရောက်ဖြေဆိုမှုများ ကွဲလွဲမှုမရှိစေရန် ကတိပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဖြေဆိုချက်များကို ပြင်ဆင်မည်ဆိုပါကလည်း လွှတ်တော်ရုံးသို့ အချိန်မီပေးပို့နိုင်ရေး တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်၏ ဆက်သွယ်ဆောင်ရွက်မှုများ၊ အဆို/မေးခွန်း ဖြေဆိုမှုများ၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးပွဲများတွင် ဖြေဆိုမှုများနှင့် ပတ်သက်၍ ဝန်ကြီးများအား အလျဉ်းသင့်သလိုကိုယ်စားဖြေကြားစေခြင်းများမှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွင် အားနည်းမှုမရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအား သီးခြားတာဝန်ပေးအပ်ရန် တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ(၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် မြေယာအငြင်းပွားမှုကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသို့ လိပ်မူ၍လည်းကောင်း၊ မိတ္တူပေးပို့ခြင်းဖြင့်လည်းကောင်း လက်ခံရရှိလာသော တိုင်ကြားစာများနှင့်

စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်ခြင်း၊ အင်းလေလံများ မှန်ကန်အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကြီးကြပ်ခြင်း၊ ကော်မတီနှင့်ပတ်သက်သော ဘတ်ဂျက်များကို စိစစ်ဆောင်ရွက်ခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်နိုင်ရန် ရည်ရွယ်လျက် ဌာနနှင့်ညှိနှိုင်းပေါင်းစပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူအများစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပေါ် မှီခိုအားထားရသည့် ကျေးလက်နေတောင်သူများဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးလုပ်ငန်းများ ခေတ်မီနည်းစနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေး၊ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် မွေးမြူခြင်း၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- မြေယာကိစ္စများနှင့်စပ်လျဉ်း၍ ပုံစံ(၇)ထုတ်ပေးမှု၊ တပ်သိမ်းမြေကိစ္စများ၊ မြေယာမှုခင်းကြန့်ကြာမှု၊ နစ်နာဆုံးရှုံးမှုစသည်ဖြင့် အငြင်းပွားမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများအပေါ် ကော်မတီ၏သဘောထားမှတ်ချက်ရယူပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြ၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။
- မြေယာမှုခင်းများဖြေရှင်းမှုကြန့်ကြာခြင်း၊ မြေနေရာပိုင်ဆိုင်မှု အငြင်းပွားခြင်းများအတွက် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်သို့ ဆက်သွယ်ခြင်း၊ ခေါ်ယူညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ကော်မတီမှ ဘတ်ဂျက်စိစစ်ရမည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ၂၀၂၀–၂၀၂၁ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း(လျာထား) တောင်းခံမှုအား ကော်မတီမှ စိစစ်၍ ဌာနများနှင့် ညှိနှိုင်းအတည်ပြုခဲ့ပါသည်။
- ရာသီအလိုက် စိုက်ပျိုးသော စပါးနှင့်သီးနှံများ စိုက်ပျိုးရေလုံလောက်စွာရရှိရန် အလို့ငှာ တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ (WUG) ဖွဲ့စည်းပုံ (မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၂.၁.၂၀၂၀)ရက်စွဲပါစာဖြင့် ပေးပို့ခြင်းအပေါ် ကော်မတီမှ ဆွေးနွေးဆုံးဖြတ်၍ အကြံပြုချက်များအား (၁၀.၇.၂၀၂၀)ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။

**ကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ တောင်သူလယ်သမားတို့၏အခွင့်အရေးများ ဖော်ဆောင်ရန်အတွက် ၂၀၁၂ လယ်ယာမြေဥပဒေ လ/ယ (၃၀)ဖြင့် ကန့်သတ်ထားသောကြောင့် လယ်ယာမြေပေါ်တွင် မွေးမြူရေးလုပ်ငန်း၊ သီးနှံပြောင်းလဲစိုက်ပျိုးခြင်းလုပ်ငန်း လုပ်လိုသည့် တောင်သူလယ်သမားများအတွက် အကန့်အသတ်များ၊ အခက်အခဲများ ကြုံတွေ့ရသည်ကို ကူညီဖြေရှင်းပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။
- လယ်ယာမြေကိစ္စအငြင်းပွားမှုများအပေါ် တိုင်ကြားစာများ လျော့နည်းမှုမရှိခြင်းမှာ တိုင်ကြားစာများ၏ အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်တင်ပြမှုများကို အထက်အဆင့်ဆင့်မှ ပြီးပြတ်အောင် ဆောင်ရွက်မှုအားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါအချက်များအား အကြံပြုတိုက်တွန်းအပ်ပါသည်–

- မြေယာပြဿနာများအား ယခုထက် ပိုမိုထိရောက်မြန်ဆန်သော ဖြေရှင်းပေးမှုများ ပြုလုပ်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်နှင့် လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်သို့ တွန်းအားပေးဆောင်ရွက်ပေးရန်၊
- အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဥပဒေအား ရေးဆွဲခဲ့ပြီးဖြစ်သော်လည်း အကျိုးတူပူးပေါင်းစိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်လိုသော ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာရေးဖော်ဆောင်ပေးရန်၊
- မြေယာပြဿနာများနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဝင်စာ/ထွက်စာများ စနစ်တကျ ထားရှိခြင်း မရှိသည်ကိုတွေ့ရှိရပြီး ဝင်စာ/ထွက်စာများအပေါ် ဆောင်ရွက်ချက်များ နှောင့်နှေးကြန့်ကြာနေမှုများမရှိစေရေး ဆောင်ရွက်ပေးရန်၊
- သဘာဝဘေးအန္တရာယ်ကျရောက်၍ ပျက်စီးသောဆည်မြောင်းတာတမံများအား (Urgent Response) ချက်ချင်းတုန့်ပြန်အရေးယူ ဆောင်ရွက်ရန်၊

- သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးသော စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးစပါးနှင့် အခြားလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးရန်၊
- ဆည်ရေသောက်တောင်သူများအတွက် နွေးစပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ၎င်းတို့၏ လယ်ယာမြေများအရောက် လက်တံမြောင်းများ၊ ရေသွယ်မြောင်းများကို အဆင့်ဆင့် စနစ်တကျ ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးရန်၊

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ အောက်ဖော်ပြပါအချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်–

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၆.၄.၂၀၂၀)ရက်စွဲပါ စာအမှတ် ၆ / ၃ – ၇ / ဦး ၆ (၀၃၆၆၈)ဖြင့် ပေးပို့ခဲ့သော ၁/၂၀၁၈ ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေနှင့် ၁/၂၀၁၉ဖြင့် အတည်ပြုပြီးသော ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေတို့၏ ၂၀၁၉–၂၀၂၀ခု လုပ်ငန်းရာသီနှစ်အတွက် ဂရန်အင်းများ လေလံတင်ရောင်းချခြင်း၊ တင်ဒါချက်များအား အိတ်ဖွင့်တင်ဒါရောင်းချခြင်းအတွက် ကြုံတွေ့ရသည့် အခက်အခဲများ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံ၍ ၂၀၁၈ ရေချိုငါးလုပ်ငန်းဥပဒေနှင့် ပတ်သက်၍ ပြင်ဆင်ရန် အကြံပြုချက်(၈)ချက်၊ ၂၀၁၉ ခုနှစ် ရေချိုငါးလုပ်ငန်းနည်းဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်ရန် အကြံပြုချက်(၅)ချက်၊ လေလံကြော်ငြာပါ စည်းကမ်းချက်များနှင့် ပတ်သက်၍ ပြင်ဆင်ရန် အကြံပြုချက် (၃)ချက် တို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီတို့ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။
- ထို့အပြင် ကော်မတီမှ စိစစ်ခွင့်ပြုခဲ့သည့် ငွေလုံးငွေရင်းခွင့်ပြုငွေမှ ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်း၊ လုပ်ငန်းသုံးစက်ပစ္စည်း၊ အခြားဖွံ့ဖြိုးမှုလုပ်ငန်းများအား အခါအားလျော်စွာ ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ အထူးသဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရန် လိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းလုပ်ငန်းများကို ခေတ်နှင့်အညီ တောင်သူများလိုက်ပါဆောင်ရွက်နိုင်ရေး၊ သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ မူလပိုင်ရှင်များထံ အမြန်ရရှိရေးတို့ကို

သက်ဆိုင်သူများနှင့် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(သတ္တမနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို (၁၁:၅၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ၂၀၂၀ပြည့်နှစ် ဇူလိုင်လ(၂၉)ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်းကြေညာပါတယ်။

**[သြဘာသံများ ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း
# ၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
# [ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (သတ္တမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်း ဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၀.၂၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက် ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄

ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (သတ္တမနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိ ပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (သတ္တမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊

ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၉-၇-၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းတို့(၁၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၅ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ် နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ကျီးတောရွာသို့ ဆက်သွယ်ထားသော ကျီးတောသစ်သားတံတား အလျား ၄၀ပေ အမြင့် ၁၅ ပေ အနံ ၁၅ပေမှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သောကြောင့် ၎င်းတံတားအား အသစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ**"နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ကြပ်ပြို- ရှားဇီးဘို-ဖန်ခါးပင်ကျေးရွာများသို့ ဆက်သွယ်ထားသော ကြပ်ပြိုသစ်သားတံတား အလျား ၃၀ပေ အမြင့် ၁၃ ပေ အနံ ၁၅ပေ မှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီ ဖြစ်သောကြောင့် ၎င်းတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပန်းတောင်းမြို့နယ်၊ ကျီးတော အုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကျီးတောရွာသို့ ဆက်သွယ်ထားသော ကျီးတောသစ်သားတံတား မှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သောကြောင့် ၎င်းတံတားအား အသစ်ပြန်လည်ဆောက် လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကျီးတောရွာသို့ ဆက်သွယ်ထားသော ကျီးတော သစ်သားတံတားမှာ နှစ်ကာလအားဖြင့် (၁၉၈၅)ခုနှစ်တွင် ဆောက်လုပ်ထားသော နှစ်ပေါင်း(၃၅)နှစ် ကြာမြင့်ပြီ ဖြစ်သောကြောင့် တံတားမှာ ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်ပါသည်။ ၎င်းတံတားအား

အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုများ အဆင်ပြေချောမွေ့နိုင်ပါသည်။ ယခုလက်ရှိ တံတားအလျား (၄၀')၊ အမြင့် (၁၅')၊ အနံ (၁၅') အဖြစ် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကျီးတောရွာသို့ ဆက်သွယ်ထားသော ကျီးတောတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကြပ်ပြို-ရှားဇီးဘို-ဖန်ခါးပင်ကျေးရွာများသို့ ဆက်သွယ်ထားသော ကြပ်ပြိုသစ်သားတံတားမှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သောကြောင့် ၎င်းတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကြပ်ပြို-ရှားဇီးဘို-ဖန်ခါးပင်ကျေးရွာများသို့ ဆက်သွယ်ထားသော ကြပ်ပြိုသစ်သားတံတားမှာ နှစ်ကာလအားဖြင့် နှစ်ပေါင်း(၃၀)နှစ် ကြာမြင့်ပြီဖြစ်သောကြောင့် တံတားမှာ ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်ပါသည်။ ယခုလက်ရှိတံတားအလျား (၃၀')၊ အမြင့် (၁၃')၊ အနံ (၁၅')အဖြစ် အသုံးပြုလျက်ရှိပါသည်။ ၎င်းတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုများ ပိုမိုအဆင်ပြေချောမွေ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာကားလမ်းမကြီးမှ ကြပ်ပြို- ရှားဇီးဘို-ဖန်ခါးပင်ကျေးရွာများသို့ ဆက်သွယ်ထားသော ကြပ်ပြိုသစ်သားတံတားအား အသစ်ပြန်လည် ဆောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် မေးမြန်းသည့် **"ပန်းတောင်း မြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ကျီးတောရွာသို့ ဆက်သွယ်ထားသော ကျီးတောသစ်သားတံတား အလျား ၄၀ပေ အမြင့် ၁၅ ပေ အနံ ၁၅ပေမှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီ ဖြစ်သောကြောင့် ၎င်းတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန်**

**အစီအစဉ်ရှိ/မရှိ**”နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်မုံရွာလမ်းမှ ကျီးတောကျေးရွာသို့ ဆက်သွယ်သော ကျီးတောသစ်သားတံတားသည် (၄ဝ’x၁၂’x ၁၅’)အတိုင်းအတာရှိသည့် တံတားတစ်စင်းဖြစ်၍ Class (A)အဆင့်ရှိပြီး အဆိုပါ တံတားအား (၄ဝ’x၂ဝ’) သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁ဝဝ)သန်း ကုန်ကျမည်ဖြစ်ပြီး ၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားခဲ့ခြင်းမရှိပါ၍ လက်ရှိအစိုးရသက်တမ်းတွင် လုပ်ဆောင်နိုင်ခြင်းမရှိပါကြောင်းနှင့် ယခုလို ဟောင်းနွမ်းနေသောတံတားကို လမ်းဦးစီးဌာနနှင့် သေချာကြည့်ပြီး အန္တရာယ်ရှိမယ့်ဟာ၊ လိုအပ်နေသည့်ဟာကို ရန်ပုံငွေလျာထားချက်အပေါ် မူတည်ပြီး လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒုတိယမေးခွန်းဖြစ်တဲ့**“ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ကြပ်ပြို-ရှားဇီးဘို-ဖန်ခါးပင် ကျေးရွာများသို့ ဆက်သွယ်ထားသော ကြပ်ပြိုသစ်သားတံတား အလျား၃ဝပေ အမြင့် ၁၃ ပေ အနံ ၁၅ပေ မှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီ ဖြစ်သောကြောင့် ၎င်းတံတားအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ပုသိမ်မုံရွာလမ်းမှ ကြပ်ပြို-ရှားဇီးဘို-ဖန်ခါးပင် ကျေးရွာများသို့ ဆက်သွယ်သော ကြပ်ပြိုသစ်သားတံတားသည် လွန်ခဲ့သောနှစ်ပေါင်း (၁၅)နှစ်ခန့်က တည်ဆောက်ခဲ့သည့် (၂၈’x ၁၅’ x၁၅’) အတိုင်းအတာရှိသည့် တံတားတစ်စင်းဖြစ်ပြီး Class (A) အဆင့်ရှိ ကျေးလက်လမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားတံတားအား (၃ဝ’ x၂ဝ’)သံကူ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန်သတ်မှတ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၇၅)သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားပြီးဖြစ်ပါ၍ လက်ရှိအစိုးရသက်တမ်းတွင် လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါ။ သို့သော် သက်တမ်းကတော့ (၁၅)နှစ်ရှိပါပြီ။ ဒီအပေါ်မှာ ကြည့်ပြီးတော့ Class (A) က ဦးစားပေးလမ်းဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးရှင့်-ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးရှင့်- ဝန်ကြီး ဖြေကြားသွားတာ လက်ရှိအစိုးရသက်တမ်းအတွင်းမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါဘူးလို့ပဲ ဖြေသွားပါတယ်။ နောက်တစ်ခုကတော့ ကျွန်မကို ပေးထားတဲ့ အဖြေစာရွက်နဲ့ သူနောက်ဆုံးပြောခဲ့ တဲ့စကားက လက်ရှိဖြစ်ပေါ်နေတဲ့ ဒီတံတားရဲ့ အခြေအနေကို ဌာနတွေကို သွားရောက်ကြည့်ရှုခိုင်း ပြီးတော့ ရန်ပုံငွေတင်ပြတောင်းခံပေးသွားမယ်ဆိုတဲ့ စာကြောင်းကတော့ ကျွန်မထံပေးထားတဲ့ အဖြေစာထဲမှာ ပါလာခြင်းမရှိပါဘူး။ နောက်တစ်ခုက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က လွှတ်တော်ရဲ့တာဝန်ကို ထမ်းဆောင်နေတဲ့အချိန်မှာ မျက်တောင်မွေးတစ်ဆုံးကို ကြည့်လို့မရဘူး။ မျက်စိတစ်ဆုံးရှေ့ကိုလည်း အများကြီး မျှော်ကြည့်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ ဒီလိုမေးခွန်းတွေကို လွှတ်တော်မှာ မေးမြန်းတယ်ဆိုတာ ကတိကဝတ်ရရင် နောက်ထပ်သက်တမ်းမှာ ဒီနေရာကို ရောက်ရှိလာမယ့် လွှတ်တော်ကိုယ်စားလှယ်တွေက ဒီကတိကဝတ်တွေကို အကောင်အထည် ဖော်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘဲနဲ့ အခုလို စကားကို ယတိပြတ်ကြီးလုပ်ပြီးတော့ ဒီအစိုးရ သက်တမ်းမှာ မလုပ်ပေးနိုင်ဘူးဆိုတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီမေးခွန်းမေး ရခြင်း၏ ရည်ရွယ်ချက်တွေ ပျောက်ဆုံးကုန်တယ်လို့ ကျွန်မအနေနဲ့ ခံစားမိတယ်၊ ထင်မြင်မိတယ်။ ဒါကြောင့်မို့ ဝန်ကြီးအနေနဲ့ ဖြေကြားခြင်းအပေါ်မှာ ကျွန်မအနေနဲ့ သဘောမတွေ့တဲ့အကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးကို တစ်ဆက်တစ်စပ်တည်း ပြောကြားချင်ပါတယ်။ နောက်တစ်ခုကတော့ လက်ရှိဌာနတွေက သွားရောက်ပြီး ရန်ပုံငွေလျာထားပေးမယ်ဆိုတော့ ကျွန်မတို့က ဒီမေးခွန်းမေးတဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာငွေ လျာထားမပေးနိုင်ပါဘူး။ ဘဏ္ဍာငွေလျာထားပြီးဖြစ်လို့ ဒီလျာထားမပေး နိုင်တာကို လွှတ်တော်ကိုယ်စားလှယ်တိုင်း သိပါတယ်။ ကျွန်မတို့မေးတာက ၂၀၂၁-၂၀၂၂ မှာ ဘဏ္ဍာငွေလျာထားပေးနိုင်မှာလားလို့ မေးတာလည်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ကြီးဖြေ တဲ့အထဲမှာ လမ်းဦးစီးဌာနကသွားပြီးတော့ ရန်ပုံငွေလျာထားပေးမယ်ဆိုတော့ လမ်းဦးစီးမဟုတ် ပါဘူး။ ကျေးလက်လမ်းပါ။ ရန်ပုံငွေလျာထားမယ်ဆိုရင် သွားပြီးကြည့်မယ်ဆိုတာ ဘယ်တော့လဲ ဒါတွေ ဘယ်လို လုပ်ပေးမလဲဆိုတာလေး ၂၀၂၁-၂၀၂၂ မှာ ပါနိုင်လား/ မပါနိုင်ဘူးလား ဆိုတာကို ကျွန်မသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ပပဟန် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော် ဖြေကြားခဲ့တာလည်း တလေးတစား နဲ့ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ဒီအစိုးရသက်တမ်းအတွင်းမှာ လျာလို့မရတော့ပါဘူး။ နောက်အစိုးရ သက်တမ်းက ဘာတွေဖြစ်မယ် ဘယ်လိုတွေဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ အဲ့ဒီတော့ ကျွန်တော် ဝန်ကြီး တစ်ယောက်အနေနဲ့ ကတိကဝတ်ကပေးရင်လည်း ဝန်ကြီးဖြစ်ချင်မှလည်းဖြစ်မှာကိုး။ အဲ့ဒီတော့

နောက်အစိုးရသက်တမ်းကျရင် နောက်ဝန်ကြီးနဲ့သွားကြရမှာပါ။ အဲ့ဒါက ကျွန်တော်ကတိကဝတ် ပေးထားတဲ့ ဟာက နောက်ဝန်ကြီးက လုပ်ရမယ်လို့ မဆိုလိုပါဘူး။ အဲ့ဒီတော့ ဒီအစိုးရသက်တမ်းမှာ လျာထားပေးနိုင်ခြင်းမရှိဘူးဆိုတာ ကျွန်တော် ရှင်းရှင်းလင်းလင်း ဖြေကြားထားပါတယ်။ သို့သော် ကျွန်တော်လေးစားသမှုနဲ့ ကျေးလက်လမ်းဦးစီးဌာနကို မှတ်တမ်းထားရှိပြီးတော့ မင်းတို့သွားကြည့် ကွာဆိုပြီး လိုအပ်တဲ့ဟာလေးကို လိုအပ်သလို လုပ်ပေးပါလို့ ပြောနိုင်တာပဲရှိပါတယ်။ ကျေးလက်လမ်း၊ လမ်းဦးစီးဌာနတို့လည်း လိုအပ်ရင် လိုအပ်သလို ကုန်ထုတ်လမ်း၊ Class A ဆို Class A လိုအပ်ရင်လိုအပ်သလို သူ့အလုပ်ကို သူလုပ်ပြီးတော့ လျာထားနေကြခြင်းဖြစ်ပါတယ်။ လွှတ်တော်က မေးခွန်းကို မမေးမြန်းလည်း သူ့အလုပ်ကို သူလုပ်နေကြတာပါ။ လွှတ်တော်က မေးခွန်းမေးမြန်းတဲ့ အခါကျတော့ ထင်ထင်ရှားရှားကို သိမြင်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကတိကဝတ်ပေးလည်း ပေးတာချည်းပဲရှိမှာဆိုတဲ့အကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“စိန်သာလျောင်းလမ်းဆုံးမှ– အရှေ့မြို့ရှောင်လမ်းအထိ လမ်းချဲ့ထွင်ပေးပြီး နိုင်လွန်ကတ္တရာခင်းပေးရန်နှင့် လမ်းမီးများ ထွန်းညှိပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ပဲခူးမြို့နယ် ကလိကျေးရွာနှင့် ရှမ်းရွာကြီးကျေးရွာရှိ လယ်မြေများကို ပုဂ္ဂလိက စက်မှုဇုန်တည်ထောင်နေခြင်းအား တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်းနှင့် ကလိ– ရှမ်းရွာကြီး ကျေးလက်လမ်းအား ရှမ်းရွာကြီးကျေးရွာရောက်အောင် ကွန်ကရစ်လမ်း ပေ ၄၀အထိ ချဲ့ထွင်နေခြင်းအား ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးသနပ်ပင်လမ်းမကြီးချဲ့ထွင်ရန် နိုင်လွန်ကတ္တရာခင်းခြင်းကိစ္စနှင့် လမ်းမီးထွန်းရေးကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးမြို့နယ်အတွင်း ၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ပဲခူးမြို့နယ် စိန်သာလျောင်းဘုရားလမ်းမှ– ကမာနတ်ရွာ– ရွှေစကြာရပ်ကွက်အထိ နိုင်လွန်ကတ္တရာခင်းခြင်း လမ်းနယ်ချဲ့ထွင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသေးသော အရှေ့မြို့ရှောင်လမ်းထိပ်အထိ လမ်းပိုင်းအား ဆက်လက်၍ လမ်းချဲ့ထွင်ပေးရန်နှင့် နိုင်လွန်ကတ္တရာခင်းပေးရန် လိုအပ်လျက်ရှိပါသည်။ စိန်သာလျောင်းလမ်းဆုံးမှ အရှေ့မြို့ရှောင်လမ်းအထိ စက်ရုံ၊ အလုပ်ရုံများပြားခြင်း၊ ညရေးညတာလုပ်ငန်းဆောင်ရွက်ရသော အလုပ်သမားများ၊ ဝန်ထမ်းများ သွားလာနေရမှုများကြောင့် လမ်းမီးများ ထွန်းညှိပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်ရှိနေသော အရှေ့မြို့ရှောင်လမ်းအထိ လမ်းပိုင်းအား ဆက်လက်ဆောင်ရွက်ရန်နှင့် လမ်းမီးများ

ထွန်းညှိပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ၂၀၁၂ ပုဂ္ဂလိက စက်မှုဇုန်တည်ထောင်ခြင်းကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးမြို့နယ် ကလိကျေးရွာနှင့် ရှမ်းရွာကြီးကျေးရွာကြားရှိ လယ်မြေများအား ပုဂ္ဂလိကလုပ်ငန်းရှင်တို့မှ ဝယ်ယူပြီး စက်မှုဇုန်အဖြစ် စီမံချက်များချမှတ်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ ဆက်လက် ဆောင်ရွက်ရန်ရှိပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှလည်း ၎င်းကလိ-ရှမ်းရွာကြီး ကျေးလက်လမ်း ကွန်ကရစ်လမ်းအား ပေ ၄၀ အထိ ချဲ့ထွင်ရန် လမ်းညွှန်ချက်ကို ဌာနဆိုင်ရာများသို့ ပေးပို့ထားသည်ကိုလည်း သိရှိရပါသည်။ ၎င်းလမ်းအား ရှမ်းရွာကြီးကျေးရွာရောက်အောင် ဆက်လက် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကိုလည်း ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့်**"စိန်သာလျောင်း လမ်းဆုံးမှ- အရှေ့မြို့ရောင်လမ်းအထိ လမ်းချဲ့ထွင်ပေးပြီး နိုင်လွန်ကတ္တရာခင်းပေးရန်နှင့် လမ်းမီးများ ထွန်းညှိပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းသည် ပဲခူးမြို့နယ်အတွင်း မိုင် ၀/၀မှ ၄/၀ အထိ ၄မိုင်အရှည်ရှိပြီး မိုင် ၀/၀မှ ၂/၀အထိသည် ၄၈ပေအကျယ်နှင့် မိုင်၂/၀မှ ၄/၀အထိသည် ၁၈ပေအကျယ်ကတ္တရာလမ်းဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ကျပ်(၁၄၁.၀၀)သန်းဖြင့် ၂/၀မှ ၂/၂+၄၅' အထိ ၂ဖာလုံ +၄၅ ပေအား ၁၈ပေအကျယ်မှ ၂၄ပေ အကျယ်သို့ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မိုင် ၂/၂+၄၅'မှ ၃/၅အတွင်း ၁၈ပေ အကျယ်မှ ၂၄ပေအကျယ်သို့ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်အတွက် လမ်းဦးစီးဌာနမှ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေလျာထားစာရင်းတွင် ကျပ်(၇၂၉.၀၀)သန်းအား ထည့်သွင်းလျာထား တောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ထည့်သွင်းရရှိပါက ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ တစ်ဖန် လမ်းမီးတိုင်ထွန်းခြင်းလုပ်ငန်းကိုလည်း ၂၀၂၀-၂၀၂၁ မှာ လျှပ်စစ်တွင် လျာထားပြီးဖြစ်ပါကြောင်း

ကိုလည်းသိရှိရပါတယ်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြား အပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ **"ပဲခူးမြို့နယ် ကလိကျေးရွာနှင့် ရှမ်းရွာကြီးကျေးရွာရှိ လယ်မြေများကို ပုဂ္ဂလိက စက်မှုဇုန် တည်ထောင်နေခြင်းအား တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်ရန် ရှိကြောင်းနှင့် ကလိ- ရှမ်းရွာကြီး ကျေးလက်လမ်းအား ရှမ်းရွာကြီး ကျေးရွာရောက်အောင် ကွန်ကရစ် လမ်း ပေ ၄၀အထိ ချဲ့ထွင်နေခြင်းအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးမြို့နယ်၊ ကလိ-ရှမ်းရွာကြီးကျေးရွာချင်းဆက်လမ်းမှာ ရန်ကုန်-မန္တလေးလမ်းမှ ရှမ်းရွာကြီးကျေးရွာအထိ အရှည် (၂/၂.၁)မိုင်ရှိပြီး (၁/၇.၉၂)မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွန်ကရစ်လမ်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါကြောင်း၊ ကလိ-ရှမ်းရွာကြီးကျေးရွာချင်းဆက်လမ်းအား ပေ(၄၀)တိုးချဲ့နိုင်ရေးအတွက် လမ်းနယ်အတွင်း ပုံစံ(၇)ရရှိပြီးသော လယ်မြေများပါဝင်နေပါသဖြင့် လမ်းနယ်ထဲတွင်ပါဝင်သည့် ဆုံးရှုံးသွားသောလယ်ယာမြေများအတွက် တောင်သူလယ်သမားများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် ဆုံးရှုံးသွားသောလယ်မြေများအား လျော်ကြေးပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် လမ်းနယ်တိုးချဲ့ရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းအား တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဆောင်၍ ဌာနမှ အင်ဂျင်နီယာများဖြင့် (၁၃.၅.၂၀၂၀) ရက်နေ့တွင် ကလိကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အတူ ကနဦးမြေပြင်ကွင်းဆင်း တိုင်းတာမှုများပြုလုပ်ခြင်း၊ (၇.၇.၂၀၂၀) ရက်နေ့တွင် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ ဦးဆောင်၍ ကလိကျေးရွာအုပ်ချုပ်ရေးမှူး၊ ရှမ်းရွာကြီးကျေးရွာအုပ်ချုပ်ရေးမှူး၊ လမ်းနယ်ထဲတွင်ပါဝင်သော လယ်ပိုင်ရှင်များနှင့် ဖွဲ့စည်းထားသော လမ်းနယ်တိုးချဲ့ပေါင်းစပ်ညှိနှိုင်းမှုကော်မတီအဖွဲ့တို့နှင့်အတူ အကြိုညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများအရ ဆုံးရှုံးသွားသောလယ်မြေများအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြေစာရင်းမြေပုံတွင် တိုက်ဆိုင်စစ်ဆေးပြီး လမ်းနယ်ထဲတွင် ပါဝင်ဆုံးရှုံးသွားသော လယ်ပိုင်ရှင်များနှင့် သဘောတူညီချက်များရရှိပါက လျော်ကြေးပေးနိုင်ရေးအတွက် ရန်ပုံငွေလျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျာ- နံပါတ်(၂)မေးခွန်းကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော့်အထဲမှာ တစ်ပိုင်းပဲပါပါတယ်။ ကလိနဲ့ ရှမ်းရွာကြီး ကျေးလက်လမ်းကို ပေ ၄၀ ချဲ့ထွင်မယ့်အပိုင်းကိုပဲ ထည့်သွင်းပြောကြားသွားတာပဲ ဖြစ်ပါတယ်။ အဲ့ဒီစက်မှုဇုန်အတွင်းမှာ လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ဖြေကြားသွားခြင်းမရှိပါဘူး။ ဒီစက်မှုဇုန်အတွင်းမှာ လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေကိုလည်း စက်မှုဇုန်ကြီးတစ်ခု ထူထောင်ပြီးတော့ ဆောင်ရွက်မယ်ဆိုတာဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးကော ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကော သိဖို့လိုပါတယ်။ ဒီဟာကို လွှတ်တော်ကို တင်ပြနိုင်ခြင်းရှိ/မရှိ ဆိုတဲ့ မေးခွန်းကိုလည်း ဖြေသွားတာမတွေ့ပါဘူး။ ခုနက ရှမ်းရွာကြီးနဲ့ ကလိကျေးလက်လမ်းပိုင်းကို ပေ ၄၀ ချဲ့ထွင်မယ်ဆိုတာဟာလည်းပဲ ကျွန်တော်တို့ တကယ်တမ်းပြောကြစို့ဆိုရင်တော့ဖြင့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ထဲမှာလည်းပဲ တင်ပြတောင်းခံထားတာမရှိသလို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ထဲမှာလည်းမရှိပါဘူး။ ဒါတွေကို လုပ်မယ်ဆိုရင်လည်း မည်သည့်ရန်ပုံငွေကနေ ဆောင်ရွက်မယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ ကွဲကွဲပြားပြား သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရက သတ်မှတ်တဲ့ နှုန်းထား တစ်ဧကကို ၂၅သိန်းနှုန်းနဲ့ တောင်သူလယ်သမားတွေကို ရှေ့ကလုပ်သွားသလို လျော်ကြေးပေးထားတာရှိတယ်။ တစ်ချို့ မကျေနပ်လို့ ကန့်ကွက်လို့ အင်အားသုံးပြီး ဖြိုခွင်းတဲ့ လယ်သမားတွေနဲ့ညှိနှိုင်းတော့ သူတို့က သိန်း၂၅၀ နဲ့ လျော်ကြေးထပ်ပေးတယ်။ အဲဒါက သူဌေး လုပ်ငန်းရှင်ကပေးတာဖြစ်တယ်။ ဒီလိုလုပ်ငန်းတွေဆောင်ရွက်တာဟာ ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်နဲ့ လုပ်မှာလား။ သို့မဟုတ်လုပ်ငန်းရှင်ရဲ့ ငွေနဲ့ဆောင်ရွက်မှာလား။ လုပ်ငန်းရှင်ရဲ့ငွေနဲ့ ဆောင်ရွက်မယ်ဆိုရင် သူ့ဟာသူ ညှိနှိုင်းဆောင်ရွက်တာက ပိုမိုအဆင်ပြေပါတယ်။ နိုင်ငံတော်ဘတ်ဂျက်မရှိဘဲနဲ့ သူဌေးရဲ့ငွေကို အသုံးပြုပြီးတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ လုပ်သယောင်ယောင် ဖန်တီးသွားတာကတော့ ကျွန်တော်တို့ ပြည်သူတွေလည်း များစွာနစ်နာပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ စက်မှုဇုန်ကိစ္စနဲ့ လမ်းကိစ္စကို ရှင်းရှင်းလင်းလင်းသိလိုကြောင်း ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးညွန့်ရွှေ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးညွန့်ရွှေမေးမြန်းသွားသည့် ဆက်စပ်မေးခွန်းကို ဖြေရတာ ကျွန်တော်အနေနဲ့ အတော်ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး လုပ်ထားတာ မဟုတ်ပါဘူး။ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက ဝန်ကြီးချုပ်ပါ။ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌအနေနဲ့ ဝန်ကြီးချုပ်က ဦးဆောင်ပြီးလုပ်တာဖြစ်ပါတယ်။ အဲ့ဒီတော့ကျွန်တော်က

အသေးစိတ်သိရှိလိုတယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးကို စာနဲ့အသေးစိတ် ဝန်ကြီးချုပ်ထံ မေးမြန်းပြီး ကျွန်တော်ကြိုးစားပြီးတော့ စာဖြင့် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အကယ်၍ ဝန်ကြီးချုပ်ဆီတိုက်ရိုက်မေးရင်လည်း ပိုကောင်းပါတယ်။ ကျွန်တော့်ဆီမေးရင်လည်း သိသလောက်ပဲ ဖြေလို့ရမှာပါ။ အဲ့ဒီတော့ ကျွန်တော်ထပ်ဆင့်ပြီးပြောမယ်ဆိုရင် ဒီကိစ္စက ကျွန်တော်ဦးဆောင်ပြီး လုပ်တာမဟုတ်ပါဘူး။ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက ကျွန်တော်မဟုတ်ပါဘူး ဝန်ကြီးချုပ်ပါ။ အဲ့ဒီတော့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဆိုပြီး လိပ်မူပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး စာနဲ့ရေးပေးရင်တော့ ပိုပြီးသင့်တော်မယ်ထင်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စက်မှု၊လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးခင်ဗျား- ဒီမေးခွန်းသည် လွှတ်တော်မှာမေးသည့် တရားဝင်မေးခွန်းဖြစ်သည့်အတွက် မည်သူက ဒီလုပ်ငန်းကို ဦးဆောင်တာဝန်ယူ ဆောင်ရွက်သည်ဖြစ်စေ ဌာနဆိုင်ရာဝန်ကြီးအနေဖြင့် မေးခွန်းရှင် မေးမြန်းသည့် မေးခွန်းကို ပြည့်ပြည့်စုံစုံဖြင့် သက်ဆိုင်ရာဌာန၊ ဝန်ကြီးချုပ်ကိုဖြစ်စေ ကော်မတီကိုဖြစ်စေ အသေးစိတ်သိရှိအောင် တင်ပြမေးမြန်းစုံစမ်းပြီးတော့ စာဖြင့်ပြည့်စုံစွာ ပြန်လည်ဖြေကြားပေးဖို့ လိုအပ်ပါကြောင်း တိုက်တွန်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အရှေ့မြို့ရှောင်လမ်းအား တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ခဲ့ရာတွင် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးများ ပေးဆောင်ခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိနေသော တောင်သူများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ**"နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အရှေ့မြို့ရှောင်လမ်း မြေယာလျော်ကြေး ကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အရှေ့မြို့ရှောင်လမ်းအား တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခဲ့ပြီး မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးများ ပေးဆောင်ခဲ့ပြီး ဖြစ်သော်လည်း ၎င်းလမ်းပိုင်းတွင် ပါဝင်သောအချို့တောင်သူလယ်သမားများမှာ မြေယာလျော်ကြေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မိုးရာသီလည်း ကျရောက်ပြီးဖြစ်ပါသဖြင့် ကျန်ရှိနေသော တောင်သူများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၃)နှင့် ပတ်သက်သည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းသည့် **“၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အရှေ့မြို့ရှောင်လမ်းအား တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ခဲ့ရာတွင် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးများ ပေးဆောင်ခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိနေသော တောင်သူများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ**”နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးမြို့၊ အရှေ့ဘက်မြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး ကလီလမ်းဆုံမှ သနပ်ပင်လမ်းဆုံထိ အပိုင်း၏ မြေယာလျော်ကြေးပေးလျော်ခြင်းအား ပဲခူးတိုင်းဒေသကြီးအစိုးအဖွဲ့မှ အတည်ပြုသည့် မြေယာလျော်ကြေး တစ်ကေလျှင် ကျပ်(၂၅)သိန်းနှုန်းနှင့် သီးနှံလျော်ကြေး တစ်ကေလျှင် ကျပ်(၅.၂)သိန်းနှုန်းဖြင့် စုစုပေါင်းတောင်သူ(၉၀)ဦးကို လယ်မြေဧရိယာ(၁၀၁.၈၆)ကေအတွက် ပေးချေမည်ဖြစ်ပါကြောင်း၊ အဆိုပါတောင်သူ(၉၀)ဦးအနက် တောင်သူ(၈၆)ဦး၏ မြေဧရိယာ(၉၆.၈၉)ကေအတွက် မြေယာနှင့် သီးနှံလျော်ကြေးကျပ် (၂၉၂၀.၅၇၄) သိန်းကို ပေးလျော်ပြီးဖြစ်ပါကြောင်းနှင့် ကျန်(၄)ဦးမှာ လျော်ကြေးငွေပေးချေခြင်းကို လက်ခံခဲ့ခြင်း မရှိပါကြောင်း၊ ပေးလျော်ရန် ကျန်ရှိသည့်(၄)ဦး၏ မြေဧရိယာ (၄.၉၇)ကေအတွက် လက်ရှိအတည်ပြုထားသည့် မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးနှုန်းထားများအတိုင်း လက်ခံမည်ဆိုပါက နီးစပ်ရာဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက လျော်ကြေးပေးချေသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သာယာဝတီခရိုင်အတွင်း အခြားခရိုင်များနည်းတူ တက္ကသိုလ်/ကောလိပ်တစ်ခုခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက ပြည်ထောင်စုသို့ တင်ပြထားခြင်း ရှိ/မရှိ၊ ပြည်ထောင်စုက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားထားခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အတွင်း တက္ကသိုလ်/ကောလိပ်တစ်ခုခုဖွင့်လှစ်ခွင့်ရရှိရန်ကိစ္စကို မေးမြန်းမှာ ဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်(၄)ခရိုင်ဖြင့် ဖွဲ့စည်း ထားရှိရာ ပဲခူး၊ တောင်ငူ၊ ပြည်ခရိုင်တို့တွင် တက္ကသိုလ်/ကောလိပ်များ ဖွင့်လှစ်ထားရှိသော်လည်း သာယာဝတီခရိုင်တွင် တက္ကသိုလ်/ကောလိပ် တစ်ခုမျှ ဖွင့်လှစ်ထားရှိနိုင်ခြင်း မရှိသေးပါ။

သာယာဝတီခရိုင်တွင် မြို့နယ်(၈)မြို့နယ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားရှိပါသဖြင့် အခြား ခရိုင်များနည်းတူ တက္ကသိုလ်/ကောလိပ်တစ်ခုခုကို တည်ဆောက်ပေးနိုင်ရန် အစိုးရတွင် အစီအမံရှိ/ မရှိ နှင့် ရှိပါက ပြည်ထောင်စုသို့ တင်ပြထားခြင်းရှိ/မရှိ၊ ပြည်ထောင်စုက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက် ပေးမည်ဖြစ်ကြောင်း ပြန်ကြားထားခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်း မြို့နယ်၊ ပုတီးကုန်းမြို့၊ ပေါက်ရဲကြား အခြေခံပညာအထက်တန်းကျောင်းကို ကျောင်းဆောင်သစ် ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ပေါက်ရဲကြားအခြေခံပညာအထက်တန်းကျောင်းကို ကျောင်းဆောင်သစ်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ပေါက်ရဲကြားအခြေခံပညာ မူလတန်းကျောင်းသည် ကျောင်းပိုင်မြေ(၂.၁၆)ကေရှိပြီး လက်ရှိကျောင်းဆောင် (၆၀' ×၂၅') ကိုယ်ထူကိုယ်ထ အုတ်ညှပ်သွပ်မိုးတစ်ဆောင်သာရှိပြီး ကျောင်းသား အင်အား(၉၀)ဦးရှိပါသည်။ ယခင်စာသင်နှစ်များတွင် တန်းခွဲ(၂)ခု/(၃)ခုကို ကျောင်းရှေ့သစ်ပင် အရိပ်အောက်ထွက်ပြီး စာသင်ကြားပေးနေရသော အခြေအနေဖြစ်ပါသည်။

သို့ပါသောကြောင့် (၂၀၁၇-၂၀၁၈)ပညာသင်နှစ်တွင် အင်အားမမျှခေါင်းစဉ်အောက်၌ ကျောင်း ဆောင်သစ်လျှောက်ထားခဲ့ပါသည်။ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်တွင် (၆၀' ×၃၀') Steel Structure (၁)ထပ်ကျောင်းဆောင်သစ်ကို တရားဝင်အမိန့်စာကျခဲ့ပါသည်။

အဆိုပါနှစ်အတွင်းမှာပင် ဝန်ထမ်းလစာတိုးကိစ္စများနှင့်ပတ်သက်ပြီး စာသင်ဆောင်အသစ် များထဲက ဘတ်ဂျက်လျှော့ချလိုက်သဖြင့် လျှော့ချသောကျောင်းစာရင်းတွင်ပါသွားခဲ့ရပါသည်။ ထိုသို့ လျှော့ချခံလိုက်ရသဖြင့် နောက်နှစ်တွင်ပါဝင်မည်ဟု ယူဆမိသော်လည်း (၂၀၁၉-၂၀၂၀)တွင်လည်း မပါခဲ့သည့်အပြင် ယခုမကြာခင်ရောက်ရှိလာတော့မည့် (၂၀၂၀-၂၀၂၁)ဘတ်ဂျက်လျာထားမှု မြို့နယ် အဆင့်မှာပင် ထည့်သွင်းလျာထားပေးခြင်းမရှိကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် ကျောင်း ကော်မတီတို့က တင်ပြလာသည့်အတွက် အဘယ့်ကြောင့် ဤကဲ့သို့ဖြစ်ရကြောင်းနှင့် နောင်မည်သည့်

အချိန် မည်သည့်ဘဏ္ဍာနှစ်ရောက်မှ ကျောင်းဆောင်သစ်ချပေးတော့မည်လဲဆိုသည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း မေးမြန်းသည့် **"သာယာဝတီခရိုင်အတွင်း အခြားခရိုင်များနည်းတူ တက္ကသိုလ်/ကောလိပ်တစ်ခုခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက ပြည်ထောင်စုသို့ တင်ပြထားခြင်း ရှိ/မရှိ၊ ပြည်ထောင်စုက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားထားခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်က ၂၀၁၉ခုနှစ်အတွင်းက ခရိုင်(၄)ခုတွင် ကျန်ခရိုင်(၃)ခုမှာတော့ တက္ကသိုလ်တွေ၊ ကောလိပ်တွေရှိတယ်။ သာယာဝတီခရိုင်အတွင်းမှာ တက္ကသိုလ်ကောလိပ်အဆင့်မြင့်ပညာဦးစီးဌာန(၁)ခုမှ မရှိပါဘူး။ မရှိတဲ့အတွက်ကြောင့် ဒီနေရာဒီဒေသမှာ အဆင့်မြင့်ပညာဌာနတစ်ခုခုရှိရင် ကောင်းမှာပဲဆိုပြီး ဆွေးနွေးပြောကြားပါတယ်။ ဆွေးနွေးပြောကြားတဲ့အတွက် မြေနေရာရှိဖို့အတွက် ရှာမှဖြစ်မယ်ဆိုတဲ့ အနေအထားကို ကျွန်မတို့က ပြန်တင်ပြပါတယ်။ အဲ့ဒီမှာ (၃၀.၆.၂၀၁၉)ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်း တက္ကသိုလ်/ကောလိပ်တစ်ခုခု ဖွင့်လှစ်ခွင့်ရရှိရေးကိစ္စနှင့် ပတ်သက်ပြီး သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် လူမှုရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ သာယာဝတီမြို့တွင် ပညာရေးကောလိပ် ဖွင့်လှစ်ရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ သာယာဝတီမြို့နယ်ရှိ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြေနေရာရှာဖွေပြီး ဝန်ကြီးချုပ်ထံသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၇.၄.၂၀၂၀ရက်စွဲပါ စာအမှတ်၊၈/၁-၂/ဦးဖ(၂၉၇၉)ဖြင့် တင်ပြထားပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ "တိုင်းဒေသကြီး မြေကွက်ချထားရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးရန်"ဟု မှတ်ချက်ပြုညွှန်ကြားထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် **"သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ပေါက်ရဲကြားအခြေခံပညာအထက်တန်းကျောင်းကို ကျောင်းဆောင်သစ် ချထားပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပေါက်ရဲကြားအခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား (၉၁)ဦးရှိ

ပါသည်။ ဆရာဝန်ထမ်းဦးရေမှာ မူအုပ်(၁)ဦး၊ မူပြ(၃)ဦး၊ ထွေလုပ်(၁)ဦး စုစုပေါင်း(၅) ဦးရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၆ဝX၂၅) ပေ၊ သွပ်မိုး၊ အုပ်ညှပ်၊ တမံသလင်း(၁)ထပ်ဆောင် (၁)ဆောင်ရှိပါသည်။

စာသင်ဆောင်အလိုက် စာသင်ခန်းအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အတန်း | ကျောင်းသား ဦးရေ | တန်းခွဲ | စာသင်ဆောင် | ကျောင်းသား စာသင်ခန်း အချိုး |
|---|---|---|---|---|---|
| ၁ | KG | ၁၄ | ၁ | (၆ဝX၂၅) ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ တမံသလင်း (၁၉၈၃)ခုနှစ် | ၁:၁၄ |
| ၂ | G-1 | ၁၈ | ၁ | | ၁:၁၈ |
| ၃ | G-2 | ၂ဝ | ၁ | | ၁:၂ဝ |
| ၄ | G-3 | ၂၃ | ၁ | | ၁:၂၃ |
| ၅ | G-5 | ၁၅ | ၁ | | ၁:၁၅ |
| | **စုစုပေါင်း** | **၉ဝ** | **၅** | | **၁:၁၈** |

၂ဝ၁၇-၂ဝ၁၈ဘဏ္ဍာရေးနှစ်တွင် ကျောင်းသားဦးရေအရ(တိုးချဲ့)ခေါင်းစဉ်ဖြင့် ကျောင်းဆောင်သစ် (၆ဝx၃ဝ) Steel Structure တစ်ထပ်တင်ပြခဲ့သော်လည်း အတည်ပြုပါဝင်ခြင်းမရှိပါ။ (၂ဝ၁၈-၂ဝ၁၉)ဘဏ္ဍာရေးနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ငွေလုံးငွေရင်းလျာထားစာရင်းတွင် ပါဝင်ခဲ့သော်လည်း ဝန်ထမ်းလစာတိုးကိစ္စနှင့်ပတ်သက်၍ တည်ဆောက်ရေးရန်ပုံငွေများ လျှော့ချလိုက်သော ကျောင်းဆောင် စာရင်းတွင် ပါဝင်သွားခဲ့ပါသည်။

(၂ဝ၁၉-၂ဝ၂ဝ)ဘဏ္ဍာရေးနှစ်တွင် မြို့နယ်မှ ဆက်လက်တင်ပြတောင်းခံခဲ့သော်လည်း လွှတ်တော်ကတိကဝတ်နှင့် အန္တရာယ်ရှိကျောင်းဆောင်များသာ ဦးစားပေးခွင့်ရရှိခဲ့ပါသည်။

(၂ဝ၂ဝ-၂ဝ၂၁)ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး လျာထားစာရင်း(B-Plan) တွင် တိုးချဲ့ခေါင်းစဉ်ဖြင့် မြို့နယ်ဦးစားပေးအမှတ်စဉ်(၂)ဖြင့် (၆ဝx၃ဝ)ပေ Steel Structureတစ်ထပ်လျာထားခဲ့သော်လည်း လွှတ်တော်ကတိကဝတ်နှင့် အန္တရာယ်ရှိကျောင်းဆောင်များ ဦးစားပေးလျာထားရသောကြောင့် အတည်ပြုလျာထားစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်၊ အမက-ပေါက်ရဲကြားကျောင်းဆောင်သစ်အတွက် (၂ဝ၂၁-၂ဝ၂၂) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းလျာထားစာရင်းတွင် လွှတ်တော်ကတိကဝတ်ခေါင်းစဉ်ဖြင့် ကျောင်းသားဦးရေအရ (၆ဝx၃ဝ)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်သစ်ကို မြို့နယ်ဦးစားပေးအမှတ်စဉ်(၁)ဖြင့် ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးညာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ကျွန်တော့်၏ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဖြေသွားတာလည်း ကျေးဇူးတင်ပါတယ်။ သာယာဝတီခရိုင်အတွင်းမှာ ပညာရေးကောလိပ်တစ်ခု တည်ဆောက်ဖို့အတွက် ဆုံးဖြတ်ထားတဲ့ Political Wall ကိုလည်း ကြိုဆိုပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေဖြင့် ဘဝင်မကျတဲ့အချက်နဲ့ပတ်သက်ပြီး အချက်(၂)ချက်မေးချင်ပါတယ်။ နံပါတ်(၁)ကတော့ ခရိုင်ထွေ/အုပ်ကနေပြီး တင်ပြထားတဲ့ မြေနေရာဦးစားပေး(၁)နဲ့တင်ပြထားတာ (၂၇.၄.၂၀၂၀)ရက်နေ့ကလို့ သိရပါတယ်။ ဒီအပေါ်မှာ ဝန်ကြီးချုပ်ကနေပြီးတော့မှ တိုင်းဒေသကြီးမြေကွက်ချထားရေးကော်မတီမှ အစည်းအဝေးဆုံးဖြတ်ချက်ကို တင်ပြဆွေးနွေးရန်ဆိုပြီး မှတ်ချက်ပြုထားလို့လည်းပဲ ပြောသွားပါတယ်။ အခုဆိုရင် ဇူလိုင်ကုန်ပါတော့မယ်။ ဒီကြားမှာ မေ၊ ဇွန်တွေရှိပါတယ်။ ဒီလိုကိစ္စမျိုးဆိုတာ မြန်မြန်ဆန်ဆန်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီမှတ်ချက်ပြုဖို့ ဆွေးနွေးပွဲအစည်းအဝေးမှာ ဘယ်နေ့ကထိ မဆွေးနွေးရသေးဘူးဆိုတာသိချင်ပါတယ်။ ဆွေးနွေးပြီးလို့ဆိုရင်လည်း ဘယ်လိုဆုံးဖြတ်တယ်ဆိုတာကိုလည်းသိချင်ပါတယ်။ ဆွေးနွေးပေးဖို့ တင်ပြထားတဲ့ မြေနေရာရွေးချယ်ရေး (၁)၊ (၂)ကလည်း လေ့လာကြည့်ရင်တော့ တိတိကျကျပီပီပြင်ပြင် တစ်ခုမှမရှိပါဘူး။ ဒါကြောင့်မို့ နံပါတ်(၁)သိချင်တာကတော့ ဝန်ကြီးချုပ်ရဲ့မှတ်ချက်အရ မြေကွက်ချထားရေးကော်မတီမှာ တင်ပြဆွေးနွေးရန်ဆိုတဲ့ကိစ္စကို တင်ပြဆွေးနွေးပြီးပြီလား၊ ဘယ်လိုဆုံးဖြတ်ချက်ချပါသလဲ ဒါလေးကို သိချင်ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်မေးတုန်းကလည်း တင်ပြပါတယ်။ တက္ကသိုလ်တွေ၊ ကောလိပ်တွေ ဖွင့်လှစ်ဖို့ဆိုတာကတော့ ပြည်ထောင်စုရဲ့မူ Policy ဖြစ်ပါတယ်။ မေးခွန်းမှာလည်း ပါ,ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးပြီလားဆိုတာ သို့သော်လည်း ဒီမေးခွန်းနဲ့ပတ်သက်လို့တော့ ဖြေကြားထားတာတော့မရှိပါဘူး။ အဲ့ဒီတော့ ပြည်ထောင်စုကနေပြီးတော့မှ ဖွင့်လှစ်ခွင့်ပြုမယ်။ မြေနေရာ အတည်ပြုရွေးချယ်တင်ပြပါလို့ရမှသာလျှင် ကျွန်တော်တို့က ဝမ်းသာရမှာဖြစ်ပါတယ်။ အခုချိန်မှာတော့ မိမိတို့ရဲ့ သဘောထားဆန္ဒအထိပဲရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုကို တင်ပြထားပါသလား၊ ပြည်ထောင်စုက ဘာများအဖြေပေးထားပါသလဲဆိုတာလေး ဆက်စပ်မေးခွန်းအနေဖြင့် ထပ်ဆင့်မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညဏ်ဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ငွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ကျွန်မခုနက ဖြေသွားတဲ့အထဲမှာ အဲ့တစ်ချက်ကလေးကျန်သွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးထောက်ပြတဲ့အတွက်လည်းပဲ ကျေးဇူးတင်ပါတယ်။ ဒီကိစ္စသည် ဝန်ကြီးချုပ်က စတင်ပြီးတော့ မြေနေရာရှာပါဆိုပြီးတော့

အစည်းအဝေး လုပ်ခိုင်းခဲ့တာသာလျှင်ရှိပါတယ်။ ပြီးတဲ့အခါမှာ အဲ့ဒီအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့က လယ်/ဆည် ဝန်ကြီးကနေပြီးတော့မှ ဆက်လက်ပြီးတော့ တာဝန်ယူဆောင်ရွက်နေတာဖြစ်တဲ့အတွက် လယ်/ဆည် မြေကွက်နေရာချထားပေးရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးမှာ တင်ပြပါဆိုပြီး သူညွှန်ကြားထား တဲ့ဟာတွေဖြစ်တဲ့အတွက် ကျွန်မဖြေဆိုရမှာမို့ ဒီမှတ်တမ်းတွေကို ကျွန်မယူပြီး ဖြေဆိုရတာဖြစ်ပါတယ်။ နေပြည်တော်ဝန်ကြီးဌာနကိုလည်းပဲ ကျွန်မတို့က ဘာမှအကြောင်းမကြားရသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ မြေနေရာလည်းအတည်တကျမဖြစ်သေးတဲ့အတွက် မြေနေရာရှိမှသာလျှင် တင်ပြပေးလို့ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ပညာရေးဌာနမှာ အဆင့်မြင့်ပညာပဲဖြစ်ဖြစ်၊ အခြေခံပညာပဲဖြစ်ဖြစ် မြေနေရာမရှိဘဲနဲ့ ဘယ်ဌာနကမှ တင်ပြပေးလို့မရပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့က မြေနေရာကို အရင်ရရှိဖို့အတွက် လုံးပန်းနေတဲ့နေရာမှာ ဝန်ကြီးချုပ်ဆီတင်ပြတဲ့အခါမှာ ဒီမြေကွက်ချထားရေးကြီးကြပ်မှု ကော်မတီအစည်းအဝေးမှာ တင်ပြဆွေးနွေးပါဆိုတဲ့မှတ်ချက်ပြုတာလေးကိုပဲ သိရှိရတဲ့အတွက် ဒါကိုဖြေကြားခြင်းဖြစ်ပါတယ်။ ကျွန်မဆက်လက်ပြီးတော့ ဝန်ကြီးချုပ်ကို တိုက်တွန်းမေးမြန်းပြီး ပြန်လည်အသိပေးပါမယ်လို့ လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ကျွန်တော့်ရဲ့မေးခွန်းမှာ ဝန်ကြီးဖြေထားတာ အဖြေပါ,ပါတယ်။ ၂၀၂၁-၂၀၂၂ မှာ ငွေလုံးငွေရင်းမှာ ထည့်သွင်းလျာထားပေးမယ်လို့ပါ,ပါတယ်။ ဒါပေမယ့် ကျွန်တော်ဆွေးနွေးချင်တာလေးတစ်ခု ဒီအဖြေထဲမှာပါ,ပါတယ်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အဆင့်ဆက်လက်တင်ပြတောင်းခံသော်လည်း လွှတ်တော်ကတိကဝတ်နဲ့ အန္တရာယ်ရှိကျောင်းဆောင်များကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပါသည်လို့ ဖော်ပြတဲ့အပြင် အောက်ကနောက်တစ်ပိုဒ်မှာလည်း အဲ့ဒီလိုတောင်းပေမယ့်မရဘူး။ လွှတ်တော်ကတိကဝတ်နဲ့ အန္တရာယ်ရှိကျောင်းဆောင်ဆိုတော့ ကတိကဝတ်ဆိုတာကို တစ်ခါထပ်ပြီးတော့ သုံးထားပါတယ်။ အဲ့ဒီတော့ဘယ်ကျောင်းပဲ သဲကုန်းမြို့နယ်မှာရ,ရ ကိုယ့်မြို့နယ်မှာရတာဖြစ်ပါတယ်။ သို့သော် ကတိကဝတ်/ကတိကဝတ်လို့ ပြောတဲ့အခါမှာ ၂၀၂၀-၂၀၂၁ ကို လျာထားတဲ့ကျောင်းတွေကို ကြည့်တဲ့အခါမှာလွှတ်တော်မှာ မေးခွန်းမေးရုံပဲမေးတာ၊ ဒါပေမယ့် ဝန်ကြီးဌာနကလည်း ကတိကဝတ်ဆိုပြီး ဖြေထားတာမရှိဘူး၊ မရှိပေမယ့် အဲ့ဒီကျောင်းစုတွေကပါတယ်။ အဲ့ဒီတော့ ကျွန်တော်ဘာထောက်ပြချင်လဲဆိုတော့ ကျွန်တော်အခုတင်ပြတဲ့ ပေါက်ရဲကြားကျောင်းဆိုတာက ၂၀၁၇-၂၀၁၈ မှာကတည်းက(၂၁)ကျောင်း စာရင်းထွက်ထားပါတယ်။ စာရင်းထွက်တော့ အကြောင်းအမျိုးမျိုးကြောင့် (၁၀)ကျောင်း

ပဲပါပြီးတော့ (၁၁)ကျောင်း လျှော့ချခံရပါတယ်။ (၁၁)ကျောင်းလျှော့ချခံရတော့ ကျွန်တော်တို့က သာမန်အနေအထားနဲ့ တရားမျှတမှုကို စဉ်းစားတဲ့အခါမှာ နောက်ဘတ်ဂျက်တွေဆိုရင်တော့ ကျန်တဲ့ စာရင်းထွက်ပြီးသား ကျောင်းတွေက သူ့ဘာသာ သူအပေါ်ကို Auto Matic တက်သွားမှာပဲပေါ့နော်၊ ဒီလိုထင်ပါတယ်။ သို့သော် မပါတဲ့အပြင် (၁)နှစ် ခြားပြီးမပါတဲ့အပြင် (၂)နှစ်ခြားပြီးလည်းမပါ,ပါဘူး။ အဲ့ဒီတော့ အခု၂၀၂၀-၂၀၂၁မှာပါနေတဲ့ ကျောင်းကို နမူနာတင်ပြပါမယ်။ သဲကုန်းမြို့နယ်မှာ ငှက်တော်မြီး အုပ်စု၊ ရွှေတောကျေးရွာ အ.မ.က ရှိပါတယ်။ အဲ့ဒီရွှေတောကျေးရွာ အ.မ.က ဟာ ကျောင်းသားဦး ရေ(၂)ယောက်ပဲရှိပါတယ်။ ဆရာဦးရေ(၄)ယောက်ရှိပြီး၊ အဲ့ဒီတော့ ကျောင်းသားနဲ့ဆရာအချိုးချိုးရင် 1:0 ဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီကျောင်းက ဆရာက အဲ့ကျောင်းသားတွေကိုသင်ရင် သမ္မတတောင် ဖြစ်သွားနိုင်ပါတယ်။ အရမ်းတော်လွန်းအားကြီးလို့ ဆရာတစ်ယောက်ကို ကျောင်းသားတစ်ယောက် တောင်မရှိတဲ့နေရာပါ။ အဲ့လိုကျောင်းမျိုးပါတယ်။ အဲ့လို ကျောင်းမျိုးကို ၂၀၂၀-၂၀၂၁ မှာ လျှာပြီးပြီ၊ ဒီမှာ ကျောင်းသား(၉၀)ကြီးနဲ့ ခက်ခဲနေပါတယ်။ နွေရာသီ သစ်ပင်အောက်ထွက်သင်နေရပါတယ် ဆိုတဲ့ကျောင်းကလည်း အမှုတွဲကြီးလည်း တင်ထားပါလျက်နဲ့မပါဘူး။

အဲ့ဒီတော့ ကျွန်တော်က ဘာပြောချင်တာလဲဆိုတော့ ဒီနေရာမှာ အနည်းငယ်ဆွေးနွေး ခွင့်ပြု ပါ။ ကျွန်တော်တို့က ခေါင်းစဉ်တွေ အသီးသီးရှိတယ်ဆိုပေမယ့်လည်း အကြောင်းအရာတွေ ခိုင်လုံ တယ်၊ အထောက်အထားတွေခိုင်လုံတယ်၊ အများအတွက်အကျိုးရှိတာ အမှန်တကယ်ဖြစ်တယ်ဆိုရင် ရိုးရိုးသားသားနဲ့ စေတနာပုံမှန်ရှိတယ်ဆိုရင် ဒါဟာ ပြန်လည်ဆွေးနွေးတင်ပြပြီးတော့ အကျိုး အကြောင်းသင့်တဲ့ စဉ်းစားဆုံးဖြတ်ချက်တွေကို စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့က ထင်တယ်။ အဲ့ဒီတော့ PPIC အစည်းအဝေးမှာလည်း ကျွန်တော်ကမပါဘူး။ အဲ့ဒီတော့ မပါပေမယ့်လည်း အခုလို မျိုးဖြစ်ရတဲ့အခါကြတော့ စိတ်မကောင်း ဘူးခင်ဗျား။ အဲ့ဒီတော့ တစ်ခါတစ်လေမှာ စောစောက ပြော သလို အထောက်အထားခိုင်မယ်၊ အများအကျိုးအတွက်ရှိတာအမှန်ပဲ၊ ရိုးသားမယ်၊ စေတနာမှန်မယ် ဆိုရင် တချို့မြို့နယ်တွေမှာဆိုရင် ဦးစီးဌာန ဝန်ထမ်းအရာရှိတချို့ကတော့ ဒီနေ့အထိ အကြောင်း တရားဘာညာရှိသေးတဲ့ အခါကြတော့ အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိပ်နဲ့မလဲဆိုသလို ဒါ,ဒါပဲလုပ်တာ တွေရှိပါတယ်။ သို့သော်လည်း ဒါဖြစ်သင့်/ မဖြစ်သင့် စဉ်းစားပြီးမှ ဒီခေါင်းစဉ်မှာတော့ ဒါမဖြစ်သင့် ဘူး။ လောလောဆယ်ဆယ်ကျောင်းသား (၂)ယောက်ပဲရှိတယ်။ ဥပမာ- ကျွန်တော်နမူနာတင်ပြပါ မယ်။ ပုတီးကုန်းအ.ထ.ကကြီးက ကျောင်းသား (၁၈၀၀)ရှိတယ်။ (၁၈၀၀)ရှိတော့ အဲ့ဒီဟာကြီး အန္တရာယ်ကျောင်းဆောင်ဖြစ်ပါပီဆိုတော့ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဆိုပြီးတော့ တောက်လျှောက်အပြင်မှာ (၂)သုတ်တက်ဆိုပြီးတော့ အပြင်မှာ ခွဲသင်ရပါတယ်။ ကျောင်းသား(၁၈၀၀) ရှိတဲ့ အထက်တန်းကျောင်းကြီး အန္တရာယ်ရှိဆောင်ဖြစ်နေတာတောင် (၂)သုတ်ခွဲ တက်ပြီးဖြစ်အောင် ထိန်းထားနိုင်သေးတာ ကျောင်းသား(၂)ယောက်ရှိတဲ့ကျောင်းကို အိမ်မှာ ခေါ်သင်တာတောင်ရတယ်။ ဒါလေးကို ခဏထိန်းထားပြီးတော့ တစ်ခြားခက်ခဲနေတဲ့ကျောင်းတွေကို ပြန်လည် အစားထိုးဖို့ကို ပြန်လည်စဉ်းစားသင့်တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ပြောချင်တာကတော့ စဉ်းစားတဲ့အခါမှာ အဂတိကင်းရမယ်၊ ဆန္ဒာဂတိ၊ ဘရာဂတိတွေကင်းရမယ်၊ ဘက်လိုက်မှု ကင်းရမယ်၊ မျှမျှတတဖြစ်သင့်လား/မဖြစ်သင့်လား ဆိုတာကို စဉ်းစားတွေးခေါ်ပြီးမှ လုပ်သင့်မလုပ်သင့်ဆိုတာကို ဒီနေရာမှာ ဆွေးနွေးချင်ပါတယ်။ ထို့နည်းတူ ကျွန်တော့်မေးခွန်းမမေးလို့ မေးခွန်းမေးတဲ့ ကျောင်းကိုသာ ၂၀၂၀-၂၀၂၁ မှာ ပါအောင် လုပ်ပေးပါမယ်လို့ ပထမ(၂)ကနေ ယခု(၁)ဖြစ်အောင်လုပ်ပေးမယ်လို့ ဒါမေးခွန်းမေးလို့ ပြောလာပြီ၊ အဲ့ဒီတော့ (၁၁) ကျောင်းကျန်တဲ့အထဲမှာ ဘယ်နှကျောင်း ကျန်သေးလဲဆိုတော့ (၇)ကျောင်းကျန်သေးတယ်။ မပါဘဲနဲ့ ပထမ(၂၁)ကျောင်းကြေညာတယ်။ (၁၀)ကျောင်းက အကောင်အထည်ဖော်တယ်။ (၁၁) ကျောင်းကျန်တယ်။ (၁၁)ကျောင်းမှာ အကောင်အထည်ဖော်ပြီးလို့ အကောင်အထည် မဖော်တာက (၇) ကျောင်းကျန်တယ်။ အဲ့ဒီ(၇)ကျောင်းထဲမှာ မေးခွန်းလဲမေးရော (၁)လုပ်ပေးပါမယ် လို့ဖြေပြီးတော့ ကျန်တဲ့ (၆)ကျောင်းကတော့ အ.မ.က ဘောခိ၊ အ.မ.က ချောင်းဝ၊ အ.မ.က ရွာမ၊ အ.မ.က မအူကန်၊ အ.မ.က ဝင်းဘရားသား၊ အ.လ.က ကွင်းကြီးဆိုပြီးတော့ကျန်ပါတယ်။ ဒီကျောင်းတွေကျတော့ မေးခွန်းမမေးလို့ မထည့်ပေးတော့ဘူးလား၊ နဂိုကတည်းက နိုင်ငံတော်က တရားဝင် ကြေညာထားပြီး စာရင်းတွေ ကျန်နေတဲ့ဒီကျောင်းတွေက မျှော်လင့်ချက်ကြီးမားစွာနဲ့ စောင့်နေတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ မေးခွန်းမေးတယ်ဆိုတိုင်းလည်း ကတိကဝတ် ဖြစ်တာမဟုတ်သလို၊ ကတိကဝတ်ဖြစ်တိုင်းလည်း အကောင်အထည် ဖော်နိုင်တာမဟုတ်ပါဘူး။ ဒါလက်တွေ့ပါပဲ။ အဲ့ဒီတော့ နိုင်ငံတော်ဘဏ္ဍာငွေအခြေအနေတွေရှိတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ရှိတယ်။ မေးခွန်းမေးတိုင်းကတိကဝတ်မဖြစ်ဘူး။ ကတိကဝတ်ဖြစ်တိုင်း အကောင်အထည်ဖော်နိုင်တာ မဟုတ်ဘူး။ သို့သော် အဲ့ဒီလိုအခြေအနေမျိုးမှာ ဒီပထမဦးဆုံးအနေနဲ့ ဖြစ်တည်နေတဲ့ဟာကို ဖြစ်သင့် /မဖြစ်သင့် မစဉ်းစားဘဲနဲ့ ဆန္ဒာဂတိ၊ ဘရာဂတိတွေနဲ့ ဆောင်ရွက်ခဲ့တယ်ဆိုရင်တော့ ဒါဟာ အလားအလာ မကောင်းဘူးဆိုတာကို တင်ပြပြီး၊ အဲ့ဒီကျန်ခဲ့တဲ့ကျောင်းတွေကို မည်သို့မည်ပုံ ဆောင်ရွက်ပြီးတော့ မေးခွန်းမေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ နောင်လာမည့်နှစ်တွေမှာ ဦးစားပေး(၁) လျာထားဖို့၊ မှတ်တမ်းတင်ဖို့၊ တိုက်တွန်းဖို့ အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး သိချင်တဲ့ မေးခွန်းတွေနဲ့ အချက်အလက်တွေကို ကျွန်မတို့ သဲကုန်း အ.ထ.က ကို ကျောင်းတွေ ဖွင့်ခါ နီးချိန် ရောက်ခဲ့စဉ်ကာလတုန်းက နှုတ်အားဖြင့် တိုင်းပညာရေးမှူးက ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း ကို ဖြေကြားပေးနေတာ တစ်စွန်းတစ်စကြားခဲ့ပါတယ်။ အဲ့ဒီတော့ ကြားခဲ့တဲ့အခါမှာ ပြည့်ပြည့်စုံစုံ မသိနိုင်ဘူးဆိုတာကလည်းပဲ ကျွန်မအနေနဲ့ ထင်မြင်မိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော် ကိုယ်စားလှယ်ကြီး သေသေချာချာတိတိကျကျသိရအောင် ဘာကြောင့်ဘယ်လိုဖြစ်တယ်ဆိုတာကို

ညွှန်ကြားရေးမှူးကို ကျွန်မညွှန်ကြားပြီးတော့မှ စာဖြင့်ဖြေကြားပေးဖို့ကို လွှတ်တော်ကိုယ်စားလှယ်ကြီးဆီ တင်ပြဖို့အတွက်ကို ညွှန်ကြားပေးပါ့မယ်၊ ညွှန်ကြားပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးထံရောက်ဖို့ ကျွန်မအနေနဲ့ ပေးပို့ပါ့မယ်လို့ လေးစားစွာဖြေကြားအပ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးဇော်နိုင်ဦး မေးမြန်းသည့် ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ပြန်လည်ဖြေကြားမှုမှာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ သဲကုန်းမြို့နယ်အတွင်း ကျန်ရှိသော ကျောင်းများဖြစ်ကြသည့် အမက(မအူကန်)၊ အမက(ဇောဓိ)၊ လ(ခွဲ)ကွင်းကြီး၊ အမက-ဝင်းဘရားသား၊ အမက-ရွာမ(တီး)ကျောင်းများအား ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြခဲ့သော်လည်းမရရှိခဲ့ပါ။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ခေါင်းစဉ်ဖြင့် မြို့နယ်ဦးစားပေးအလိုက် တင်ပြခဲ့သော်လည်း တိုးချဲ့ခေါင်းစဉ်လျာထားခြင်းများ ခွင့်ပြုခဲ့ခြင်းမရှိဘဲ အန္တရာယ်ရှိခေါင်းစဉ်ကိုသာ ဦးစားပေးလျာထားခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ကတိကဝတ်ခေါင်းစဉ် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြလာပါက ဆက်လက်တင်ပြ ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် တည်ဆောက်ရန် တင်ဒါအောင်မြင်ထားသော Royal D.A.M Co.,ltd အား ဘတ်ဂျက်နှစ်အတွင်း ကျောင်းများအားလုံး ပြီးစီးအပ်နှံနိုင်ရေး မည်သို့ ကြီးကြပ်စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ၂၀၁၉-၂၀၂၀ဘတ်ဂျတ်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင်တည်ဆောက်ရန် တင်ဒါအောင်မြင် ထားသော Royal D.M.A Co.,Ltd အား ဘတ်ဂျက်နှစ်အတွင်း ကျောင်းများအားလုံး ပြီးစီးအပ်နှံနိုင်ရေး မည်သို့ကြီးကြပ်စီမံဆောင်ရွက်နေသည်ကို သိရှိလို၍ မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဝေါမြို့နယ်(၁) မဲဆန္ဒနယ်မြေတွင် Royal D.M.A Co., Ltd မှ တည်ဆောက်နေသော ကျောင်းများသည် ယခုအချိန်ထိ ၂၅ရာခိုင်နှုန်းသာ ပြီးစီးမှုမရှိသဖြင့် ၁၉/၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၁၀၀ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ကြပ်မတ်ကွပ်ကဲနေသည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်းအား လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည် မေးမြန်းသည့် **"၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် တည်ဆောက်ရန် တင်ဒါအောင်မြင်ထားသော Royal D.A.M Co.,ltd အား ဘတ်ဂျက်နှစ်အတွင်း ကျောင်းများအားလုံး ပြီးစီးအပ်နှံနိုင်ရေး မည်သို့ ကြီးကြပ်စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တင်ဒါအောင်ကုမ္ပဏီများနှင့်(၇-၂-၂၀၂၀)ရက်နေ့တွင် စာချုပ်ချုပ်ဆိုခြင်း တွေ့ဆုံမှာကြားခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အခြေခံပညာကျောင်းများ ဆောက်လုပ်ရေး လုပ်ငန်းများအား ကြီးကြပ်ရန်အတွက် ကျောင်းအလိုက် တည်ဆောက်ရေးကြီးကြပ်မှုအဖွဲ့ကို မြို့နယ်ပညာရေးမှူး နာယကအဖြစ် ပါဝင်သော (၇)ဦးအဖွဲ့ဖွဲ့စေပြီး ထိုအဖွဲ့ဝင်စာရင်းများအား မှတ်တမ်းထားရှိခြင်း၊ အခြေခံပညာကျောင်းများ ဆောက်လုပ်ပြီးစီးမှုရာခိုင်နှုန်းများ၊ တည်ဆောက်ရေး ကြီးကြပ်မှုအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်းမှတ်တမ်း ဓာတ်ပုံများ၊ အသံဖိုင်ပါဗွီဒီယိုမှတ်တမ်းများကို (၂)လတစ်ကြိမ် အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြဆောင်ရွက်လျက်ရှိပါသည်။

တည်ဆောက်ရေးကြီးကြပ်မှုအဖွဲ့များ၏ စိစစ်တွေ့ရှိချက်အရ လုပ်ငန်းတိုးတက်မှုမရှိခြင်း၊ (၃-၇-၂၀၂၀)ရက်နေ့အထိ (၂၅)ရာခိုင်နှုန်းအောက်သာရှိသော အခြေခံပညာကျောင်းများကို တည်ဆောက်နေသော ကုမ္ပဏီများအားခေါ်ယူ၍ (၇-၇-၂၀၂၀)ရက်နေ့တွင် အထက(၁)ပဲခူးမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုအဖွဲ့ BRCB(T)အဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ကုမ္ပဏီတစ်ခုချင်းအလိုက် ပြီးစီးအောင် ဆောင်ရွက်နိုင်မည့်နေ့ရက်(ကာလ)အား တာဝန်ရှိသူ(MD) ကိုယ်တိုင်ဝန်ခံကတိ ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဝေါမြို့နယ်၊ Royal D.A.M. Co; Ltd တင်ဒါအောင်မြင်သော လုပ်ငန်း(၅)ခုအနက် ၂၅ ရာခိုင်နှုန်း အောက်ရှိနေသောလုပ်ငန်းမှာ အထက-ဘုရားပျို (စာကြည့်တိုက်) (၄၀x ၃၀)ပေနှင့် မူလွန်- ဖိုးပြန် (၉၀x ၃၀) ပေ Steel Structure (၁)ထပ်တို့ဖြစ်ပါသည်။

(၇-၇-၂၀၂၀)ရက်နေ့ အစည်းအဝေးတွင် BRCB(T) အဖွဲ့ခေါင်းဆောင်က အဆိုပါကုမ္ပဏီမှ လက်ရှိဆောင်ရွက်နေသည့် လုပ်သားအင်အား၊ Sideတာဝန်ခံအား တာဝန်ပေးမှု၊ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တို့အား ထိုနေ့ညနေတွင် လာရောက်တင်ပြရန်နှင့် လုပ်ငန်းညှိနှိုင်းမှုပြုပြီး လုပ်ငန်းပြီးစီးမှု အခြေအနေကို တိုင်းပညာရေးမှူးရုံးမှ တစ်ပတ်လျှင်တစ်ကြိမ် ပြီးစီးမှုအခြေအနေကို မြို့နယ်ပညာ ရေးမှူးရုံးမှ ရယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာနရုံးချုပ်သို့ တင်ပြလျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်မှုမရှိကြောင်းသိရှိရပါက (၅)ရက်အတွင်း လုပ်ငန်းဆောင်ရွက် မှုမရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြ၍ စာချုပ်ပါစည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။ ဆက်လက်ပြီး ကျွန်မအနေနဲ့

အနည်းငယ်ပြောချင်တာကတော့ (၇.၇.၂၀၂၀)ရက်တုန်းက ကျွန်မကိုယ်တိုင် အစည်းအဝေးကို တက်ပါတယ်။ အစည်းအဝေး တက်ပြီးတဲ့အခါမှာ သူတို့ရဲ့ ပြီးစီးတဲ့ရာခိုင်နှုန်းအပေါ်မှာ ဘယ်ရက် ဘယ်လအတောအတွင်းဆိုပြီး သတ်မှတ်တဲ့ ဆောင်ရွက်ချက်များကို ကျွန်မရှေ့မှာပဲ လုပ်ခဲ့ပါတယ်။ အတော်ဆိုးဆိုးဝါးဝါးဖြစ်နေတဲ့ ကုမ္ပဏီဆိုရင် ဆက်လက်ပြီး မပေးနိုင်ဖို့ဆိုတဲ့အခါမှာ သူ့ရဲ့ ကုမ္ပဏီ ဆောက်လုပ်ရေးလုပ်ငန်းတွေကို နားလည်တတ်ကျွမ်းတဲ့ BRCB(T) အဖွဲ့ခေါင်းဆောင်က ကိုယ်တိုင် စစ်မေးပြီးတော့မှ ဒါပြီးစီးနိုင်တဲ့ အခြေအနေရှိပါတယ်။ ပြီးစီးနိုင်တဲ့အကြောင်း လက်မှတ်ရေးထိုးပြီး ဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတော့ မပြီးနိုင်တဲ့အခါမှာ မပြီးသလိုပဲ ကျွန်မတို့က စာချုပ်ပါ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဆက်လက်ပြီး အရေးယူဆောင်ရွက်သွားဖို့ရှိပါကြောင်း လေးစားစွာ ထပ်လောင်းဖြေကြားအပ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား– ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ခုနကဝန်ကြီးဖြေသွားတဲ့ထဲမှာ ဝန်ကြီးတို့ တိုင်းကနေ ကြီးကြပ်နေတာတွေရှိသလို ကျွန်တော်တို့ မြို့နယ်ကလည်း သူတို့ကို ကြီးကြပ်တာ ရှိပါတယ်။ ကျွန်တော်တို့ ဟိုတစ်နေ့ကဆိုလျှင် နောက်ဆုံးတွေ့ဆုံတဲ့ တွေ့ဆုံပွဲမှာ သူတို့ဆီက Scheduleတွေတောင်းပါတယ်။ ဘယ်ရက်လောက်မှာ အမိုးပြီးမလဲ။ ဘယ်ရက်လောက်မှာအောက်က Foundation မြေဖို့မလဲ၊ ဘယ်လိုလုပ်မလဲဆိုတာကို ကျွန်တော်တို့ အဲ့ဒီလို Schedule တွေတောင်းပြီး ကျောင်းအုပ်တွေကိုလည်း မှတ်ခိုင်းပါတယ်။ မှတ်ခိုင်းပြီးတော့ အဲ့ဒီရက်အတွင်းမှာ လုပ်လို့ပြီး/မပြီး မပြီးလျှင် ကျွန်တော်တို့ဆီအကြောင်းကြားဖို့ဆိုပြီး ကျွန်တော်အဲ့လိုမျိုးတွေဆက်သွယ်ပြီး ဆောင်ရွက်တဲ့ အခါကျတော့ ဆရာမကြီးခုနကပြောသလိုပဲ BRCB(T)က ဒါကို ပြီးအောင်လုပ်ပေးပါမယ်ပြောတာ။ တကယ်တမ်းကျတော့ ကျွန်တော်တို့မြေပြင်မှာ တကယ်မပြီးပါဘူး။ သူတို့ဟိုတစ်နေ့က ကျွန်တော်တို့နဲ့ တွေ့တဲ့အချိန်မှာ ကျွန်တော်တို့က မင်းတို့တိတိကျကျပြော၊ ပိုပိုသာသာပြောရပ်တွေရမ်းပြီးတော့ မပြောနဲ့၊ ဒီလိုပြောတာတောင်မှ အောက်မှာလုပ်ငန်းတွေကမပြီးဘူး။ မပြီးရတဲ့အကြောင်းရင်းက ကျွန်တော် အောက်ခြေမှာလိုက်လေ့လာတဲ့အခါမှာ သူတို့က Site တာဝန်ခံတစ်ယောက်ကို (၃)ကျောင်း လောက်ယူပါတယ်။ ယူထားပြီးတော့ ဒီကျောင်းမပြီးလျှင် ဟိုကျောင်းလုပ် အဲ့ဒီလိုတွေလှည့်ပြီး လုပ်နေတဲ့အခါကျတော့ ကျွန်တော်ကလည်း ဒီမေးခွန်းမေးတယ်ဆိုတာ ကျွန်တော်ကြိုတင်ပြီးတော့ မေးသလိုဖြစ်နေတယ်။ အမှန်မှာ သူ့တို့ရဲ့သက်တမ်းကာလ ရှိသေးတယ်။ ရှိသေးပေမဲ့ တကယ်တမ်း မပြီးနိုင်တဲ့ အနေအထားမို့ ကျွန်တော်က ကိုယ့်အစိုးရအဖွဲ့ကို ကြိုတင်ပြီးအသိပေးခြင်းဖြစ်ပါတယ်။

အဲ့ဒီတော့ကျွန်တော်တို့ မနှစ်ကဆိုလည်း ကျွန်တော်တို့ ဝေါမြို့နယ်မှာ (၁၃)ကျောင်းလောက်က မပြီးပါဘူး။ မပြီးတဲ့အခါကျတော့ ဒီဟာမျိုးတွေမဖြစ်အောင် တစ်နှစ်ထက် တစ်နှစ်ကောင်းအောင် လုပ်ရည်ကိုင်ရည်ကောင်းအောင်လုပ်ရမဲ့ အနေအထားမှာ မနှစ်ကလည်း ဒီလို ၇၅% ပြီးတဲ့ကျောင်းတွေဖြစ်တယ်။ ဒီနှစ်လည်းအဲ့ဒီထက်ဆိုးတဲ့ အနေအထားမျိုးတွေရှိတဲ့အတွက် ဒါကျွန်တော် အမြင်ဆို ၅၀% နဲ့လက်စသတ်မဲ့ပုံစံမျိုးဖြစ်တဲ့အခါကျတော့ ဒီလိုမျိုးမဖြစ်အောင် သူတို့ကိုဘယ်လိုထပ်ပြီးတော့ တိုက်တွန်းမလဲ။ သူ့ကိုကြည့်ရတာ ဒီကျောင်းတင်မကဘူး။ ကုန်ထုတ်လမ်းမှာလည်း လုပ်ငန်းမပြီးဘူး။ ကုန်ထုတ် လမ်းမှာဌာနကပဲ သူ့အလုပ်တွေလိုက်လုပ်ပေးနေသလိုမျိုးတွေ ဖြစ်နေတယ်။ ကျန်းမာရေးက အဆောက်အဦမှာလည်း အဲ့ဒီလိုပဲ ကျွန်တော်တို့ပဲ တွန်းတွန်းတိုက်တိုက် လုပ်နေရတာဖြစ်တဲ့အတွက်ကြောင့် ဒီကုမ္ပဏီက သူတာဝန်ယူထား/တာဝန်ခံတဲ့အပိုင်းမှာ တော်တော်လေး အားနည်းတဲ့ အပိုင်းတွေရှိတဲ့ အတွက် ဒီနှစ်အတွင်းမှာ ဆရာမကြီးတို့မပြီးပြီးအောင်ဝန်ကြီးအနေနဲ့ သူ့ကိုဘယ်လို တိုက်တွန်းမလဲ၊ ဘယ်လိုလုပ်မလဲ၊ အရေးယူတာတော့ အရေးယူလို့ရပါတယ်။ ဒါပေမဲ့တော့ ကျွန်တော်တို့ အောက်ခြေမှာ ဒီလိုအမြဲတမ်းမပြီးဘူးဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ အစိုးရရဲ့ Image လည်းကျမှာဖြစ်တဲ့အတွက် ဒီဟာကို တင်းတင်းကျပ်ကျပ်လေး ဝန်ကြီးအနေနဲ့ တွန်းတွန်းတိုက်တိုက်လေး လုပ်ဆောင်ပေးဖို့ အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးကြည်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်းပဲ ယခုလို အကြံပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့လည်းပဲ ဒီကုမ္ပဏီကိစ္စကို အမြဲမပြတ်လေ့လာနေတဲ့အတွက် မကြာခင်မှာဘဲ ဒီကုမ္ပဏီကိုခေါ်ပြီးတော့ ကျွန်မကိုယ်တိုင်နဲ့ တွေ့ဆုံဖို့အတွက်ကို စီစဉ်ထားပြီးဖြစ်ပါတယ်။ လာမဲ့(၁)ရက်၊ (၂)ရက်အတွင်းမှာ လွှတ်တော်ပြီးသွားမဲ့(၁)ရက်၊ (၂)ရက်အတွင်းမှာ ကျွန်မတို့တွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်။ ပြီးပါမယ်လို့ ကတိခံဝန်ချက်တွေ ရေးထိုးသွားတဲ့အတွက်လည်း ကျွန်မတို့က ဆက်လက်ပြီးတော့ တိုက်တိုက်တွန်းတွန်းနဲ့ ဖိဖိစီးစီးဆောင်ရွက် သွားပါမယ်ဆိုတဲ့အကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်း ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်သော မိခင်ဝိုင်းများ ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် မိခင်ဝိုင်းများ ဖွင့်လှစ်ထားသော မြို့နယ်များ၏ နေရာဒေသများအား သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီးအတွင်း ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင်ပါဝင်သော မိခင်ဝိုင်းများ ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် မိခင်ဝိုင်းများ ဖွင့်လှစ်ထားသော မြို့နယ်များ၏ နေရာ ဒေသများအား သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရပ်ရွာအခြေပြုကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိခင်ဝိုင်းများ မြို့နယ်(၇)မြို့နယ်တွင် (၃၉)ဝိုင်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရပါသည်။ မိခင်ဝိုင်းများဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းခေါင်းဆောင်နှင့် ရပ်ရွာအတွင်းမှ ပံ့ပိုးမည့်သူများအား သင်တန်းပို့ချ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ မိခင်ဝိုင်းများသည် မူလတန်းကြိုကျောင်းဖွင့် လှစ်နိုင်ခြင်းမရှိသေးသော ရပ်ကွက်၊ ကျေးရွာများတွင် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစားထိုးဖွင့်လှစ်ကြောင်းသိရှိရပါသည်။ မိခင်ဝိုင်းများ ကျယ်ပြန့်စွာ ဖွင့်လှစ်ပေးနိုင်ပါက ရပ်ရွာ၊ ကျေးရွာများရှိ မိခင်များ အလုပ်အကိုင်များ လုပ်ကိုင် ဆောင်ရွက်ရာတွင်လည်း ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ပါသည်။ မိခင်ဝိုင်းများ ဖွင့်လှစ်နိုင်ခြင်း ကြောင့် ကလေးသူငယ်များ ဖွံ့ဖြိုးလာစေနိုင်ရေး၊ ပူးပေါင်းဆောင်ရွက်လိုစိတ်များဖြစ်ပေါ်လာနိုင် ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဖွံ့ဖြိုး ရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သောမိခင်ဝိုင်းများ ပိုမို ကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မိခင်ဝိုင်း များ ဖွင့်လှစ်ထားသော မြို့နယ်များ၏နေရာဒေသများအား သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကျောက်ကြီးမြို့တွင် နေ့ကလေးထိန်းကျောင်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ။ ကျောက်ကြီးမြို့တွင် နေ့ကလေးထိန်းကျောင်းတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ကျောက်ကြီးမြို့သည် ပဲခူးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးမှုနောက်အကျဆုံးစာရင်းဝင် မြို့တစ်မြို့ဖြစ်ပါသဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝများမြင့်မားတိုးတက်စေရေးအတွက် အနာဂါတ်ရင်သွေးငယ်များ၏ ဘဝကိုမျှော်ကိုးကာ ကျောက်ကြီးမြို့တွင် နေ့ကလေးထိန်းကျောင်းတစ်ခု ခွင့်ပြုတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]။** ။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန် **"ပဲခူးတိုင်းဒေသကြီးအတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သော မိခင်ဝိုင်းများ ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် မိခင်ဝိုင်းများ ဖွင့်လှစ်ထားသော မြို့နယ်များ၏ နေရာဒေသများအား သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော မိခင်ဝိုင်းများ ပိုမိုကျယ်ပြန့်စွာ ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးဆောင်ကျင်းပပေးသော လူမှုရေးရာအသိပညာပေးသင်တန်း၊ ပြည်သူလူထုသို့ တိုက်ရိုက်ဝန်ဆောင်ပေးမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးသင်တန်းများတွင် ခေါင်းစဉ်တစ်ခုအနေဖြင့်ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးများတွင် ထည့်သွင်းဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိခင်ဝိုင်းများဖွင့်လှစ်ထားသည့် မြို့နယ် (၁၀)မြို့နယ်ရှိ မိခင်ဝိုင်း (၅၈)ဝိုင်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်းလည်း ဝိုင်းအမည်နှင့် ဝိုင်းတည်နေရာများအား ပူးတွဲပါဇယားနှင့်အတူ ပေးပို့ပြီးဖြစ်ပါသည်။

**ပူးတွဲ – ဇယား (၂)ရွက်**

**ပဲခူးတိုင်းဒေသကြီး(အရှေ့)အတွင်း လက်ရှိဖွင့်လှစ်ဆောင်ရွက်လျှက်ရှိသော မိခင်ဝိုင်းများ**

| စဉ် | ခရိုင် | မြို့နယ် | ဝိုင်းအမည် | ဝိုင်းတည်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပဲခူး | ပဲခူး | ကလျာဏီမိခင်ဝိုင်း | ကလျာဏီရပ်ကွက်၊ပဲခူး | |

| | | | | | |
|---|---|---|---|---|---|
| ၂ | ။ | ။ | အေးမေတ္တာမိခင်ဝိုင်း | ဉသျှ(၁)သီးသန့်ရပ်ကွက်၊ပဲခူး | |
| ၃ | ။ | ။ | ဉသျှ(၇)မိခင်ဝိုင်း-၁ | ဉသျှ(၇)ရပ်ကွက်၊ပဲခူး | |
| ၄ | ။ | ။ | ဉသျှ(၇)မိခင်ဝိုင်း-၂ | ဉသျှ(၇)ရပ်ကွက်၊ပဲခူး | ၄ဝိုင်း |
| ၅ | ။ | ကျောက်တံခါး | ကျောက်တံခါးမိခင်ဝိုင်း | ဈေးပိုင်း(၄)လမ်း၊ကျောက်တံခါး | |
| ၆ | ။ | ။ | ပဲနွယ်ကုန်းမိခင်ဝိုင်း | သံမဏီ(၄)ရပ်ကွက်၊ကျောက်တံခါး | |
| ၇ | ။ | ။ | တောကျွဲအင်း(အောင်မြင်)မိခင်ဝိုင်း | ရွှာမရပ်ရပ်ကွက်၊ကျောက်တံခါး | |
| ၈ | ။ | ။ | ဖဒိုမိခင်ဝိုင်း-၁ | ဘိုးပိုက်ဆံ(၅)ရပ်ကွက်၊ဖဒို | |
| ၉ | ။ | ။ | ဖဒိုမိခင်ဝိုင်း-၂ | ဘိုးပိုက်ဆံ(၂)ရပ်ကွက်၊ဖဒို | |
| ၁၀ | ။ | ။ | တောင်ခင်မိခင်ဝိုင်း | တောင်ခင်ကျေးရွာ၊ကျောက်တံခါး | |
| ၁၁ | ။ | ။ | ကျွန်းချောင်းမိခင်ဝိုင်း | ကျွန်းချောင်းကျေးရွာ၊ကျောက်တံခါး | |
| ၁၂ | ။ | ။ | ဆယ့်လေးရွာမိခင်ဝိုင်း | ဆယ့်လေးရွာကျေးရွာ၊ကျောက်တံခါး | |
| ၁၃ | ။ | ။ | ယင်းတိုက်ကုန်းနိ မိခင်ဝိုင်း | ယင်းတိုက်ကုန်းကျေးရွာ၊ကျောက်တံခါး | ၉ဝိုင်း |
| ၁၄ | ။ | သနပ်ပင် | ကျိုက်ပဒိုင်လေးမိခင်ဝိုင်း | ကျိုက်ပဒိုင်ရွာလေး၊သနပ်ပင် | |
| ၁၅ | ။ | ။ | ကျိုက်ပဒိုင်ကြီးမိခင်ဝိုင်း | ကျိုက်ပဒိုင်ကြီးမိခင်ဝိုင်း | |
| ၁၆ | ။ | ။ | ဉာဏ်ကျွန်းမိခင်ဝိုင်း-၁ | ဉာဏ်ကျွန်းကျေးရွာ၊သနပ်ပင် | |
| ၁၇ | ။ | ။ | ဉာဏ်ကျွန်းမိခင်ဝိုင်း-၂ | ဉာဏ်ကျွန်းကျေးရွာ၊သနပ်ပင် | |
| ၁၈ | ။ | ။ | ကုလားချောင်းကြီး၊မိခင်ဝိုင်း | ကုလားချောင်းကြီးကျေးရွာ၊သနပ်ပင် | ၅ဝိုင်း |
| ၁၉ | ။ | ရွှေကျင် | ကျွဲတဲမိခင်ဝိုင်း | ကျွဲတဲကျေးရွာ၊ရွှေကျင် | |
| ၂၀ | ။ | ။ | သံဆိပ်မိခင်ဝိုင်း | သံဆိပ်ကျေးရွာ၊ရွှေကျင် | |
| ၂၁ | ။ | ။ | တောင်ဘက်မိခင်ဝိုင်း(၁) | တောင်ဘက်ကျေးရွာ၊ရွှေကျင် | |
| ၂၂ | ။ | ။ | သရက်ချောင်းမိခင်ဝိုင်း | သရက်ချောင်းကျေးရွာ၊ရွှေကျင် | |
| ၂၃ | ။ | ။ | ဝင်းခနိမ်မိခင်ဝိုင်း | ဝင်းခနိမ်ကျေးရွာ၊ရွှေကျင် | |
| ၂၄ | ။ | ။ | တောင်ဘက်မိခင်ဝိုင်း(၂) | တောင်ဘက်ကျေးရွာ၊ရွှေကျင် | |
| ၂၅ | ။ | ။ | ချောင်းကျိုးမိခင်ဝိုင်း | ချောင်းကျိုးကျေးရွာ၊ရွှေကျင် | |
| ၂၆ | ။ | ။ | ပဒဲကောမိခင်ဝိုင်း | ပဒဲကောကျေးရွာ၊ရွှေကျင် | |
| ၂၇ | ။ | ။ | ဘောဂထာမိခင်ဝိုင်း | ဘောဂထာကျေးရွာ၊ရွှေကျင် | |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | ။ | ။ | ဒလဆိပ်မိခင်ဝိုင်း | ဒလဆိပ်ကျေးရွာ၊ရွှေကျင် | ၁၀ဝိုင်း |
| ၂၉ | တောင်ငူ | ရေတာရှည် | သိုင်းတမိခင်ဝိုင်း | သိုင်းဝကျေးရွာ၊ရေတာရှည် | |
| ၃၀ | ။ | ။ | ဆွာမင်းလမ်းမိခင်ဝိုင်း | ဆွာမင်းကျေးရွာ၊ရေတာရှည် | |
| ၃၁ | ။ | ။ | ဥယျာဉ်မှူး မိခင်ဝိုင်း | ဥယျာဉ်မှူးကျေးရွာ၊ရေတာရှည် | |
| ၃၂ | ။ | ။ | လှည်းကူးလမ်းမိခင်ဝိုင်း | ဥယျာဉ်မှူးကျေးရွာ၊ရေတာရှည် | |
| ၃၃ | ။ | ။ | သမဆယ်မိခင်ဝိုင်း | သမဆယ်ကျေးရွာ၊ရေတာရှည် | ၅ဝိုင်း |
| **စုစုပေါင်း** | | | | | **၃၃ဝိုင်း** |

**နောက်ဆက်တွဲ**

**ပဲခူးတိုင်းဒေသကြီး(အနောက်)အတွင်း လက်ရှိဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မိခင်ဝိုင်းများ**

| စဉ် | ခရိုင် | မြို့နယ် | ဝိုင်းအမည် | ဝိုင်းတည်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပြည် | ပြည် | ဝိုင်း-၁ | ဖိုးခေါင်ရပ်ကွက်၊ပြည် | |
| ၂ | ။ | ။ | ဝိုင်း-၂ | တောင်ကုန်းရွာ၊ပြည် | |
| ၃ | ။ | ။ | ဝိုင်း-၁ | နဝင်း(၃)လမ်း၊ဝက်ထီးကန် | |
| ၄ | ။ | ။ | ဝိုင်း-၂ | ကွက်သစ်(၁)၊(၄)လမ်း ဝက်ထီးကန် | |
| ၅ | ။ | ။ | ဝိုင်း-၃ | ကားဆိတ်၊ဗိုလ်ရုံလမ်း၊ ဝက်ထီးကန် | |
| ၆ | ။ | ။ | ဝိုင်း-၄ | ကွက်သစ်(၂)၊အောင်ပြည်သာလမ်း၊ ဝက်ထီးကန် | |
| ၇ | ။ | ။ | ဝိုင်း-၅ | ကွက်သစ်(၂)၊ ဝက်ထီးကန် | |
| ၈ | ။ | ပန်းတောင်း | က.ပ.တ(၂၃) | က.ပ.တ(၂၃)၊ပန်းတောင်း | |
| ၉ | ။ | ။ | က.ပ.စ(၆) | က.ပ.စ(၆)၊ပန်းတောင်း | |
| ၁၀ | ။ | ။ | က.ပ.စ(၆) | က.ပ.စ(၆)၊ပန်းတောင်း | |
| ၁၁ | ။ | ။ | က.ပ.စ(၅) | က.ပ.စ(၅)၊ပန်းတောင်း | |
| ၁၂ | ။ | ။ | က.ပ.စ(၅) | က.ပ.စ(၅)၊ပန်းတောင်း | |
| ၁၃ | ။ | ။ | က.စ.စ (၁၆) | က.စ.စ(၁၆)၊ပန်းတောင်း | ၁၃ဝိုင်း |
| ၁၄ | သာယာဝတီ | ကြို့ပင်ကောက် | ဝိုင်း-၁ | ဈေးချိုတောင်ရပ်ကွက်၊ လှည်းတန်းလမ်း | |
| ၁၅ | ။ | ။ | ဝိုင်း-၂ | ဥက္ကံအုပ်စု၊ကုန်းမြင့်ရွာ၊ကြို့ပင်ကောက် | |
| ၁၆ | ။ | ။ | ဝိုင်း-၃ | ရွာမမြောက်ရပ်ကွက်၊(၄)လမ်း၊ ကြို့ပင်ကောက် | |
| ၁၇ | ။ | ။ | ဝိုင်း-၄ | အောင်သပြေလမ်း၊သဲကုန်းရပ်ကွက်၊ | |

| | | | | | |
|---|---|---|---|---|---|
| | | | | ကြို့ပင်ကောက် | |
| ၁၈ | ။ | ဇီးကုန်း | ဝိုင်း-၁ | အမှတ်(၁)ရွာမလမ်း၊ဇီးကုန်း | |
| ၁၉ | ။ | ။ | ဝိုင်း-၂ | အမှတ်(၄)ကုန်သည်လမ်း၊ ဇီးကုန်း | |
| ၂၀ | ။ | ။ | ဝိုင်း-၃ | သာပေါင်းအုပ်စု၊လယ်ကွင်းရွာ၊ဇီးကုန်း | |
| ၂၁ | ။ | ။ | ဝိုင်း-၄ | ဝက်စပိုးအုပ်စု၊ထန်းကုန်း၊ဇီးကုန်း | |
| ၂၂ | ။ | အုတ်ဖို | ဝိုင်း-၁ | (၇)ရပ်ကွက်၊ရောလမ်း၊အေးမြသာယာ၊ အုတ်ဖို | |
| ၂၃ | ။ | ။ | ဝိုင်း-၂ | မြို့မ (၁)လမ်း၊အိုးသည်ကုန်း၊အုတ်ဖို | |
| ၂၄ | ။ | ။ | ဝိုင်း-၃ | (၇)ရပ်ကွက်၊ရောလမ်း၊အိုးသည်ကုန်း၊ အုတ်ဖို | |
| ၂၅ | ။ | ။ | ဝိုင်း-၄ | မြို့မ(၁)လမ်း၊အိုးသည်ကုန်း၊အုတ်ဖို | ၁၂ဝိုင်း |
| **စုစုပေါင်း** | | | | | **၅၈ဝိုင်း** |

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]။** ။ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ မေးမြန်းသည့် **"ကျောက်ကြီးမြို့တွင် နေ့ကလေးထိန်းကျောင်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်(၃၃၀)မြို့နယ်တွင် တစ်မြို့နယ်လျှင် စံပြမူလန်းကျောင်း(၁)ကျောင်းစီ ဖွင့်လှစ်နိုင်ရန် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် မူလတန်းကြိုကျောင်း မရှိသေးသည့် မြို့နယ်များတွင် ပထမဦးစားပေးအနေဖြင့် မြေနေရာရရှိရေးအတွက် ဆောင်ရွက်ရာ၌ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ထောက်ပံ့ပေးသည့်မြေ(သို့မဟုတ်)ဒေသခံများမှ လှူဒါန်းမြေ(အနည်းဆုံး၁ဧကေပတ်လည်) ရှိပါက သာမန်မြို့နယ်များထက် ပိုမိုလျင်မြန်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လူမှုဝန်ထမ်းရုံးအနေဖြင့် ပထမအဆင့်မြေနေရာရရှိပြီးပါက နောက်လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦဆောက်လုပ်နိုင်ရန် ဘတ်ဂျတ်တောင်းခံခြင်း၊ ဘတ်ဂျတ်ရရှိပါက အဆောက်အဦဆောက်လုပ်ခြင်း၊ မူလတန်း မူကြိုကျောင်းဖွင့်လှစ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်မတို့အစီရင်ခံစာပေးထားတဲ့ အထဲမှာတော့ ဒါ ၃၉ ဝိုင်းပေါ့။ ဝန်ကြီးဖြေတဲ့အထဲမှာ ၅၈ ဝိုင်းပေါ့ တိုးလာတဲ့အတွက် အများကြီးလည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ကြီးကို အကြံပြုချင်တာက ဝန်ကြီးရဲ့အဖြေမှာပါတယ် ပေါ့နော် ပြည်သူလူထုကို တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွေ လုပ်ဆောင်တယ်ပေါ့နော်။ ကျွန်မအနေနဲ့ ဒီလိုမျိုးလုပ်ဆောင်တာတွေကို တစ်ကြိမ်တစ်ခါမှ မကြား ဖူးဘူးပေါ့ နောက်တစ်ခုက မြို့နယ်အဆင့် ကလေး/သူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ အစည်း အဝေးများမှာ ထည့်သွင်းပြောကြားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီးတော့ ဝန်ကြီးက ဖြေထားတယ်၊ အဲ့ဒီတော့ မြို့နယ်အဆင့်ကလေး/သူငယ်အခွင့်အရေးဆိုင်ရာကော်မတီအစည်းအဝေး ဆိုတာ မြို့နယ်မှာလုပ်တဲ့ အစည်းအဝေးတွေ အဲ့ဒီလိုမျိုးအစည်းအဝေးဆိုတာလည်း ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလိုမျိုးအစည်းအဝေးမျိုးပြုလုပ်ပြီးတော့ ဒါမိခင်ဝိုင်း တွေပြုလုပ်ဖို့အတွက်ကို ဆောင်ရွက်တယ်/ဆွေးနွေးတယ်ဆိုတဲ့ဟာမျိုးကို ကြားဖူးခြင်းမရှိဘူး၊ ဒါတွေက ကျွန်မတို့ မြို့နယ်တွေမှာ အင်မတန်မှ လိုအပ်တာတွေဖြစ်တယ်။ နောက်တစ်ခုကကျတော့ ကျွန်မတို့ ပြည်ခရိုင်မှာဆိုလျှင် (၂)မြို့နယ်ပဲရတယ်။ ပြည်မြို့နဲ့ ကျွန်မတို့ပန်းတောင်းမှာပဲရှိတယ်ပေါ့နော်။

မိခင်ဝိုင်းရဲ့ ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်တွေ၊ မိခင်ဝိုင်းဆိုတဲ့ အဓိပ္ပါယ်ကတော့ မိခင်ဝိုင်းဆိုတာ ရပ်/ရွာအခြေပြု ကလေး/သူငယ်ပြုစုပျိုးထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိတဲ့ အစီအစဉ်တွေလို့ဆိုလိုတယ်ပေါ့ အဲ့ဒီတော့ကျွန်မတို့ မြို့နယ်မှာဆိုလိုရှိလျှင်တော့ ဒါလုပ်ဆောင် ထားတဲ့နေရာတွေဟာ ကျွန်မတို့ ပန်းတောင်းမြို့နယ် ကျေးရွာရပ်ကွက်တွေမှာမဟုတ်ဘဲနဲ့ ပန်းတောင်း မြို့နယ်မှာ ဆိုလို့ရှိလျှင်တော့ ကပတ(၂၃)ပန်းတောင်း၊ ကစက(၆)ပန်းတောင်း၊ ကပစ(၆)ပန်းတောင်း၊ ကပစ(၅)ပန်းတောင်း၊ ကစစ(၁၆)ပန်းတောင်းဆိုပြီးတော့ ဒါဟာဒီမိခင်ဝိုင်းတွေဟာ ရပ်ရွာအခြေပြု လို့ဆိုပေမဲ့လည်း ကျွန်မတို့ ရပ်ကွက်/ ကျေးရွာတွေမှာ ဒီလိုမျိုးဝိုင်းတွေ ဖွင့်လှစ်ထားခြင်းမရှိဘဲနဲ့ တပ်တွင်းတွေမှာသာ ဖွင့်လှစ်ထားတာ ဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်မတို့သိရှိရတယ်။ အဲ့ဒီတော့ ကျွန်မတို့က ပြည်သူလူထုကို တိုက်ရိုက်ဝန်ဆောင်မှုပေးမှုဆိုင်ရာ အသိပညာပေးဆွေးနွေး ပွဲဆိုတော့ ကျွန်မတို့ ပြည်သူနဲ့တွေ့ရှိမှု မရှိဘူးဆိုတဲ့ဟာလည်း ပေါ်လွင်တယ်။ မြို့နယ်အဆင့် ကလေး/သူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဟာလည်းပဲ ဒီလိုမျိုး မိခင်ဝိုင်းတွေဖွင့်ဖို့အတွက်ကို တပ်တွေမှာပဲ ခွင့်ပြုပြီး ကျွန်မတို့ကျေးရွာ/ ရပ်ကွက်တွေမှာ ခွင့်ပြုပေးထားတာမရှိဘူးဆိုတာတွေ ကိုလည်းပဲ ကျွန်မတို့ တွေ့ရှိရပါတယ်။ အဲ့ဒီတော့ ကျွန်မတို့အနေနဲ့ကတော့ ဝန်ကြီးကိုမေးချင်တဲ့ မေးခွန်းက မိခင်ဝိုင်းတွေကို ကျွန်မတို့ ရပ်ကွက်/ကျေးရွာတွေမှာ ဖွင့်လှစ်မယ်ဆိုလျှင် ဘယ်လိုသော အချက်အလက်တွေများ လိုအပ်ပါသလဲဆိုတာကို ဝန်ကြီးအနေနဲ့ ကျွန်မတို့ကို ဖြေကြားပေးဖို့ မေတ္တာ ရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ပပဟန်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ကရင်တိုင်းရင်းသား ရေးရာဝန်ကြီးကရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]။** ။ ဆက်စပ်မေးခွန်း မေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်မအနေနဲ့အထူးပင်ကျေးဇူးတင်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေး/သူငယ်တွေအတွက် အထူးလိုအပ်ပါတယ်ရှင့်။ ပထမဦးစွာ ပြန်လည်ပြောကြားလိုတာကတော့ မြို့နယ်အဆင့် ကလေး/သူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေးပြုလုပ်တဲ့အချိန် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ကြားဖို့ သက်ဆိုင်ရာဌာနကို တိုက်တွန်းပြောကြားပါ့မယ်။ ကျွန်မတို့မြို့နယ်မှာ ကလေး/သူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပတဲ့အခါမှာ ကျွန်မတို့နောက်အစည်းအဝေးများ ကျင်းပတဲ့အခါကျလျှင် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဖိတ်ကြားပေးဖို့ ဒီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ကြားပေးဖို့ နံပါတ်(၁)ပြောကြားပေးပါ့မယ်။ မိခင်ဝိုင်းများ ဖွင့်လှစ်တဲ့အခါမှာ အဓိကလိုအပ်ချက်ကတော့ နံပါတ်(၁) အနေနဲ့ ကလေးအယောက်(၂၀)ရှိရမယ်။ အကျယ်အဝန်း လေဝင်လေထွက်ကောင်းရမယ်။ နောက် ကစားဖို့ နေရာရှိရမယ်။ သင့်တင့်တဲ့ရေအိမ်ရှိရမယ်။ တစ်နေ့ကို ကျွန်မတို့ မိခင်ဝိုင်းရဲ့ ပြဌာန်းချက်ကတော့ တစ်နေ့ကို (၃)နာရီဖွင့်လှစ်နိုင်ရမယ်။ ဥပမာ မနက်(၉)နာရီကနေ နေ့လယ်(၁၂)နာရီထိဖွင့်မလား။ နေ့လယ်(၁)နာရီကနေ (၄)နာရီဖွင့်မလား။ အဲ့ဒီလိုမျိုးတွေ တစ်နေ့ကို(၃)နာရီ ဖွင့်လှစ်ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ အဲ့ဒီလိုဖွင့်လှစ်တဲ့နေရာမှာ ဌာနကနေပံ့ပိုးတာကတော့ ကလေး(၁)ဦးကို အာဟာရကျွေးဖို့ တစ်နေ့ကို (၃၅၀)ပံ့ပိုးပေးတာရှိပါတယ်။ တစ်လကို ရက်(၂၀)စာပေါ့ စနေ၊ တနင်္ဂနွေမပါ။ အဲ့ဒီလိုပံ့ပိုးပေးပါတယ်။ ဒီကလေးကို ထိန်းမဲ့ခေါင်းဆောင်ကိုတော့ ကျွန်မတို့က တစ်လကို (၅)သောင်း ထောက်ပံ့ပေးပါတယ်။ ဒီကလေးကိုထိန်းမဲ့၊ ကြည့်မဲ့ခေါင်းဆောင်ကိုတော့ ဌာနက အခမဲ့ကလေးကို စောင့်ရှောက်တဲ့နည်းကို သင်ကြားပေးပါတယ်။ အဲ့ဒီအခါမှာပါဝင်ရတဲ့ အချက်တွေကတော့ ကျွန်မတို့ ဒီမှာမိခင်ဝိုင်းဖွင့်တော့မယ်ဆိုလျှင် ရပ်ကွက်မှာရှိတဲ့ ရပ်ကွက်ထောက်ခံစာလိုပါတယ်။ လေဝင်လေထွက်ကောင်းကြောင်း၊ သင့်တင့်လျှောက်ပတ်တဲ့ ရေအိမ်ရှိကြောင်း၊ ကလေးကစားဖို့နေရာရှိကြောင်းပေါ့။ အဲ့ဒီလိုရရှိတဲ့အခါကျလျှင် ဌာနက ကျွန်မတို့ တင်ပြပါအတိုင်းတစ်ဦးကို (၃၅၀) ထောက်ပံ့မယ်။ ပြီးလို့ရှိလျှင် ကလေးထိန်းမဲ့ခေါင်းဆောင်ကိုတော့(၅)သောင်းထောက်ပံ့ပေးမယ်။ သင်တန်းလည်း အခမဲ့ပေးပါတယ်။ နောက်ပြီး သူတို့ဆီမှာ ကလေးတွေအိပ်စက်အနားယူဖို့ အိပ်ယာလိပ်၊ ခေါင်းအုံး၊ ဖျာ၊ အိုးခွက်၊ ပန်းကန်များကိုလည်း ဌာနမှအစီအစဉ်နဲ့ ဝယ်ပေးပါတယ်ဆိုတဲ့ အကြောင်းကို ကျွန်မအနေနဲ့ပြန်လည်ပြီးတော့ လေးစားစွာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါတယ်ရှင်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]။** ။ (ဒေါ်ပပဟန်၏ ဆက်စပ်မေးခွန်းအပေါ် စာဖြင့်ဖြေကြားချက်ကို နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီး ဥပဒေချုပ်]။** ။ (ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြန်လည်ကျင်းပမည့်နေ့ရက်တွင် အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]။** ။လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပါစေလို့ ဆုတောင်းရင်းမေတ္တာပို့ပါတယ်။ ယခုကျွန်တော်တင်ပြရမှာကတော့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ တင်သွင်းခဲ့သည့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ (၄/၂၀၁၉)ပါ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ကြီးက ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လက်ရှိကျင့်သုံးလျက်ရှိသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်လိုအပ်ကြောင်းပေါ်ပေါက်သဖြင့် သက်ဆိုင်ရာဌာနများက အကြံပြုပေးရန် ပေးပို့တင်ပြသည့်အခါ ကော်မတီ၏ဖိတ်ကြားချက်အရ သက်ဆိုင်ရာဌာနများနှင့်အတူ ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ တက်ရောက်ဆွေးနွေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

- တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်အမည်စာရင်း တောင်းခံမှုနှင့် ပြန်လည်ဆွေးနွေးရမည့် ရက်တို့ကို သတ်မှတ်ရာတွင် အချိန်လုံလောက်မှုရှိစေရေးအတွက် လွှတ်တော်က သင့်လျော်သည့် ရက်သတ်မှတ်ပေးသင့်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းမှာ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အကြံပြု တင်ပြပါတယ်။

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ ဆောင်ရွက်လျက်ရှိသော ဥပဒေကြမ်းများအား စိစစ်ဆောင်ရွက်သည့် ကိစ္စများတွင် အထူးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာ ဝန်ကြီးများမှ စာဖြင့်ဖြေကြားရန် ကိစ္စများကို (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးဆုံးသည့်နေ့မှ(၁၀)ရက်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် စာဖြင့် ပြန်လည်ပေးပို့ဖြေကြားပေးရန် ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (သတ္တမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၁:၅၅)နာရီတွင် ရပ်နား ပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ (၃၀)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀) နာရီအချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**အဋ္ဌမနေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်**
**[ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက် ]**
**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (အဋ္ဌမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ် များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

ဦးစည်သူလွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၃၀.၇.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၀)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၀ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်းသည့် မေးခွန်း(၂)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်း နိုင်ရေး သက်ဆိုင်ရာဌာနသို့ အမှုတွဲတင်ပြထားပြီးဖြစ်ရာ သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ထား သည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ ကျေးရွာအုပ်စုအား ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ အမှုတွဲ တင်ပြထားပြီးဖြစ်ရာ သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ဖောင်တော်သီမြို့ အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ အမှုတွဲတင်ပြထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖောင်တော်သီကျေးရွာအုပ်စုအား မြို့အဖြစ်အဆင့်တိုးမြှင့်ရန် မြို့အင်္ဂါရပ်(၂၁) ချက်နှင့်အညီ သက်ဆိုင်ရာဌာနသို့ တင်ပြထားရာ သက်ဆိုင်ရာဌာနမှ မြို့အဖြစ် ဆောင်ရွက်နိုင်ရေး မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြု၍ သုံးစွဲရန်ခွင့်ပြုထားခြင်းမရှိသေးသည့်လုပ်ငန်းကို ကုမ္ပဏီ တစ်ခုအား တာဝန်ယူတည်ဆောက်စေခြင်းကိစ္စကို စစ်ဆေးအရေးယူရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြု၍ သုံးစွဲရန်ခွင့်ပြုထားခြင်းမရှိသေးသည့်လုပ်ငန်းကို ကုမ္ပဏီတစ်ခုအား တာဝန်ယူ တည်ဆောက်စေခြင်းကိစ္စကို စစ်ဆေးအရေးယူရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ရေးဆွဲတောင်းခံမှုတွင် သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံးသစ် (၄၀'×၃၀'×၁၂') လုပ်ငန်း အတွက် အသုံးစရိတ်ငွေ(၃၃.၆)သန်းကို လျာထားထည့်သွင်းတောင်းခံခဲ့ပါသည်။

ယခုအခါ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူနိုင်ရေး တင်ပြစိစစ်ဆဲဖြစ်ပါသည်။ သို့ရာတွင် တိုင်းထွေအုပ်မှ ခွင့်ပြုချက်အရဟုဆိုကာ ကုမ္ပဏီတစ်ခုမှ လုပ်ငန်းဆောင်ရွက်ရေး မြေ နေရာရွေးချယ်သတ်မှတ်ခြင်း၊ လုပ်ငန်းစတင်ရန် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါ၍ စစ်ဆေးမှုများ ဆောင်ရွက်၍ မညီညွတ်သောကိစ္စကိုခွင့်ပြုခဲ့သော ဌာနဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို အရေးယူနိုင်ရေး မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ အမှုတွဲတင်ပြထားပြီးဖြစ်ရာ သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် ညွှန်ကြားချက်နှင့်အညီ အမှုတွဲအားပြုစု၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၁၆.၃.၂၀၂၀)ရက်စွဲပါ အမှတ်၊ ၃/၃-၁၆/ဦး ၁ဖြင့် တင်ပြရာ၌ မြို့အင်္ဂါရပ် (၂၁)ချက်အနက် (၁၃)ချက်ပြည့်စုံမှုရှိပြီး လိုအပ်လျက်ရှိသော အောက်ဖော်ပြပါအချက် (၈)ချက်နှင့်ပတ်သက်၍ ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်နိုင်ရေး ဆောင်ရွက်သွားရန် (၁၉.၅.၂၀၂၀) ရက်စွဲပါစာဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားထားရှိပါသည်။

| စဉ် | မြို့အင်္ဂါရပ်ဖြစ်ရန် သတ်မှတ်ချက်များ | မြေပြင်တည်ရှိမှု အခြေအနေ | ရှင်းလင်းတင်ပြချက် |
|---|---|---|---|
| ၁ | ဈေး(၂.၁၆၆)ဧက | စည်ပင်ဈေးရှိ၊ (၁.၉၉၀၅)ဧက | (၀.၁၇၅၅)ဧကသာလိုအပ်ပါသဖြင့်အရှိအတိုင်း ခွင့်ပြုပေးနိုင်ပါရန်တင်ပြခြင်း |
| ၂ | ကလေးများ အပန်းဖြေရန် ဥယျာဉ်/ကစားကွင်း (၁.၄၉၉) ဧက | ကျောက်တိုင်ကွင်း(၁.၄၉၉)ဧက ရှိပါသည်။ | အစိုးရပိုင်မြေဖြစ်ပါသည်။ |
| ၃ | ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း | ဖောင်တော်သီကျေးရွာရှိ စားကျက်မြေ (၁၃)ဧကအားစားကျက်မြေပယ်ဖျက်ခွင့်ရရှိပါကကျေးရွာဘုံမြေ/ထင်းစိုက်ခင်းတွင် အသုံးပြုပါမည် | ဖောင်တော်သီကျေးရွာရှိ စားကျက်မြေ (၄၅၃)ဧကမှ စားကျက်မြေ(၁၃+၄၀)ဧကအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ (၂.၂.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၅/၂-၇/ဦးဖြင့်ပယ်ဖျက်ခွင့် တင်ပြပြီး ဖြစ်ပါသည်။ |
| ၄ | တိုးတက်လာမည့် လူဦးရေအတွက်မြို့တိုးချဲ့ရေးအစီအမံ | ဖောင်တော်သီကျေးရွာရှိ စားကျက်မြေ(၄၀)ဧကအား စားကျက်မြေပယ်ဖျက်ခွင့်ရရှိပါက မြို့မြေတိုးချဲ့ရာတွင် အသုံးပြုပါမည် | |

| | | | |
|---|---|---|---|
| ၅ | တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ | စားကျက်မြေ (၄၀၀)ကေရှိပါသည်။ | ပယ်ဖျက်ပြီးကျန်ရှိသည့် စားကျက်မြေ (၄၀၀)ကေ အား တိရစ္ဆာန်များ ထိန်းကျောင်းမှုတွင် အသုံးပြုပါမည်။ |
| ၆ | အမှိုက်သရိုက်စွန့်ရန် မြေနေရာ(၅)ကေ | အမှိုက်သရိုက်စွန့်ရန် မြေနေရာ(၅)ကေရှိပါသည်။ | ဖောင်တော်သီရွာကွင်း(၁)၊ ပလပ်မြေ(၅) ကေအား လျာထားပါသည်။ |
| ၇ | မိလ္လာစွန့်ရန် မြောင်းတူးသည့် မြေနေရာ(၅)ကေ | မြောင်းတူးရန် ပယ်လမ်းများရှိပါသည်။ | ယခင်ရွာအကွက်ချခဲ့ရာတွင် မိလ္လာလမ်းကြား မြေများထားရှိပါသည်။ |
| ၈ | အခြေခံပညာမူလတန်းကျောင်း (၅)ကေ၊ အလယ်တန်းကျောင်း (၁၀)ကေ၊ အထက်တန်းကျောင်း (၂၀)ကေ | မူလတန်းလွန်ကျောင်း(၂)ကျောင်း၊ (၄)ကေ၊ အလယ်တန်းကျောင်းခွဲ(၂)ကျောင်း၊ (၄)ကေ၊ အထက်တန်းကျောင်း(၁)ကျောင်း (၁၀) ကေ | အခြေခံပညာကျောင်းများမှာ ယခင်ကတည်းကတည်ရှိပြီး ဖြစ်ပါကြောင်းနှင့် မြေထပ်မံတိုးချဲ့ရန် မရှိတော့ပါသဖြင့် လက်ရှိအတိုင်း ခွင့်ပြုပေးနိုင်ပါရန် တင်ပြခြင်း |

ဖောင်တော်သီမြို့ဖြစ်မြောက်ရေးကော်မတီမှ လိုအပ်သည့်အချက်(၈)ချက်အား သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည့်စုံမှုရှိပါက မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြု၍ သုံးစွဲရန်ခွင့်ပြုထားခြင်း မရှိသေးသည့်လုပ်ငန်းကို ကုမ္ပဏီတစ်ခုအား တာဝန်ယူတည်ဆောက်စေခြင်းကိစ္စကို စစ်ဆေးအရေးယူရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့အား (၁၀.၅.၂၀၁၈)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅၇၄/၂၀၁၈)ဖြင့် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည့်အတွက် မြို့အုပ်ချုပ်ရေးမှူးရုံးအဆောက်အဦ ဆောက်လုပ်နိုင်ရေး မြေနေရာရှာဖွေခဲ့ရာ ဆင်မြီးဆွဲမြို့၊ ရထားမြို့မြေ၊ ရပ်ကွက်(၁) အောင်ရတနာရပ်ကွက်၊ အကွက်အမှတ် (၂၉ C)၊ ဦးပိုင် အမှတ်(၃၄-ခ)၊ မြေဧရိယာ(၀.၅၁၉)ကေသည် ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံး အဆောက်အဦ ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါကြောင်း၊ ၎င်းမြေကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန် မရှိသဖြင့်

(၁၄.၂.၂၀၁၉)ရက်နေ့တွင် ပြန်လည်စွန့်လွှတ်ထားသည့်မြေဖြစ်ပါကြောင်း၊ အဆိုပါ မြေဧရိယာ (၀.၅၁၉)ဧကအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၅.၉.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃၀/၂၀၁၉)အရ နိုင်ငံတော်ပိုင်မြေ (State Land)အဖြစ် သတ်မှတ်ထားသောမြေဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရုံးအဆောက်အဦ ဆောက်လုပ်ရန်အတွက် (၃၃.၆၀၀)ကျပ်သန်းကို ဘဏ္ဍာငွေ လျာထားတောင်းခံထားရှိခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၂၄.၄.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၁၀၀/၆-၃၆(၄၄၄)/ရေး၁(အထဥ)ဖြင့် ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူး ရုံးဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းခန့်ထားနိုင်ရေးနှင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုပ်ငန်းများနှင့် မြို့အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်အတွက် ရုံးအဆောက်အဦ လိုအပ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုပေးပါရန် တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ခဲ့ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှသုံးစွဲရန် (၄.၆.၂၀၂၀)ရက်နေ့တွင်ခွင့်ပြုခဲ့ပါသဖြင့် ဆင်မြီးဆွဲမြို့ရုံးအဆောက်အဦ ဆောက်လုပ်ရန် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများရှိ ကြော်ငြာသင်ပုန်းများတွင် ဒေသတွင်းအိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့သို့ ဒေသတွင်းအိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်ခဲ့သော်လည်း တင်ဒါတင်သွင်း လျှောက်ထားလာသူများ မရှိသဖြင့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် Selected Tender ပေးမည့်ကုမ္ပဏီအား လုပ်ငန်းများကြိုတင်ဆောင်ရွက်နိုင်ရန်စေလွှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်ဆက်တည်းတွင် ဌာနမှ Selected Tenderဖြင့် ဆောင်ရွက်နိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံ(၂.၇.၂၀၂၀)ရက်စွဲပါ ရုံးတွင်းမှတ်စုလွှာ(MS)ဖြင့် တင်ပြခဲ့ရာ Cabinet သို့ တင်ပြရန်ညွှန်ကြားခဲ့သဖြင့် (၉.၇.၂၀၂၀)ရက်စွဲတွင် ကျင်းပပြုလုပ်သော Cabinet သို့ တင်ပြခဲ့ပါကြောင်း၊ ခွင့်ပြုချက်ရရှိသဖြင့် Selected Tender ပေးထားသည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးလုပ်ငန်းများ အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံးအား တည်ဆောက်ရန် လျာထားတင်ပြဆောင်ရွက်ခဲ့သော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း မြို့အုပ်ချုပ်ရေးမှူးရုံးအဆောက်အဦအား အမြန်တည်ဆောက်ဖွင့်လှစ်နိုင်မှသာ အုပ်ချုပ်မှုလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံး၊ အဆောက်အဦ တည်ဆောက်ခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် တစ်စုံတစ်ရာအရေးယူဆောင်ရွက်ရန် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတာလည်း ပြည့်စုံပါတယ်။ အဲ့ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လည်း မြို့ဖြစ်မြောက်ရေး ကော်မတီကနေပြီးတော့ ၂၀၁၉ ခုနှစ်ကတည်းက (၂၁)ချက်နဲ့အညီ တင်ပြထားပြီးပါပြီ။ လိုအပ်ချက်တွေကို ပြန်လည်ပြီးတော့ ပြင်ဆင်ဖြည့်စွက်တင်ပြတဲ့နေရာမှာ တစ်ချို့သောအချက်တွေဟာ မြို့နယ်အဆင့်မှာတောင်မှ မရှိနိုင်တဲ့ အချက်တွေပါ။ ဥပမာ- အထက်တန်းကျောင်း ဧက(၂၀)၊ အလယ်တန်းကျောင်း (၁၀)ဧကတို့ဆိုတာ မြို့နယ်အဆင့်မဟုတ်ဘူး။ တိုင်းအဆင့် မြို့ကြီးတွေမှာတောင်မှ မရှိတဲ့အချက်အလက်တွေဖြစ်နေပါတယ်။ ဒါတွေကို အဆင်ပြေချောမွေ့အောင်တော့ ထိုက်သင့်တဲ့ အနေအထားတစ်ခုနဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်မယ်ဆိုရင် အတတ်နိုင်ဆုံးအဆင်ပြေဆုံးဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

နောက်တစ်ခုက ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာလည်း မေးမြန်းထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ဒါကို အမှုတွဲတည်ဆောက်ပြီးတော့ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတဆီကို တင်ပြဆောင်ရွက်ပေးသွားပါမယ်လို့ ဖြေကြားထားတာရှိပါတယ်။ ကျွန်တော့်အနေနဲ့က ဒီအမှုတွဲကို ၂၀၁၉ ခုနှစ်တည်းက ဆောင်ရွက်တာဖြစ်ပြီးတော့ အခုအချိန်အထိ တစ်နှစ်ကျော်ကာလအတွင်းမှာ ဘာမှထူးခြားမှုမရှိဘဲ အချိန်ကြန့်ကြာနေတာဖြစ်တဲ့အတွက် ဒါကို ဘယ်လိုမျိုး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမလဲဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးသန်းထိုက်အောင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒီဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်ကို တင်ပြပြီးတော့ ဖြေကြားရမှာဖြစ်တဲ့အတွက် စာဖြင့်ပြန်လည်ဖြေကြားသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။**(စာဖြင့်ပြန်လည်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့်ဖော်ပြပါမည်။)**

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒီအဖြေရဲ့အစမှာပဲ လာရောက်ဖြေကြားတဲ့ဝန်ကြီးကနေပြီးတော့ အစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်အရ ဖြေကြားသွားတာပါ။ တာဝန်ပေးထားရင် တာဝန်ယူရမှာပဲဖြစ်ပါတယ်။ ဖြေကြားချက်မှာ အပိုဒ် (၃)ပိုဒ်ပါပါတယ်။ ပထမဆုံး အပိုဒ်အနေနဲ့ကတော့ မြေနေရာရရှိမှုကို ဖော်ပြထားတာဖြစ်ပါတယ်။ မြေနေရာရရှိမှုနဲ့ ပတ်သက်လို့ကတော့ ဆင်မြီးဆွဲမြို့ဖြစ်မြောက်ရေးကော်မတီအနေနဲ့ ကြိုးကြိုးစားစားနဲ့ မြို့ဖြစ်မြောက်ရေးကို ဆောင်ရွက်ခဲ့တယ်။ လွတ်နေတဲ့ ၃၄ (ခ) ဆိုတဲ့ State Land အပေါ်မှာ အစိုးရ၊ ဌာနဆိုင်ရာ အဆောက်အဦတွေနဲ့ တခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်နေတယ်ဆိုတာ သိပြီးသားဖြစ်ပါတယ်။

အပိုဒ် ၂ မှာစပါမယ်။ ဆင်မြီးဆွဲမြို့ အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုပြီးသွားပါပြီ။ ရုံးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေမှာဆိုရင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းအတွက် တကယ်တမ်းတော့ အဆောက်အအုံမလိုပါဘူး။ Function တစ်ခုရှိနေရင် လည်ပတ်လို့ရပါပြီ။ ထပ်ပြောရရင် ဆင်မြီးဆွဲမြို့မှာ အောင်ရတနာရပ်ကွက်ထဲမှာပဲ ရုံးဟောင်းတစ်လုံးလည်းရှိပြီးသားပါ။ အခုက ရုံးသစ်ပါ။ လည်ပတ်ဖို့အတွက် ယန္တရား Function ကို ခန့်အပ်ပြီးသွားပြီ။ ရုံးဟောင်းလည်းရှိနေတယ်။ ၂၀၁၅ တုန်းကလည်း ဒီရုံးဟောင်းမှာ ကောင်းကောင်းလည်ပတ်ခဲ့ပြီးသွားပါပြီ။ ဒါဟာ မိုးကြိုးပစ်တာကို ထရံနဲ့ကာတာပါပဲ။

ဒုတိယအချက်အနေနဲ့ ၂၀၂၀-၂၀၂၁ လွှတ်တော်မှာ တင်ပြပြီးတော့ လုပ်ငန်းအတည်ပြုပေးလိုက်သော လုပ်ငန်းကို အထွေထွေပိုလျှံငွေကနေ ချထားတာက လွှတ်တော်လုပ်ငန်းစဉ်ကို မထီမဲ့မြင်ပြုတာပါပဲ။ တိုင်းလွှတ်တော်ကနေ ငွေလုံးကို ပြည်ထောင်စုအဆင့်ကို တင်ပြဆဲအနေအထားပဲရှိသေးတယ်။ ဒါတိုင်းလွှတ်တော်ကို မထီမဲ့မြင်ပြုတာပါပဲ။ နောက်သုံးစွဲတဲ့ငွေတိုင်းဟာ လွှတ်တော်ရဲ့ခွင့်ပြုအတည်ပြုချက်ကို ရယူပြီးတော့ သုံးစွဲရတာပါ။ အခု ပြည်ထောင်စုလွှတ်တော်ကြီးကို တင်ပြထားဆဲ ပြည်ထောင်စုလွှတ်တော်ကြီးကလည်း အခုမှ စိစစ်ဆဲအခြေအနေတစ်ခုမှာ တိုင်းအစိုးရအနေနဲ့ ဒီလိုဆောင်ရွက်တာသည် ပြည်ထောင်စုလွှတ်တော်ကြီးကိုလည်း မထီမဲ့မြင်ပြုတာပါပဲ။ လွှတ်တော်တစ်ရပ်မှာ ရန်ပုံငွေတစ်ရပ်အနေနဲ့ လျာထားပြီးသွားတဲ့ကိစ္စကို အထွေထွေပိုလျှံရန်ပုံငွေက ချထားတာသည် Foolish ပေ့ါ။ အထွေထွေပိုလျှံရန်ပုံငွေအတွက် မြို့နယ်တိုင်း မြို့နယ်တိုင်းက ကိုယ်စားလှယ်အသီးသီးကနေ မိမိဒေသရဲ့ အခြေခံလိုအပ်ချက်တွေအတွက် တောင်းဆိုနေတာတွေ အများကြီးပါ။ ဆောင်ရွက်ဖို့လုပ်ငန်းတွေ အများကြီးပါ။ ဒါကို အတည်ပြုထားပြီးသားလုပ်ငန်းတစ်ခုကို ဒီလို အထွေထွေပိုလျှံရန်ပုံငွေကသုံးစွဲတာသည် တိုင်းအစိုးရအဖွဲ့အနေနဲ့ မှန်ကန်သလား၊ မမှန်ကန်ဘူးလားဆိုတာ မိမိကိုယ်ကို သုံးသပ်ရမှာပါ။

ဒီအပိုဒ်ထဲမှာပဲ တင်ဒါခေါ်ယူတယ်လို့ပြောထားပါတယ်။ သိချင်ပါတယ်။ တင်ဒါအစည်းအဝေး လုပ်ငန်းတစ်ခု အကောင်အထည်ဖော်ဖို့ဆိုရင် တင်ဒါအစည်းအဝေး (၅)ကြိမ်ထက်မနည်း ကျင်းပရမှာပါ။ အဲ့ဒီ(၅)ကြိမ်ထက်မနည်းကျင်းပတဲ့ အစည်းအဝေးမှတ်တမ်းတွေရှိသလား။ ရှိရင်တင်ပြဖို့ လိုအပ်လာပါပြီ။ ဒါကျွန်တော် ဆက်စပ်မေးခွန်းမှာ မေးမြန်းသွားမှာဖြစ်ပါတယ်။ တင်ဒါကိစ္စမှာလည်း ဒီမှာဖော်ပြထားတဲ့ ရက်စွဲတွေအရ အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ကို ရရှိပြီးမှ တင်ပြီး လုပ်ဆောင်ရမှာဖြစ်ပေမဲ့လည်း အခုဆိုရင် လုပ်ဆောင်ပြီးမှ ပြန်လည်တင်ပြတဲ့ရက်စွဲတွေဖြစ်နေပါတယ်။ ဒါက လုပ်ထုံးလုပ်နည်းနဲ့ ကိုက်ညီပါသလားဆိုတာကိုလည်း စဉ်းစားဆင်ခြင် သုံးသပ်နိုင်ဖို့ဖြစ်ပါတယ်။

အဆုံးသတ်မှာတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုချက်အရ ဆောင်ရွက်တယ်။ အစိုးရအဖွဲ့ကခွင့်ပြုလိုက်တာ။ ဒါဆိုရင် အစိုးရအဖွဲ့က တာဝန်ခံရတော့မယ်။ အဂတိမြောက်/မမြောက် ဆိုတာကို စဉ်းစားဆင်ခြင်သုံးသပ်ရတော့မှာပါ။ ဒါကြောင့် ကျွန်တော့်ရဲ့ ဆက်စပ်မေးခွန်းအနေနဲ့ တင်ဒါခေါ်ယူစဉ်က ဆောင်ရွက်ခဲ့တဲ့ အစည်းအဝေးမှတ်တမ်းတွေနဲ့ အထောက်အထားတွေကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ရှိ/မရှိနဲ့ နံပါတ်(၂)အနေနဲ့ အဂတိကော်မရှင် ဒါမှမဟုတ် လွှတ်လပ်တဲ့စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့ ဒီကိစ္စကို စိစစ်သုံးသပ်နိုင်ဖို့ အစိုးရအဖွဲ့အနေနဲ့ စီမံဆောင်ရွက်နိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်လင်းထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းမှာ တိုင်းလွှတ်တော် ပြည်ထောင်စုလွှတ်တော်ကို မထီမဲ့မြင်ပြုတယ်ဆိုတဲ့ စကားလုံးများ အဂတိများပါတာဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ကို တင်ပြပြီး စာဖြင့်ပြန်လည်ဖြေကြားသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ **(စာဖြင့်ပြန်လည်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က သက်ဆိုင်ရာမေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တောင်ဘက်-ဝင်းခနိမ့်ကျေးရွာအုပ်စုအတွင်းရှိ ရွှေသတ္တုတွင်းစွန့်လွှတ်မြေ (၄၁၈.၉၈) ကေအား နိုင်ငံတော်၏ စီမံခန့်ခွဲပိုင်ခွင့်မြေအဖြစ် ဆက်လက်ဆောင်ရွက်ရန် ခက်ခဲနေပါ၍**

**တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးဆောင်ပြီး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တောင်ဘက်-ဝင်းခနိမ့်ကျေးရွာအုပ်စုအတွင်းရှိ ရွှေသတ္တုစွန့်လွှတ်မြေ (၄၁၈.၉၈)ကေအား နိုင်ငံတော်၏ စီမံခန့်ခွဲပိုင်ခွင့်မြေအဖြစ် ဆက်လက်ဆောင်ရွက်ရန် ခက်ခဲနေပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးဆောင်ပြီး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနမှ ရွှေသတ္တုတူးဖော်ခဲ့သည့် လုပ်ကွက်တည်နေရာပြမြေပုံတွင် ပွိုင့်(၇)ခုဖြင့် ဦးမြင့်ရွှေ လ/ထ အထွေထွေ မန်နေဂျာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်မှတ်ဖြင့်တွေ့ရှိရပြီး အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ အသုံးပြုရန် မရှိတော့သဖြင့် (၂၈.၄.၂၀၁၄)ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံ ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စုမှ မြေဧရိယာ (၄၁၈.၉၈)ကေရှိ စွန့်လွှတ်မြေတည်နေရာပြမြေပုံတွင် (ဦးအုန်းမြင့် လက်ထောက်အထွေထွေမန်နေဂျာ ပဲခူးတိုင်းဒေသကြီး၊ ရွှေဖက်စပ်ကြီးကြပ်ရေးရုံး ရွှေကျင် (၁၈.၆.၂၀၁၉)နေ့စွဲဖြင့် လက်မှတ်ထိုးပြီး ပွိုင့် ၉ ပွိုင့် ဖြင့် မှတ်တမ်း တင်ထားသည်ကို တွေ့ရှိရပါသည်။ စာအမှတ် ၇၆/ဖစရက (၄-က)/ ၂၀၂၀ (၃၀.၆.၂၀၂၀) အနေဖြင့် ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြစာတွင် မူလမြေပုံအတိုင်း ဦးအုန်းမြင့် တိုင်းသတ္တုတွင်း တာဝန်ခံ လက်မှတ်ဖြင့် တင်ပြထားသည်ကိုတွေ့ရပြီး ဦးအုန်းမြင့်၏ တင်ပြချက်များမှာ ကွဲလွဲနေသည်ကို တွေ့ရပါသည်။

ဦးမြင့်ဦး (နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/ဖမန(နိုင်)၀၆၆၂၈၁)ပါ (၂၅)ဦးနှင့် ဒေါ်သိန်းမြင့် (၅/မလန(နိုင်) ၀၃၁၁၅၀)ပါ (၃)ဦးတို့၏ တင်ပြစာကိစ္စအား ရည်ညွှန်းချက် အမှတ်(၂)သတ္တုတွင်း လုပ်ငန်း ရုံးချုပ်နေပြည်တော်၏ (၁၀.၂.၂၀၂၀) ရက်စွဲပါ စာအမှတ် ၃၄၃/ အခ/အစ/တိုင်ကြား ၂၀၂၀ ထုတ်ပြန်စာတွင်လည်း မူလမြေပုံ(၇)ပွိုင့်သာ အမှန်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ယင်းသတ္တုစွန့်မြေပေါ်တွင် ယခင်ကာလမှစ၍ ယခုအထိ ကျူးကျော်နေထိုင်သူများမှာ အိမ်ထောင်စုဝင် နှစ်ရာကျော်အထိရှိနေပြီး ယခုအခါ ခြံစည်းရိုးများကာရံခြင်း ရွှေကျင်ပြီး မြေစာများ ရောင်းချခြင်း၊ အိမ်ဆောက်ခြင်းတို့ ရှိနေပါသည်။

စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် မြေစာရင်းအင်းဦးစီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့တွင်လည်း နဂိုမူလသိမ်းဆည်းစဉ်က မှတ်တမ်းမှတ်ရာများ မရှိဖြစ်နေပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးဆောင်ပြီးစီမံဆောင်ရွက် ပေးနိုင်ဖို့ အစီအစဉ်ရှိ/ မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအား သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]။** ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တောင်ဘက်-ဝင်းခနိမ့်ကျေးရွာအုပ်စုအတွင်းရှိ ရွှေသတ္တုစွန့်လွှတ်မြေ (၄၁၈.၉၈)ဧကအား နိုင်ငံတော်၏ စီမံခန့်ခွဲပိုင်ခွင့်မြေအဖြစ် ဆက်လက်ဆောင်ရွက်ရန် ခက်ခဲနေပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးဆောင်ပြီး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် ၁၉၈၉ ခုနှစ်တွင် သတ္တုတွင်းဖော်ထုတ်လုပ်ရန်အတွက် သိမ်းယူခဲ့ပြီး သိမ်းယူစဉ်ကမြေပုံညွှန်း (၇)ပွိုင့်ဖြစ်ခဲ့ပြီး ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS/ဝင်းခနိမ်ကွင်း)၊ ဦးပိုင်အမှတ်(-)မှ မြေဧရိယာ(၄၁၈.၉၈)ဧကအား အမှတ်(၂)သတ္တုတွင်းလုပ်ငန်းက အသုံးပြုရန်မရှိသဖြင့် (၂၇.၅.၂၀၁၃)ရက်နေ့တွင် မြေပုံညွှန်း(၇)ပွိုင့်ဖြင့် ပြန်လည်အပ်နှံခဲ့သော်လည်း မြေပုံညွှန်း(၉)ပွိုင့်ဖြစ်နေရခြင်းမှာ ရွှေကျင်မြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ (၂.၄.၂၀၁၄)ရက်စွဲဖြင့် သိမ်းဆည်းမြေများ ပြန်လည်အပ်နှံရန် မြေစာရင်းပုံစံ ၁၀၅ ရေးဆွဲထုတ်ပေးစဉ်က ကွဲလွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျာ။ ဒါကတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ အဲ့ဒီအချိန်က တာဝန်ယူတဲ့ ဦးမြင့်ရွှေက ပြန်လည်ပြီး လွှဲအပ်ထားတာဖြစ်ပါတယ်။ အဲ့ဒီလွှဲအပ်တဲ့နေရာမှာ နံပါတ်(၆)အနေနဲ့ သတ္တုတွင်းဝန်ကြီးဌာနမှ အထူးသတ္တု(၂)စမ်းသပ်တူးဖော်ထုတ်လုပ်ရန် သိမ်းယူခဲ့သော ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအနီး ဖော်ပြပါဧရိယာ(၄၁၈.၉၅)ဧကအား သတ္တုတွင်းပိုင်မြေအဖြစ်မှ စွန့်လွှတ်ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြေယာစီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန်အတွက် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတ္တုတွင်းဝန်ကြီးဌာနကိုယ်စား လွှဲပြောင်းအပ်နှံရေးအဖွဲ့က ပြန်လည်အပ်နှံခဲ့ပါကြောင်းနှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်းဆိုပြီး စာအမှတ်၊ ၁၀၃/ ထစရက မေးတင်ကုန်/၂၀၁၃/ ရက်စွဲ ၂၀၁၃ ခုနှစ် မေလ ၂၇ ရက်ဖြင့် ပြန်လည်ပြီး အပ်နှံခဲ့ပါတယ်။

ဒီပုံမှာကြည့်လျှင်မှန်ပါတယ်၊ ပထမဦးဆုံး မျဉ်းအဝါပွိုင့်နဲ့ပြထားတာက စတင်တောင်းယူစဉ်နှင့် အပ်စဉ်က ရေးဆွဲခဲ့တဲ့ပုံပါ။ အပြာလိုင်းက ပြန်အပ်တဲ့အချိန်မှာ ဖြစ်နေတာပါ။ အားလုံး ၉ ပွိုင့်ဖြစ်နေပါတယ်။ ၉ ပွိုင့်ဖြစ်နေတဲ့နေရာမှာ ဒေါ်သိန်းမြင့်ပါ(၃)ဦး၏ တည်နေရာက ကြယ်အနီလေးများနဲ့ ပြထားပါတယ်။ ဦးမြင့်ဦးပါ (၂၅)ဦး၏ နေရာကလည်း အဲ့ဒီနေရာမှာဖြစ်ပါတယ်။ ကျူးအကွက်များကို သူတို့ကရှောင်ပြီး ရေးဆွဲထားသလိုဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကွဲလွဲချက်များရှိနေခြင်းသည်လည်း ထင်ရှားပါတယ်။ အဲ့ဒီကွဲလွဲချက်များရှိနေခြင်းအား ပြန်လည်စိစစ်တိုင်းထွာပေးရန်အတွက် နိုင်ငံတော်စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်ရရှိပြီးဖြစ်တဲ့အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား– ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဖြေကြားချက်အနေနဲ့ကတော့ လုပ်ငန်းသဘောအရတော့ ကျွန်တော် နားလည်ပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ယခု သတ္တုမြေနေရာပတ်ဝန်းကျင်ဟာ တံတားကြီးကလည်း ပြီးသွားပြီဖြစ်တဲ့အတွက် အလားအလာကောင်းပြီး မြေတန်ဖိုးမြင့်နေတဲ့ အနေအထားမျိုးတွေဖြစ်ပါတယ်။ အဲ့ဒီမှာ ကွဲလွဲချက်ကြောင့် ဒီကျူး(၃)ဦးလည်း နစ်နာခဲ့ရပါတယ်။ ဒုတိယမြေပုံ ၉ ပွိုင့်မြေပုံအရ သတ္တုမြေထဲမှာ မပါဘူးလို့ပြောတဲ့အတွက် ပြီးခဲ့တဲ့ မိုးတွင်းကာလမှာ ကျူး(၃)ဦးဟာ ဗဟိုတရားရုံးအဆင့်ဆင့်ကို အယူခံသော်လည်းပဲ ဥပဒေကြောင်းအရ ကိုက်ညီတဲ့အတွက် ဖျက်သိမ်းပေးခဲ့ရပါတယ်။ သို့သော် ကျွန်တော်ပြောချင်တာက နဂိုမူလမြေပုံ အမှန်အတိုင်းသာဆို အဲ့ဒီ(၃)ဦးဟာ အမှုဆွဲလို့မရပါဘူး။ သို့သော် ကျွန်တော်ထပ်ပြီး ပြောချင်တာကလည်း အဂတိတရားတွေမကင်းဘူးလို့ယူဆပါတယ်။ ဘာကြောင့် ဒီလိုပြောရလဲဆိုရင် သတ္တုတွင်းတာဝန်ခံတစ်ယောက်အနေနဲ့ ၉ ပွိုင့်တုန်းကလည်း မိမိတာဝန်ခံတယ်။ ၇ ပွိုင့်ကျတော့လည်း တာဝန်ခံတယ်ဆိုတာ ရိုးသားမှုမရှိဘူးလို့ပဲ ကျွန်တော် နားလည်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အမြန်ဆုံးဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

နောက်တစ်ချက်က သတ္တုစွန့်မြေပေါ်မှာရှိတဲ့(၃)အိမ်က အခု ဒုတိယအကြိမ်ထပ်ပြီးတော့ တရားစွဲခံထားရပါတယ်။ ၂၃.၆.၂၀၂၀ နေ့စွဲဖြင့် ရွှေကျင်မြို့နယ်၊ တရားရုံးတော်အမှတ် ၂၀၂၀ တရားမ အမှုကြီး အမှတ် ၄၃ ဖြင့် အမှုအမည် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများအား ဖျက်သိမ်းဖယ်ရှားပြီး မြေကိုလက်ရောက်ပေးအပ်စေလိုမှုနဲ့ နစ်နာကြေး သိန်း ၇၀ ရလိုမှုဆိုပြီးတော့ မူလနိုင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကပဲ ထပ်ပြီးတော့ တရားစွဲထားပါတယ်။ ကျွန်တော်ပြောချင်တာက ဒီဟာတွေ မှန်မှန်ကန်ကန်မရှိတဲ့အတွက် အောက်ခြေမှာမလိုလားအပ်တဲ့ ပြဿနာတွေရှိတယ်။ နစ်နာတဲ့လူတွေကလည်း နစ်နာခံနေကြရတယ်။ ကျွန်တော်သိရသလောက်ကကျတော့ တိုင်းအိုးအိမ်ဦးစီးဌာနကို ဒါကိုအမြန်ဆုံးဖော်ဆောင်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော်ထပ်ပြီးမေးလိုပါတယ်။ ဒါဘာကြောင့်ပြောရသလဲဆိုရင် ယနေ့ အဲ့ဒီသတ္တုစွန့်မြေရဲ့အနေအထားဟာ ဆိုးဆိုးဝါးဝါးပဲဖြစ်နေပါတယ်။ တိုင်မှာ RC အဆောက်အဦတွေနဲ့ ဆောက်နေကြပါတယ်။ အခိုင်အမာ RC တိုင်တွေနဲ့ ခြံဝန်းတွေခတ်ပြီး ရောင်းစားနေတာဖြစ်တဲ့အတွက် နေမြင့်လေအရှုံးရင့်လေဖြစ်နေတာ ဖြစ်တဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ ဒါကို အမြန်ဆုံး ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]**။ ။လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်မေးတဲ့ ၇ ပို့င့်ကနေ ၉ ပို့င့်ဖြစ်တဲ့အတွက်ကြောင့် အဂတိမကင်းဘူးလို့ ယူဆပါတယ်။ အဲ့ဒီအတွက်ကြောင့် အစိုးရအဖွဲ့အနေနဲ့ ဒါကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတဲ့အချက် ပါပါတယ်။ နောက်တစ်ခုကတော့ မြေပြင်အခြေအနေမှာ ရှုပ်ထွေးမှုများစွာဖြစ်နေတဲ့အတွက်ကြောင့် တိုင်းအစိုးရအဖွဲ့က ဒါကို စီမံစေချင်တဲ့သဘော ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းထားတာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ အဓိကအချက်က ဘာလဲဆိုတော့ ၇ ပို့င့်နဲ့ ၉ ပို့င့်ဖြစ်နေတဲ့ပြဿနာပါ။ ၇ ပို့င့်နဲ့ ၉ ပို့င့်ဖြစ်နေတဲ့ပြဿနာကို ကျွန်တော်တို့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို သတ္တုတွင်းက ပြန်စွန့်တဲ့အချိန်မှာ ဒီမေးခွန်းမှာလည်း ကျွန်တော်ဖြေကြားထားပြီးသားဖြစ်ပါတယ်။ ၇ ပို့င့်နဲ့ up အတွက်ကြောင့် မြေပုံတစ်ချို့က ၉ ပို့င့်ဖြစ်နေတာ။ ဒါဖြစ်နေတာနဲ့ပတ်သက်ပြီးတော့ ဘာဖြစ်လို့ ဒီလိုအခြေအနေဖြစ်သွားတာလဲ။ ဘာဖြစ်လို့ ဒီလို လယ်စာရင်းတွေနဲ့ တိုင်းတာခဲ့ပါသလဲဆိုတာ ကျွန်တော် ဒီမေးခွန်းရောက်ရှိတဲ့အချိန်မှာ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို စာနဲ့ အမှုတွဲလွှဲအပ်ပြီး မေးထားတာဖြစ်ပါတယ်။ အဲ့ဒီအဖြေက ဆက်စပ်ပြီးတော့ ကျွန်တော့်ဆီကို အချိန်မီ ရောက်ရှိမလာပါဘူး။ ဒါလေးတစ်ချက်ရှိပါတယ်။

နောက်တစ်ခုကတော့ ဝန်ထမ်းပိုင်းနဲ့ပတ်သက်လို့ အဂတိမကင်းဘူးလို့ ယူဆနိုင်တယ်။ နောက်တစ်ခုက စွန့်လွှတ်မြေက သတ္တုမြေကစွန့်လိုက်ပေမဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စီမံခန့်ခွဲခွင့်ဖြစ်တဲ့ အခြေအနေကို ပြန်ရောက်နေတယ်။ ဒီအခြေအနေ ကြားကာလလိုဖြစ်နေတဲ့အတွက်ကြောင့် ဒါကို ကျွန်တော် အစိုးရအဖွဲ့ကို တင်ပြပြီးတော့ လိုအပ်တဲ့လမ်းညွှန်မှုခံယူပြီး အမြန်ဆုံးဆောင်ရွက်သွားဖို့အတွက် Cabinet တင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ Cabinet မှာတင်ပြီး စာနဲ့ပြည့်စုံအောင် ပြန်ဖြေပေးပါ။ ခုန လယ်စီချင်းက မြေစာရင်းက တွက်ချက်မှုတွေရော Cabinet ရဲ့ အရေးယူဆောင်ရွက်ချက်တွေရော စာနဲ့ လွှတ်တော်မှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါ။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက

သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝန်းအတွင်း NGO/ INGO အဖွဲ့အစည်းတစ်ခု ဖြစ်သော SAVE THE CHILDREN ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရှိရပါသဖြင့် မည်သူ့ခွင့်ပြုချက်ဖြင့် မည်သို့မည်ပုံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ကျောက်ကြီးမြို့နယ်၊ အ.ထ.က နတ်သံကွင်းကျောင်းခြံမြေမှ ပိုနေသောမြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝန်းအတွင်း NGO/ INGO အဖွဲ့အစည်းတစ်ခု ဖြစ်သော SAVE THE CHILDREN ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရှိရပါသဖြင့် မည်သူ့ခွင့်ပြုချက်ဖြင့် မည်သို့မည်ပုံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ဓါတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြမေးမြန်းအပ်ပါသည်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ကျောက်ကြီးမြို့နယ်၊ အ.ထ.က နတ်သံကွင်းကျောင်းခြံမြေမှ ပိုနေသောမြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ အ.ထ.က နတ်သံကွင်းကျောင်းကို ၁၉၉၇ ခုနှစ်က အ.ထ.ကအဖြစ် အဆင့်တိုးမြှင့်ပြီး နတ်သံကွင်း၊ အမှတ်(၃)ရပ်ကွက် အ.လ.က ကျောင်းမြေနေရာမှ တံခွန်တိုင်ကျေးရွာ ယခုလက်ရှိ အ.ထ.က ကျောင်းမြေနေရာကို ပြောင်းရွှေ့ခဲ့ရာ အိမ်ခြံမြေနှင့် တောင်သူလယ်သမားများထံမှ လယ်မြေ စုစုပေါင်း (၁၆.၈၃)ကေကို ရဝတ ခေတ်က အ.ထ.က ကျောင်းမြေအဖြစ် သတ်မှတ်သိမ်းယူခဲ့ပါသည်။ သိမ်းယူစဉ်အခါက ယနေ့အချိန်ထိ ကျောင်းပရဝဏ်မြေမှာ (၆.၄)ကေခန့်သာရှိပြီး ပိုလျှံမြေများကို ကျောင်းအကျိုးတော်ဆောင်နှင့် ခေတ်အဆက်ဆက် တာဝန်ရှိသူများမှ သီးစားခချထား၍ အခကြေးငွေများ ယူဆောင်ထွန်ယက်ခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို သိမ်းဆည်းခံမြေပိုင်ရှင်များက တိုင်ကြားပြီးသည့် နောက်ပိုင်းတွင် မည်သည့်သီးပင်မှ စိုက်ပျိုးခြင်းမရှိဘဲ မြေကွက်လပ်အဖြစ် ယနေ့ထိတိုင် တည်ရှိနေပါသည်။ အဆိုပါ ပိုလျှံမြေများအား

မူလတောင်သူများထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ငွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ **"ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝန်းအတွင်း NGO/ INGO အဖွဲ့အစည်းတစ်ခု ဖြစ်သော SAVE THE CHILDREN ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရှိရပါသဖြင့် မည်သူ့ခွင့်ပြုချက်ဖြင့် မည်သို့မည်ပုံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပြည်သူ့ ဆေးရုံဝန်းအတွင်း NGO/INGO အဖွဲ့အစည်းတစ်ခုဖြစ်သော SAVE THE CHILDREN ရုံးဖွင့်လှစ်ခြင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ သဘောထားမှတ်ချက်ဖြစ်သော "ဆေးရုံ၏ Master Planကို ထိခိုက်မှုမရှိအောင် စီစဉ်ဆောင်ရွက်ရန်"ဟု မှတ်ချက်ပြုထားသည့်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကုသရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲမှလည်း SAVE THE CHILDREN အဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်းမှုအရ အဆောက်အဦဆောက်လုပ်ပြီးချိန်တွင် မြို့နယ်ကုသရေးဦးစီးဌာနသို့ လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ကျောက်ကြီးမြို့နယ် ကုသရေးဦးစီးဌာနနှင့်အတူ ဆောက်လုပ်လှူဒါန်းသည့် အဆောက်အဦတွင် အကောင်အထည်ဖော်လျက်ရှိသော MOU သက်တမ်းအရ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ညှိနှိုင်းသဘောတူညီမှု လုပ်ငန်းစဉ်အရ ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ထားရှိသည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ငွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ အ.ထ.က နတ်သံကွင်းကျောင်းခြံမြေမှ ပိုနေသောမြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်၊ အထက-နတ်သံကွင်း ကျောင်းပိုင်မြေ (၁၆.၈၃)ဧကသည် သိမ်းဆည်းမြေမဟုတ်ဘဲ ကာလပေါက်ဈေးများဖြင့် ဝယ်ယူထားသောမြေ ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ(၂၈)ရက်နေ့တွင် ကျောင်းမြေအား ကျူးကျော်ဝင်ရောက်သည့် ကိစ္စနှင့် ပတ်သက်၍ ကျောက်ကြီးမြို့နယ် တရားရုံးမှ ရာဇသတ်ကြီးပုဒ်မ (၄၄၇)အရ ကျူးကျော်ဝင်ရောက်သူ ဒေါ်အေးအေးသန်းအား ငွေဒဏ်(၃၀၀၀၀)ကျပ်တိတိ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၂-၁၀-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၈/၃-၅/ဦး ၆ (၁၀၈၃၂)ဖြင့် အထက-နတ်သံကွင်းကျောင်းအတွက် အများဆုံးလိုအပ်သော မြေပမာဏ(၁၀)ဧကအား လယ(၃၀)

လျှောက်ထားသွားရန်နှင့် ကျန်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲရန်ဟု ဝန်ကြီးချုပ်မှ မှတ်ချက်ပြုထားကြောင်း ညွှန်ကြားလာပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျောင်းမြေ(၁၀)ကေချန်ပြီး ကျန်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲအပ်နိုင်ရေးအတွက် တိုင်းပညာရေးမှူးရုံး၏ (၂၆-၁၁-၂၀၁၉)ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၁-က)/၇၃၈၂/တစ(၁၉)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပါသည်။ ကျောင်းမြေအတွင်း ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် ကျောက်ကြီးမြို့နယ်တရားရုံးမှ ပုဒ်မ (၄၄၇) အရ ငွေဒဏ်ချမှတ်ခြင်းခံရသော ဒေါ်အေးအေးသန်းသည် ၎င်း၏ခင်ပွန်း ဦးဝင်း၊ ညီမဖြစ်သူ မငယ်တို့နှင့်အတူ ဒုတိယအကြိမ် အထက-နတ်သံကွင်းကျောင်းမြေအတွင်းသို့ ဝင်ရောက်၍ အကွက်များရိုက်ကာ ခြံတိုင်များကာရံခြင်း ပြုလုပ်နေသည့်အတွက် အမှုတိုင်ကြားပြီး တရားစွဲဆိုခွင့်ပြုပါရန် အထက-နတ်သံကွင်းကျောင်းအုပ်ကြီးမှ (၇-၁-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ၀၈၁/ကျူးကျော်/၂၀၂၀ ဖြင့် တင်ပြလာသည့်အတွက် ကျူးကျော်များအား တရားစွဲဆိုနိုင်ရန် ပညာရေးဌာန၏ကိုယ်စားလှယ် လွှဲအပ်ခွင့် ရရှိနိုင်ရေးအခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြခဲ့ပါသည်။ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ (၈-၆-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-က) /၁၁၅၆၇/ စီမံ(ညွှန်)(၂၀)ဖြင့် ကျူးကျော်ဝင်ရောက်သူများအား တရားစွဲဆိုရန် ကျောက်ကြီးမြို့နယ်ပညာရေးမှူး ဦးထွားအောင်အား ပညာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် ညွှန်ကြားလာသည့်အတွက် တရားစွဲဆိုမှုအား ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျောင်းပိုင်မြေလ/ယ(၃၀) လျှောက်ထားမှုတွင်လည်း ကျောင်းမြေသည် ကျူးကျော်များဝင်ရောက်နေပြီး တရားစွဲဆိုမှုများရှိသည့်အတွက် ကြန့်ကြာနိုင်သည်ဟု မြေစာရင်းဦးစီးဌာနမှ ပြောကြားပါကြောင်း၊ အထက-နတ်သံကွင်း ကျောင်းအုပ်ကြီး၏ နှုတ်ဖြင့်တင်ပြချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ အထက-နတ်သံကွင်း ကျောင်းမြေအား ပြန်လည်စွန့်လွှတ်ရန်ကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ကျောင်းမြေ(၁၀)ကေချန်၍ ကျန်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့လွှဲအပ်ရန် မှတ်ချက်ပြုထားမှုအား အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပေါင်းတည်မြို့နယ်တွင် ပြည်ထောင်စုဘဏ္ဍာငွေ ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် အ.မ.က ပေါက်တောကျောင်းပါ(၅)ကျောင်းကို ပြန်လည်ပေးအပ်ခဲ့ရသည့်အတွက် ယင်းကျောင်းများအား မည်ကဲ့သို့ ကုစားဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"နိုင်ငံတော်၏ စီမံကိန်းဝင်စာသင်ကျောင်းများ ပြန်လည်ပေးအပ်ခဲ့ရခြင်းမှာ မည်သူ့တွင် တာဝန်ရှိပြီး မည်သူတာဝန်ခံရမည်ကို သိရှိလိုပါသည်။ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်သူများ ပျက်ကွက်ခဲ့မှုအတွက် မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို တိတိကျကျ**

**သိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ "ပေါင်းတည်မြို့နယ်တွင် ပြည်ထောင်စုဘဏ္ဍာငွေ ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် အ.မ.က ပေါက်တောကျောင်းပါ (၅)ကျောင်း ကို ပြန်လည်ပေးအပ်ခဲ့ရသည့်အတွက် ယင်းကျောင်းများအား မည်ကဲ့သို့ ကုစားဆောင်ရွက်ပေးမည် ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ အ.မ.က ပေါက်တောကျောင်း၊ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်း များဖြစ်သော အ.ထ.က ပေါင်းတည်၊ မူလွန်ငါးရှဉ့်ကွင်းကျောင်းနှင့် အ.မ.က ကိုင်းကွင်း၊ အ.လ.က သိမ်ကုန်းကျောင်းတို့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရန် စီမံကိန်းလုပ်ငန်းများအဖြစ် သတ်မှတ်၍ တင်ဒါခေါ်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် အဆိုပါ ကျောင်းများတည်ဆောက်ရန် တင်ဒါခေါ်မှုအခြေအနေ နောက်ကျခဲ့ရပါသည်။ ထိုသို့ နောက်ကျသဖြင့် ကျောင်းဆောင်များ ဆက်လက်မတည်ဆောက်နိုင်ခဲ့သဖြင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ များအတွက် များစွာနစ်နာခဲ့ရပါသည်။ ထို့ကြောင့် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလို၍ အစီ အစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ။ "နိုင်ငံတော်၏ စီမံကိန်းဝင် စာသင်ကျောင်းများ ပြန်လည်ပေးအပ်ခဲ့ရခြင်းမှာ မည်သူ့တွင် တာဝန်ရှိပြီး မည်သူတာဝန်ခံရမည်ကို သိရှိလိုပါသည်။ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်သူများ ပျက်ကွက်ခဲ့မှုအတွက် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်သွားမည်ကို တိတိကျကျသိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ် အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ပေါင်းတည်မြို့နယ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာ ရေးနှစ် သာမန်အသုံးစရိတ်(၀၄-၀၂)၊ (၀၄-၀၉) ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် ကျောင်းများ စာရင်း တင်ဒါအောင်မြင်ပါလျက် တည်ဆောက်နိုင်ခြင်း မရှိခဲ့ပါ။ ထိုကျောင်းများမှာ အ.ထ.က ပေါင်းတည် (သဇင်ဆောင်)၊ အ.ထ.ကပေါင်းတည် (ခွာညိုဆောင်)၊ အ.မ.က(ခွဲ)ကိုင်းသာ၊ အ.မ.က ကျောက်ကြီးတောင်နှင့် အ.မ.က မှန်ပင်ကျောင်းတို့ဖြစ်ပါသည်။ ထိုသို့ တင်ဒါအောင်မြင်ပါလျက် ပြန်လည်အပ်ခဲ့ရပါသည်။ သက်ဆိုင်ရာကိုယ်စားလှယ်များအား အသိမပေး အလေးထားမတိုင်ပင်ဘဲ ပြန်လည်အပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါကျောင်းများ ပြန်လည်အပ်ခဲ့သည့်အတွက် ထိုကျောင်းနေကလေးများ နစ်နာခဲ့ရသလို အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပါသည်။ ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများမှာလည်း စိတ်မကောင်းဖြစ်ရပြီး မျှော်လင့်ချက်များရိုက်ချိုးသကဲ့သို့ ဖြစ်ခဲ့ရ ပါသည်။ အစိုးရအပေါ် နားလည်မှုလွဲမှားစေပါသည်။ ယခင်နှစ်များတွင်လည်း ယခုကဲ့သို့အဖြစ် ကြုံတွေ့ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်၏စီမံကိန်းဝင် စာသင်ကျောင်းများ ပြန်လည်အပ်ခဲ့ရခြင်းမှာ မည်သူ့တွင် တာဝန်ရှိပြီး မည်သူတာဝန်ခံရမည်ကို သိရှိလိုပါသည်။ တာဝန်ယူ၊ တာနိခံဆောင်ရွက်သူများ

ပျက်ကွက်ခဲ့မှုအတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို တိတိကျကျသိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်တွင် ပြည်ထောင်စုဘဏ္ဍာငွေ ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် အ.မ.က ပေါက်တောကျောင်းပါ(၅)ကျောင်းကို ပြန်လည်ပေးအပ်ခဲ့ရသည့်အတွက် ယင်းကျောင်းများအား မည်ကဲ့သို့ ကုစားဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေခံပညာကျောင်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါသည်။

တင်ဒါလျှောက်ထားမှုမရှိသော ကျောင်းများအတွက် Selected ကုမ္ပဏီရွေးချယ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြ၍ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်မှ တင်ဒါလျှောက်ထားမှုမရှိသော အခြေခံပညာကျောင်း (၃)ကျောင်း ရှိပါသည်။ တင်ဒါအောင်မြင်ပြီး ကုမ္ပဏီမှပြန်လည်အပ်နှံသော အခြေခံကျောင်း(၂)ကျောင်း၊ စုစုပေါင်း ကျောင်း(၅)ကျောင်း ရှိပါသည်။

အဆိုပါကျောင်းများအတွက် သက်ဆိုင်ရာမြို့နယ်မှ Selected ကုမ္ပဏီရွေးချယ်တာဝန်ပေးနိုင်ရေး အကြောင်းကြားဆောင်ရွက်သော်လည်း လျှောက်ထားသူမရှိ၍ ရွေးချယ်တာဝန်ပေးနိုင်မှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်မှုမရှိသော လုပ်ငန်းများအား COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေလွှဲပြောင်းအပ်နှံခဲ့ရခြင်းတို့ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကိုခံယူလျက် တင်ဒါပိုလျှံရန်ပုံငွေ တင်ဒါလျှောက်ထားမှုမရှိ၍ ဆောင်ရွက်မှုမရှိသော ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးကျောင်းများ၏ ရန်ပုံငွေ၊ စက်ပစ္စည်း၊ ပရိဘောဂခေါင်းစဉ်ဖြင့် ခွဲဝေရရှိသော ရန်ပုံငွေအချို့နှင့် (၀၄၀၂၊ ၀၄၀၃၊ ၀၄၀၉) (ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ၊ ကျောင်း၊ လမ်းများ ပြင်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်း သန့်စင်ခန်းများတည်ဆောက်ခြင်း) ခေါင်းစဉ်ဖြင့် ရရှိခဲ့သော ရန်ပုံငွေများ စသည်တို့ကို ပြန်လည်အပ်နှံခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ (COVID-19 ရန်ပုံငွေ ပြန်အပ်ခေါင်းစဉ်)မှ မူလွန်-ပေါက်တောကျောင်းအား (၆၀x ၃၀)ပေ Steel Structure (၁)ထပ် ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ်(၂)ဖြင့်လည်းကောင်း၊ အထက-ပေါင်းတည်အား (၁၂၀x၃၀) Steel Structure (၁)ထပ်ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ်(၃)ဖြင့်လည်းကောင်း၊ အမက(လွန်) ငါးရှဉ့်ကွင်းကျောင်းအား (၆၀x၃၀)ပေ Steel Structure (၁)ထပ် ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး

အမှတ်စဉ်(၄)ဖြင့်လည်းကောင်း၊ အထက(ခွဲ) သိမ်ကုန်းကျောင်းအား (၆၀x၃၀)ပေ Steel Structure (၁)ထပ်ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ် (၅)ဖြင့် လည်းကောင်း၊ အမက–ကိုင်းကွင်းကျောင်းအား (၆၀x၃၀)ပေ Steel Structure (၁)ထပ် ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ် (၆)ဖြင့်လည်းကောင်း လျာထားအတည်ပြု တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"နိုင်ငံတော်၏ စီမံကိန်းဝင်စာသင်ကျောင်းများ ပြန်လည်ပေးအပ်ခဲ့ရခြင်းမှာ မည်သူ့တွင် တာဝန်ရှိပြီး မည်သူတာဝန်ခံရမည်ကို သိရှိလိုပါသည်။ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်သူများ ပျက်ကွက်ခဲ့မှုအတွက် မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို တိတိကျကျသိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ဝ၄၀၂၊ ဝ၄ဝ၉ ရန်ပုံငွေဖြင့် အထက–ပေါင်းတည်မှ (သဇင်ဆောင်)နှင့်(ခွာညိုဆောင်)၊ အမက(ခွဲ)ကိုင်းတာ၊ အမက–ကျောက်ကြီးတောင်နှင့် အမက–မှန်ပင်ကျောင်းတို့သည် တင်ဒါအောင်မြင်ခဲ့သော်လည်း COVID–19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးရန်ပုံငွေအတွက် အရေးပေါ်ပြန်လည်အပ်နှံခဲ့ပါသည်။ ၎င်းဘဏ္ဍာငွေများကို ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းမဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှ ပြန်လည်အပ်နှံခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့အပ်နှံခဲ့သည့် ကျောင်းများအားလုံး၏ လုပ်ငန်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် လျာထားစာရင်းတွင် ပြန်လည်ထည့်သွင်းပြီးဖြစ်သည့်အတွက် အရေးယူဆောင်ရွက်ရန် မလိုအပ်တော့ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား– မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂)တို့ကို ဆက်စပ်မေးခွန်းအဖြစ် မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတဲ့အဖြေမှာတင် တင်ဒါလျှောက်ထားခြင်းမရှိသော အခြေခံပညာကျောင်း(၃)ကျောင်းရှိပါသည် ဆိုပြီးတော့ ဖြေထားပါတယ်။ တင်ဒါလျှောက်ထားခြင်းမရှိတဲ့ ကျောင်း(၃)ကျောင်းရှိပြီဆိုရင် ကျွန်တော်တို့ တင်ဒါနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ ညွှန်ကြားချက်မှာ သက်ဆိုင်ရာ တင်ဒါတွေကို လျှောက်ထားခြင်းမရှိရင် သက်ဆိုင်ရာနယ်မြေက ကျောင်းကော်မတီတွေက ကျောင်းကော်မတီဖွဲ့ပြီးတော့ တိုက်ရိုက်တည်ဆောက်ခွင့်ရအောင် လမ်းညွှန်ပေးပြီးလည်းဖြစ်ပါတယ်။ တင်ဒါလုပ်ထုံးလုပ်နည်းထဲမှာလည်း အတိအလင်းဖော်ပြညွှန်ကြားထားပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်တွေကို မြို့နယ်အထိ ရောက်အောင်မပို့တဲ့ ပညာရေးနဲ့သက်ဆိုင်တဲ့ဝန်ကြီး မြို့နယ်အထိ ဘာကြောင့် ဒီညွှန်ကြားချက်

တွေ မပို့တာလဲ။ မြို့နယ်မှာ တင်ဒါဆွဲတဲ့လူမရှိတော့ရင် ကျွန်တော်တို့ ကော်မတီဖွဲ့ပြီး လုပ်ပါမယ် ဆိုတော့ သက်ဆိုင်ရာမြို့နယ်မှာ ဒီညွှန်ကြားချက်တွေကို မပေးပါဘူး မပို့ပါဘူးဆိုပြီးတော့ ပြောကြားနေ တာ အစည်းအဝေးမှာတင် ပြောကြားပါတယ်။ ဒီလုပ်ငန်းတွေကို ကြန့်ကြာမှာစိုးတဲ့အတွက် တောင်ပေါ် ဒေသတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ အခက်အခဲများစွာ ရင်ဆိုင်ရပါတယ်။ အခုလို မိုးတွင်းဆိုရင် သွားရေးလာရေးအင်မတန် ခဲယဉ်းပါတယ်။ ဒီကိစ္စတွေက နွေရာသီကတည်းက ပစ္စည်းတွေတင်ထား ကာမှ ဒီမိုးတွင်းအခြေအနေမှာ ပြီးအောင် မနည်းရုန်းကန်ပြီးဆောက်ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါတွေက အင်မတန် အခက်အခဲတွေ့တဲ့အတွက် တောင်ပေါ်ဒေသတွေရဲ့ ပညာရေးအခက်အခဲတွေ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ အမြဲတမ်း ဖြည့်ဆည်းပြီးတော့ ဆောင်ရွက်ပေးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ကျွန်တော်မေးချင်တာက တင်ဒါလျှောက်ထားခြင်းမရှိတဲ့ ကျောင်းတွေကို သက်ဆိုင်ရာမြို့နယ်က တင်ဒါကော်မတီဖွဲ့ပြီးတော့ လျှောက်ထားဖို့ ဘာကြောင့် လမ်းမညွှန်တာလဲ။ ဒီညွှန်ကြားချက်ကို မသိတာလား။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဆောင်ရွက်ရန် စီမံကိန်းကျထားရင် ဒီ စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ပေးရမယ့် တာဝန်ရှိပါလျက်နဲ့ ဒီလို အကောင် အထည်ဖော်မပေးခြင်းဟာ အင်မတန် တာဝန်မဲ့ရာကျပါတယ်။ တာဝန်မဲ့ရာကျတဲ့အတွက် အရေးယူ ပေးဖို့ ကျွန်တော် ဒုတိယမေးခွန်းအနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် တင်ဒါအောင်မြင်ပြီးတော့ ကုမ္ပဏီက ပြန်လည်အပ်နှံခဲ့တဲ့ ကျောင်း(၂)ကျောင်းက တင်ဒါလည်းအောင်ပါလျက်နဲ့ ကုမ္ပဏီက ပြန်အပ်လက်ခံတယ်ဆိုတဲ့ ဝန်ကြီးဌာနကို မေးချင်တာက တင်ဒါအောင်မြင်တဲ့ကုမ္ပဏီကနေ ပြန်အပ်တာလည်း လက်ခံတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့အစိုးရ မှာ တင်ဒါပေးနေတဲ့ လုပ်ငန်းစဉ်တွေအားလုံးကို လူတစ်ယောက်ယောက်က တင်ဒါအောင်သွားပြီး တော့ အကုန်လုံး ပြန်ပြီးတော့အပ်နှံတယ်ဆိုရင် ကျွန်တော်တို့ စီမံကိန်းတွေကို အမြဲတမ်း ဒီကဲ့သို့ နှောင့်ယှက်နေရင် ကျွန်တော်တို့အစိုးရရဲ့ ရှေ့ဆက်သွားရမယ့် အခြေအနေတွေ ယိုင်နဲ့သွားနိုင်တယ်။ ဒါကြောင့် တင်ဒါအောင်မြင်ပါလျက်နဲ့ ဘာကြောင့် ပြန်အပ်လက်ခံတာလဲ။ ဒါတွေမှာကော သက်ဆိုင်ရာ ဝန်ကြီး ဌာနမှာ အဂတိကင်းနေလား။ အရေးယူဖို့ မလိုအပ်ဘူးလား။ ဘယ်သူ့ကို အရေးယူရမှာလဲ။ ဒီလို အအပ်လက်ခံတဲ့သူကို အရေးယူရန် လိုအပ်ခြင်းရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးကို ဒုတိယမေးခွန်း အနေနဲ့ ဆက်စပ်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်း(၂)ခုနှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးရဲလင်းနိုင် ဆက်စပ်မေးခွန်းမေးတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မက ဒီမှာ ဖော်ပြထားပါတယ်။ ပေါင်းတည်မြို့နယ်ကနေ တင်ဒါလျှောက် ထားမှုမရှိတဲ့ အခြေခံပညာကျောင်း(၃)ကျောင်း တင်ဒါအောင်မြင်ပြီး ကုမ္ပဏီမှ ပြန်လည်အပ်နှံသော အခြေခံကျောင်း(၂)ကျောင်း စုစုပေါင်း(၅)ကျောင်းရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါကလည်း တကယ်

ဖြစ်ပျက်နေတဲ့ ပကတိအဖြစ်အပျက်ကို ဖော်ပြခြင်းသာဖြစ်ပါတယ်။ တင်ဒါလျှောက်ပြီးတော့ အောင်မြင်တယ်ဆိုပြီးတော့ ဒီနေရာဒေသမှာ သွားလုပ်တဲ့အခါမှာ တင်ဒါကုမ္ပဏီရဲ့အခက်အခဲက ဘာတွေဖြစ်နေလဲဆိုတာလည်း ကျွန်မတို့က အဲ့ဒီလောက်ထိ လိုက်ပြီးတော့ မစစ်ဆေးနိုင်ပါဘူး။ တင်ဒါကုမ္ပဏီမှာဖြစ်ပျက်နေတဲ့ အခြေအနေအရ မလုပ်နိုင်တော့ဘူးဆိုတဲ့ အနေအထားဖြစ်လာတဲ့အခါမှာ ပြန်အပ်ပါရစေဆိုပြီး အချိန်မီ အခါမီ တင်ပြလာရင် ကျွန်မတို့အနေနဲ့ လက်ခံရပါတယ်။ လက်ခံပြီးတဲ့အခါမှာ ဒီကျောင်းမဆောက်နိုင်တော့ရင် ဆောက်နိုင်မယ့်လူကို ရွေးချယ်ပေးဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့မဆောက်နိုင်တဲ့ ကျောင်းတွေရှိတယ်။ မဆောက်ဖြစ်တဲ့ ကျောင်းတွေရှိတယ်။ အဲ့ဒါတွေကို Selected ကုမ္ပဏီရွေးချယ်ပြီး တာဝန်ပေးနိုင်ဖို့ဆိုပြီးတော့ အကြောင်းကြား ဆောင်ရွက်ပေမဲ့လည်း ပေါင်းတည်မြို့နယ်က လျှောက်ထားမယ့်လူ မရှိတဲ့အတွက် Selected ရွေးချယ်ဖို့တော့ အဆင်သင့်ပြင်ထားတယ်။ လာလျှောက်တဲ့လူ တစ်ယောက်မှမရှိတဲ့အတွက် ရွေးချယ်တာဝန်ပေးနိုင်မှု မရှိခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီကုမ္ပဏီတွေဟာ သူတို့ရဲ့အခြေအနေအရ မလုပ်ကိုင်နိုင်တာနဲ့ ကုမ္ပဏီပေါင်းမြောက်မြားစွာရှိပါတယ်။ ပေါင်းတည်မြို့နယ် တစ်ခုတည်းမဟုတ်ပါဘူး။ အဲ့ဒါတွေအားလုံးအတွက်ကို ကျွန်မတို့အနေနဲ့ အမြဲတမ်း မပြတ်ဘူး။ အခုအချိန်အထိ Selected တင်တာကို ရနိုင်သမျှ ရွေးချယ်ပေးနေရတုန်းဖြစ်ပါတယ်။ မြို့နယ်အနေနဲ့က ကျွန်မတို့ဆီကို တိုက်ရိုက်အကြောင်းကြားတာလည်းမရှိပါဘူး။ မြို့နယ်ပညာရေးမှူးဟာလည်း ပညာရေးဝန်ကြီးဌာနရဲ့ မြို့နယ်မှာ အကြီးအကဲတစ်နေရာဖြစ်နေတဲ့အတွက် အဲ့ဒီလို တင်ပြပြီးလုပ်မယ်ဆိုရင် မြို့နယ်ပညာရေးမှူးဟာ အဆင့်ဆင့် တိုင်းပညာရေးမှူးကို ရောက်လာမယ်။ တိုင်းပညာရေးမှူးကမှ သူ့လုပ်ဆောင်ခွင့်အရ လိုအပ်ချက်ရှိတယ်ဆိုရင် ကျွန်မဆီကို တင်ပြမှာ ဖြစ်ပါတယ်။ အခု ဝန်ကြီးက ဒါတွေကိုမသိဘူးလား။ ဒါတွေကို မလုပ်ဘူးလားဆိုတော့ ဒါဟာ ကျွန်မကို ရန်တွေ့နေတဲ့ သဘောတရားမျိုးဖြစ်နေတယ်လို့တောင် ခံစားရတယ်။ ဘာလို့လဲဆိုတော့ လုပ်ငန်းရဲ့ Process ဟာ ဘယ်လိုရှိသလဲဆိုတာကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သေသေချာချာ ဂဃနဏ တိတိကျကျလေး စုံစမ်းပြီးတော့မှ ပြောရင်လည်းရပါတယ်။

နောက်တစ်ခုက ပညာရေးဝန်ကြီးဌာနနဲ့ လောလောဆယ် ရင်းနှီးမှု အတိုင်းအတာအရဆိုရင် ကျွန်မဟာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်နေတဲ့အတွက် ကျွန်မနဲ့ အမြဲရင်းနှီးနေတာဖြစ်ပါတယ်။ လိုအပ်ချက်ကိုလည်းပဲ တင်ပြလို့ရပါတယ်။ တင်ပြတဲ့အခါမှာလည်း ပါးစပ်လေးနဲ့ပဲ ပြောလို့မရပါဘူး။ စာနဲ့တင်ပြမှပဲ ဖြစ်မှာဖြစ်တဲ့အတွက် ကျွန်မ ခဏခဏလည်းပြောခဲ့ပါတယ်။ ပါးစပ်နဲ့ မတင်ပြပါနဲ့။ စာလေးနဲ့တင်ပြပေးပါ။ ဒါမှသာလျှင် စာပေါ်မူတည်ပြီးတော့ ကျွန်မအနေနဲ့ တိုင်းပညာရေးဦးစီးဌာနကို ညွှန်ကြားချက်တွေ ဆက်ပြီး ထုတ်နိုင်မှာဖြစ်ပါတယ်ဆိုတာလည်း ပြောပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခါမှလည်း လာပြီးမပြောပြ သတင်းလည်းမပို့တဲ့အခါကျတော့ ကျွန်မတို့ မသိနိုင်တဲ့အခြေအနေမှာ ဒီလိုဖြစ်ရတာတွေကို ဒီဒေသခံဆိုင်ရာ ပြည်သူလူထုအနေနဲ့လည်း ဒီကျောင်းအပေါ်မှာ စိတ်ဝင်စားမှုနည်းလေသလား။ ဒါမှမဟုတ်ရင် မြို့နယ်ပညာရေးမှူးကပဲ အလုပ်မလုပ်လေသလား ဆိုတာ ဒီအချက်(၂)ချက်ကို တွေးစရာဖြစ်လာပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒါတွေကိုပြန် ဆန်းစစ်ပြီးတော့ ဌာနကပေါ့လျော့မှုသာဖြစ်တယ်ဆိုရင် ကျွန်မ ဆက်လက်အရေးယူဆောင်ရွက်ဖို့ရှိပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဘာလို့မဆောက်နိုင်ရသလဲဆိုတဲ့ အကြောင်းတရားတစ်ခုကတော့ Covid-19ပါဝင်ပတ်သက်လာပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာရှိတဲ့ ပညာရေးဝန်ကြီးဌာနက လုပ်ငန်းအနေနဲ့ ဘာမှမလုပ်ရသေးသော အကြောင်းများ ရာခိုင်နှုန်းအစိတ်တောင် မပြီးသေးသောကျောင်းများ အစရှိသဖြင့် ဒါတွေကို ရာနှုန်းတစ်ခုသတ်မှတ်ပြီး ပိုလျှံငွေတွေကို သူတို့လိုအပ်တဲ့ အတိုင်းအတာထိရောက်အောင် ပြန်လည်အပ်နှံခဲ့ရတာဖြစ်ပါတယ်။ အပ်နှံမှုကြောင့် မပါတာတွေလည်းဖြစ်တယ်။ ဒါကြောင့် အဲ့ထဲမှာ ပါဝင်နေတဲ့ကျောင်းတွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ပြန်လည်တောင်းခံထားပြီးတော့ ရတာဖြစ်ပါတယ်။ ရပြီဖြစ်တဲ့အတွက် လျာထားပြီး တင်ပြထားပြီးဖြစ်တယ်ဆိုတာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေး ကော်မတီများ ဖွဲ့စည်းခြင်းတွင်ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်း ရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတို့အား ဖွဲ့စည်းပြီးခြင်းရှိ/မရှိ၊ ဖွဲ့စည်းမှုမရှိလျှင် မည်သည့်အချိန်တွင် ဖွဲ့စည်းမည်ကို သိရှိလိုပါကြောင်းနှင့် ဖွဲ့စည်း ပြီးပါက မည်ကဲ့သို့ အဆင့်ဆင့်ဖွဲ့စည်းထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း သည့်မေးခွန်းနှင့်

(၂) **"ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ထန်းပင်ကွင်းကျေးရွာ၊ အ.မ.က စာသင် ကျောင်းဆောင်မှာ ပျက်စီးယိုယွင်းနေပါသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေး ကော်မတီများနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်းတွင်ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတို့အား ဖွဲ့စည်းပြီးခြင်းရှိ/မရှိ၊ ဖွဲ့စည်းမှုမရှိလျှင် မည်သည့်အချိန်တွင် ဖွဲ့စည်းမည်ကို သိရှိလို ပါကြောင်းနှင့် ဖွဲ့စည်းပြီးပါက မည်ကဲ့သို့ အဆင့်ဆင့်ဖွဲ့စည်းထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို (၂၀၁၉)ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၆)၊ (၁၃၈၀) ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက် (၂၀၁၉)ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

ဤဥပဒေအခန်း(၄)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်းဟူ၍ ပါရှိပါသည်။ တိုင်းဒေသကြီးနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ပေါ်ပေါက်လာပါက တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်ပေါ်နေသော ရှေးဟောင်းအမွေအနှစ်လက်ရာများ ပြန်လည်ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ယခုလက်ရှိ ဖော်ထုတ်ပြသထားသော အမွေအနှစ်လက်ရာများအားလည်း ပိုမိုထိန်းသိမ်းကာကွယ်၍ အရောင်လက်လာစေနိုင်သည်။ ပြည်တွင်းပြည်ပဧည့်သည်များ အပန်းဖြေစေနိုင်ရန် ရှေးဟောင်းအမွေအနှစ်များနှင့် ဆွဲဆောင်၍ ရှုမြော်ခင်းများ၊ ဆိုင်ခန်းများဖြင့် ပြုလုပ်မည်ဆိုပါကလည်း ဒေသပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသည့်အပြင် နိုင်ငံတော်၏ အခွန်ငွေများလည်း တိုးပွားလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအခန်း(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီများဖွဲ့စည်းခြင်းတွင်ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီတို့အား ဖွဲ့စည်းပြီးခြင်းရှိ/မရှိ၊ ဖွဲ့စည်းမှုမရှိလျှင် မည်သည့်အချိန်တွင် ဖွဲ့စည်းမည်ကို သိရှိလိုပါကြောင်းနှင့် ဖွဲ့စည်းပြီးပါက မည်ကဲ့သို့အဆင့်ဆင့် ဖွဲ့စည်းထားသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ပပဟာန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ထန်းပင်ကွင်းကျေးရွာ၊ အ.မ.က စာသင်ကျောင်းဆောင်မှာ ပျက်စီးယိုယွင်းနေပါသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ထန်းတပင်ကွင်းကျေးရွာ မူလတန်းကျောင်းသည် (၁၉၉၂)ခုနှစ်တွင် ကိုယ်ထူကိုယ်ထစတင်တည်ထောင်ခဲ့ပြီး ယခုအခါ အစိုးရကျောင်းအဖြစ် သတ်မှတ်ခြင်းခံထားရသော ကျောင်းလည်းဖြစ်ပါသည်။ ထိုကျောင်းဆောင်လေးသည် နှစ်ကာလကြာလာသည်နှင့်အမျှ သစ်ရိုင်းများနှင့်တည်ဆောက်ထားသောကြောင့် ပျက်စီးယိုယွင်းလျက်ရှိပါသည်။ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောက်လုပ်မှသာလျှင် ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုန်းကလေးအုပ်စု၊ ထန်းတပင်ကွင်းကျေးရွာ မူလတန်းကျောင်းအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးအား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ပပဟာန်မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်းတွင်ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီတို့အား ဖွဲ့စည်းပြီးခြင်းရှိ/မရှိ၊ ဖွဲ့စည်းမှုမရှိလျှင် မည်သည့်အချိန်တွင် ဖွဲ့စည်းမည်ကို သိရှိလိုပါကြောင်းနှင့် ဖွဲ့စည်းပြီးပါက မည်ကဲ့သို့ အဆင့်ဆင့် ဖွဲ့စည်းထားသည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉ (၁၀.၁၂.၂၀၁၉) နေ့တွင် ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၁၆)ရက်နေ့တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းအဆောက်အဦများအား ဇုန်များသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီဝင်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းနိုင်ရေးအတွက် မြို့မိ၊ မြို့ဖဒေသခံများပါဝင်ဖွဲ့စည်းနိုင်ရန် အမည်စာရင်းတောင်းခံခြင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးဌာနခွဲမှ (၄.၇.၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၇/ရဟာ-ပခ ၂၀၂၀(၃၁၂)ဖြင့် ခရိုင်(၄)ခုနှင့် မြို့နယ်(၂၈) မြို့နယ်များသို့ ပေးပို့ထားပြီးဖြစ်ပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များနှင့်မြို့နယ်များသို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေမိတ္တူ(၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆) ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)ကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးဌာနခွဲမှ (၅.၇.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၇/ရဟာ-ပခ ၂၀၂၀( ၃၁၅ )ဖြင့် ခရိုင်(၄)ခုနှင့် မြို့နယ်(၂၈)မြို့နယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ပဲခူးတိုင်းဒေသကြီး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၊ ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းထားခြင်းရှိ/မရှိနှင့်ပတ်သက်သည့် အချက်များကို စာမိတ္တူများနှင့်အတူ လေးစားစွာ ဖြေကြားအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါ်ညွှန့်ညွှန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ ထန်းပင်ကွင်းကျေးရွာ၊ အ.မ.က စာသင်ကျောင်းဆောင်မှာ ပျက်စီးယိုယွင်းနေပါသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီ**

**အစဉ်ရှိ/မရှိ"**နှင့်စပ်လျဥ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကုန်းကလေးအုပ်စု၊ အမက-ထန်းပင်ကွင်းတွင် မူလတန်းအဆင့်ကျောင်းသား (၂၅) ဦးရှိပါသည်။ ဆရာဝန်ထမ်းဦးရေမှာမူပြ(၃)ဦး၊ ထွေလုပ်(၁)ဦး၊ စုစုပေါင်း (၄)ဦးရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၄၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်ဆောင် (၁)ဆောင်သာရှိပါသည်။ စာသင်ဆောင်အလိုက် စာသင်ခန်းအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အတန်း | ကျောင်းသား ဦးရေ | တန်းခွဲ | စာသင်ဆောင် | ကျောင်းသား စာသင်ခန်းအချိုး |
|---|---|---|---|---|---|
| ၁ | KG | ၃ | ၁ | (၄၀x၃၀) ပေ၊သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁၉၅၁)ခုနှစ် | ၁း၃ |
| ၂ | G-1 | ၅ | ၁ | | ၁း၅ |
| ၃ | G-2 | ၅ | ၁ | | ၁း၅ |
| ၄ | G-3 | ၃ | ၁ | | ၁း၃ |
| ၅ | G-5 | ၄ | ၁ | | ၁း၄ |
| | **စုစုပေါင်း** | **၂၀** | **၅** | | **၁း၄** |

သို့ဖြစ်ပါ၍ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ အမက-ထန်းပင်ကွင်းကျောင်းအတွက် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေအန္တရာယ်ရှိခေါင်းစဉ်မှ (၆၀x၃၀) Steel Structure တစ်ထပ်အသစ်ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ်(၁၅)ဖြင့် လျာထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးရှင့်- မေးခွန်းအမှတ်စဉ် (၁)ကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးပြန်ဖြေကြားသွားတာကို ကျွန်မ ဆွေးနွေးလိုပါတယ်။ ဆွေးနွေးလိုတာက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ၂၀၁၉ ပုဒ်မ ၇ အပိုဒ်ခွဲ(၁၁) နဲ့ (၁၂)မှာ ပြဋ္ဌာန်းထားတဲ့အချက်များအရ ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်းတဲ့ ကျွမ်းကျင်သူ(၃)ဦးဆိုတာ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးကို လုပ်ကိုင်နေသည့် ပညာရှင်ဆိုပြီးတော့ သဘောရပါတယ်။ ယင်းကော်မတီမှာပါဝင်တဲ့ ပညာရှင်ဆိုတဲ့ ပုဂ္ဂိုလ်များက ရှေးဟောင်းသုတေသနဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများမှာ ကျွမ်းကျင်ပညာရှင်အဖြစ် သက်ဆိုင်ရာ ပညာရပ်လောကတွေမှာ အတွေ့အကြုံရှိသူများ ဟုတ်ပါ

သလား။ ပညာရှင်ဆိုပြီးတော့ (၃)ဦးထည့်ထားတဲ့ထဲမှာ ဒီ(၃)ဦးရဲ့ ပညာအရည်အချင်း ဘာဘွဲ့တွေ ရထားလဲဆိုတာကိုလည်း ကျွန်မအနေနဲ့ သိချင်ပါတယ်။

နောက်တစ်ခုက ဤကော်မတီက ပဲခူးတိုင်းဒေသကြီးအတွင်းမှာ အမွေအနှစ်တွေကို ထိန်းသိမ်းနိုင်ရန်အတွက် တိုင်းအဆင့်အနေနဲ့ အမြင့်ဆုံး ယဉ်ကျေးမှုကော်မတီတစ်ခုဖြစ်ပါတယ်။ ဒီကော်မတီရဲ့ လုပ်ငန်းစဉ်၊ တာဝန်တွေကို လေ့လာတဲ့အခါမှာ ဖွံ့ဖြိုးရေးစီမံကိန်းတွေကြားမှာ အမွေအနှစ်တွေကို ထိခိုက်မှုနည်းပါးအောင် ပညာရပ်ဆိုင်ရာ ဆုံးဖြတ်ချက်ပေးရမှာဖြစ်သလို တိုင်းဒေသကြီးတစ်ခုလုံးရဲ့ အမွေအနှစ်တွေ ပျက်စီးဆုံးရှုံးမှုနဲ့ တိုင်းဒေသကြီးအဆင့် အကောင်အထည်ဖော် စီမံကိန်းတွေကို စစ်ဆေးတဲ့လုပ်ငန်းများမှာ မူဝါဒလုပ်ငန်းပိုင်းဆိုင်ရာတွေကို လမ်းညွှန်ပေးဖို့ HIA ခေါ်တဲ့ ဖွံ့ဖြိုးရေး စီမံကိန်းတွေကြောင့် အမွေအနှစ် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်ဖြစ်တဲ့ ပညာရှင်တွေရေးသားထားတဲ့ အစီရင်ခံစာတွေကို ပညာရပ်ဆိုင်ရာအနေဖြင့် သုံးသပ်အကဲဖြတ်နိုင်တဲ့ Chemistry ရှိဖို့လည်း လိုအပ်ပါတယ်။ အဆိုပါ ပညာရှင်များကို ပြန်လည်ညွှန်ကြားရမယ့် ပညာရပ်ဆိုင်ရာ အလုပ်တွေကို ဆောင်ရွက်ရမယ်လို့ လေ့လာတွေ့ရှိရတယ်။ ရှေးဟောင်းနေရာတွေနဲ့ ဇုန်တွေကို ထိန်းသိမ်းရမယ့် အလုပ်တွေကို ဖွံ့ဖြိုးရေးစီမံကိန်းတွေ ဆောင်ရွက်ရမယ့်နေရာမှာ စီမံကိန်းအမျိုးအစားအလိုက်လို့ခေါ်တဲ့ ယဉ်ကျေးမှုဝိသေသ ရှုခင်းတွေအပေါ်မှာလည်း ထိခိုက်နိုင်မယ့်အရာတွေနဲ့ အတိုင်းအတာတွေကို ကြိုတင်သုံးသပ်နိုင်တဲ့ ပညာရပ်တွေကို တွေ့ကြုံတဲ့သူပဲဖြစ်ရမယ်။ ထိခိုက်မှုတွေကို ကြိုတင်ကာကွယ်နိုင်ဖို့လည်းပဲ အမြော်အမြင်ရှိဖို့ လိုအပ်ပါတယ်။ တကမ္ဘာလုံးမှာတော့ အထက်ကတင်ပြခဲ့တဲ့ တာဝန်တွေကို လုပ်ငန်းတွေကို ကျွမ်းကျင်သူတွေအဖြစ် ရှေးဟောင်းသုတေသနသမားတွေအဖြစ် လုပ်ကိုင်ကြတာ မြင်ရပါတယ်။ ဒီလိုပညာရပ်မျိုးတွေကို စာတွေ့လက်တွေ့ အတွေ့အကြုံ(၂)ခုစလုံးပါဝင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ရှေးဟောင်းသုတေသန ပညာရှင်စစ်စစ်တွေ ဒီထဲမှာ ဘယ်နှစ်ဦးပါလဲဆိုတာကို လည်း သိချင်ပါတယ်။

ဒေသဆိုင်ရာ ဘာသာရပ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေအစား ဘာကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာဆိုရင် TSC လို့ခေါ်တဲ့ Technical Smoothing လို့ခေါ်တဲ့ လက်ရှိမှာတော့ ယဉ်ကျေးမှုဝန်ကြီးဌာနက ပုဂံအမွေအနှစ်အဖွဲ့အစည်းကလူတွေလည်း ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိပါတယ်။ သို့သော်လည်း ဒီထဲမှာ အဲ့လိုမျိုးပုဂ္ဂိုလ်တွေ ပါမလာတာကို တွေ့ရှိရပါတယ်။ ရှေးဟောင်းသုတေသန တူးဖော်ရေးတွေလုပ်တဲ့အခါမှာ တူးဖော်ရေးတာဝန်ကိုခံမယ့် ပညာရှင်အဖြစ် ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိသူလည်း ဖြစ်ရပါမယ်။ ၂၀၁၅ ရှေးဟောင်းအဆောက်အဦများနှင့် နည်းဥပဒေမှာ ဖော်ပြထားရှိပါတယ်။ တူးဖော်ဖို့တောင် သက်ဆိုင်ရာဘာသာရပ် အနိမ့်ဆုံး မဟာဘွဲ့ ရရှိသူဆိုပြီးတော့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ချိန်ထိုးကြည့်မယ်ဆိုရင် တိုင်းဒေသကြီးတစ်ခုရဲ့ ယဉ်ကျေးမှုစီမံကိန်းတွေမှာ ကြီးကြပ်ဆုံးဖြတ်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း ယုတ်စွအဆုံး မူဝါဒအစ လိုအပ်လျှင် ချမှတ်ပေးရမယ့် ကော်မတီတစ်ခုရဲ့ ပညာရှင်ကဏ္ဍမှာ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ ဘွဲ့တွေရေးမထားတဲ့အတွက်ကြောင့် ဒီလူတွေဟာ ဘယ်လိုဘွဲ့တွေရရှိထားလဲဆိုတာကို သိချင်ပါတယ်။

နောက်တစ်ခုကတော့ ရန်ကုန်တက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်တွေမှာ ရှေးဟောင်းသုတေသန ပညာဌာနတွေရှိသလို ရှေးဟောင်းသုတေသနဆိုင်ရာ ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားတဲ့ ပညာရပ်ဆိုင်ရာအသင်းတွေက ပုဂ္ဂိုလ်တွေ တစ်ယောက်တစ်လေမှ မပါဝင်တာကို လေ့လာတွေ့ရှိရတဲ့အတွက် အစိုးရအဖွဲ့အနေနဲ့ ပညာရှင်သုံးဦးကို ဘယ်လိုစံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်ခဲ့ပါသလဲဆိုတာ သိချင်ပါတယ်။

နောက်တစ်ခုကတော့ Architecture ဗိသုကာပညာရပ်မှာ မြို့ပြစီမံမှုဆိုင်ရာဘာသာရပ်ဆိုတာ ရှိပေမယ့် ရှေးဟောင်းအဆောက်အဦတွေကို ထိန်းသိမ်းမယ့် မြေအောက်မှာ မမြင်ရတဲ့ ရှေးဟောင်းအထောက်အထားတွေကို အကဲဖြတ်သုံးသပ်နိုင်တဲ့ ပညာရပ်ဟာ ရှေးဟောင်းသုတေသနပညာရပ်မှာပဲ သင်ကြားပေးတာဖြစ်ပါတယ်။ ယခုတင်ပြချက်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ ပညာရပ်အလိုက် ခွဲခြားထားတဲ့ နယ်ပယ်တွေကို ကိုးကားပြီးတင်ပြတာဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ခြင်းအဆင့်ဆင့် အစီရင်ခံစာ၊ သုတေသနလုပ်ထုံးလုပ်နည်း၊ ယဉ်ကျေးမှုအမွေအနှစ်တွေ စီမံခန့်ခွဲဖို့ ဒီပညာရှင်တွေ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မမေးတဲ့ မေးခွန်းတွေနဲ့ ဆက်စပ်ပြီးတော့ ဝန်ကြီးအနေနဲ့ ဘယ်သူတွေဟာ ဘယ်လိုစံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်ထားတာလဲ။

နောက်တစ်ခုက ကျွန်မတို့ မေးမြန်းပြီးတော့ ဆွေးနွေးတဲ့အပေါ်မှာ ဆက်စပ်မေးခွန်းတွေကို ဝန်ကြီးအနေနဲ့ ဒီကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဝန်ကြီးချုပ်အား ဆက်လက်တင်ပြပေးပြီးတော့ ဒီကော်မတီကို ပြန်လည်ဆန်းစစ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ငြေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ပပဟန် မေးမြန်းသွားတဲ့ မေးခွန်းတွေဟာ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ ပတ်သက်မှုရှိတဲ့အပိုင်းတွေရှိပါတယ်။ ကျွန်မတို့က ဒီကနေ ဒီဝန်ထမ်းတွေကို ခန့်ထားရတာလည်း မဟုတ်ပါဘူး။ ခန့်ထားနိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးကို မေးမြန်းဖို့အတွက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနဌာနကို ညွှန်ကြားပြီးတော့ ဆက်လက်မေးမြန်းပြီး အသိပေးမှာဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဒီအချက်အလက်တွေကို တင်ပြလိုက်ပါမယ်။ မေးမြန်းပြီး သိရှိရသမျှတွေကို စာဖြင့် ပြန်လည်ဖြေကြားပေးမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။**(စာဖြင့်ပြန်လည်ဖြေကြားမှုအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)**

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးရှင့် ဝန်ကြီးဖြေတဲ့အပေါ်မှာ ကျွန်မ အနည်းငယ်ဆွေးနွေးလိုပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေး

ကော်မတီများနဲ့ ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်းဆိုတာ တိုင်းဒေသကြီးက လုပ်ရတာပါ။ နောက်တစ်ခုက ကျွန်မမေးတာ ဒီကော်မတီမှာပါတာက အမျိုးသားအဆင့်ကော်မတီ ဆိုပြီး ပုဒ်မ ၇ မှာဆိုရင် အချက်ပေါင်း (၁၂) ချက်ပါပါတယ်။ (၁၂)ချက်ထဲမှာမှ (၁၀)ချက်အထိသည် ဝန်ထမ်းတွေကို ဖွဲ့စည်းထားတာ။ သက်ဆိုင်ရာ ဝန်ကြီးချုပ်သည် ဥက္ကဋ္ဌဖြစ်ပြီးတော့ သက်ဆိုင်ရာ လူမှုရေးဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ ရှေးဟောင်းကဆို အတွင်းရေးမှူးနဲ့ တာဝန်ယူ ပြီးတော့ မြေစာရင်းတို့ အစိုးရဝန်ထမ်းတွေပါပါတယ်။ ကျွန်မမေးတဲ့ (၁၁)နဲ့ (၁၂)ဆိုတာ ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ(၃)ဦးဆိုပြီးတော့ပါတယ်။

နောက်တစ်ခုက (၁၂)မှာဆိုရင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ အနည်းဆုံး(၃)ဦးကနေ (၅)ဦးအထိဆိုပြီးတော့ (၈)ဦးကို ပြင်ပပညာရှင် တွေအနေနဲ့ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အဲ့ဒီပြင်ပပညာရှင်တွေရဲ့ ကျွမ်းကျင်သူလို့သာ နောက်မှာ ရေးထားတယ် ကျွမ်းကျင်သူတွေက ဘယ်လိုဘာသာရပ်တွေနဲ့ အနည်းဆုံး မဟာဘွဲ့ရထားရမယ်။ ဒါပေမဲ့ အဲ့ဒီလူတွေက ဘယ်လိုပညာရပ်တွေနဲ့ ဘွဲ့ရထားသလဲဆိုတာ ကျွန်မသိချင်တဲ့အတွက် မေးမြန်းတာပါ။ ဝန်ကြီးဖြေတဲ့အပေါ်မှာ ကျွန်မအနေနဲ့ ပြောချင်တာက ပြင်ပပညာရှင်တွေကို မေးခြင်း ဖြစ်ပါတယ်။ အစိုးရအပိုင်းကို ဒီထဲမှာ ပါပြီးသားဖြစ်တဲ့အတွက် ဒါကို မေးခြင်းမဟုတ်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ပပဟန်မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနဲ့ ပတ်သက် ပြီးတော့ ပြင်ပပညာရှင်များနဲ့ပတ်သက်ပြီး သိရှိလိုတဲ့အချက်အလက်တွေ မည်သို့မည်ပုံ အရည် အချင်းနဲ့ ပြည့်စုံတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ သေသေချာချာ ပြည့်ပြည့်စုံစုံ ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွှန့်ညွှန့်ငွေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ကျွန်မ လက်ထဲမှာ ဌာနပေါင်း (၉)ခု ရှိပါတယ်။ အဲ့ဒီ(၉)ခုအတွက်ကို နေ့စဉ်နဲ့အမျှ Run နေရတာဖြစ်တဲ့အတွက် ဒီဌာနတစ်ခုတည်းကို အာရုံစူးစိုက်ဖို့ဆိုတာ သက်ဆိုင်ရာဌာနရဲ့ ညွှန်ကြားရေးမှူးကသာ ဌာနရဲ့လုပ်ငန်းတွေကို ဆောင်ရွက် နေတာဖြစ်ပါတယ်။ သူတို့ဆီမှာ အခက်အခဲတွေ ဆောင်ရွက်ရမယ့် အကြောင်းအရာတွေ ကိစ္စပေါ် ပေါက်လာတယ်ဆိုရင် ဝန်ကြီးဌာနကိုလာပြီး ညှိနှိုင်းအကြောင်းကြားခြင်း၊ လုပ်ရမယ့်လုပ်ငန်း လိုအပ် ချက်တွေကိုတင်ပြခြင်း အစရှိသဖြင့် ဒါမျိုးတွေကို တင်ပြလာတဲ့အခါမှာ ကျွန်မအနေနဲ့ သင့်တော်၏/ မတော်၏ ဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ကျွန်မကိုယ်တိုင်လည်းပဲ ရှေးဟောင်း သုတေသန ပညာရပ်ကို သင်ကြားလာတဲ့သူ မဟုတ်တဲ့အတွက် ကျွန်မ ပြည့်ပြည့်စုံစုံ လောလောဆယ် မဖြေကြား နိုင်ပါဘူး။ ဒါကြောင့် ညွှန်ကြားရေးမှူးကို မေးမြန်းပြီးတော့မှ ပြည့်စုံအောင် ဖြေကြားပေးနိုင်မှာ ဖြစ် ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကျေးရွာ အ.လ.က(ခွဲ) စာသင်ကျောင်းဆောင်မှာ အိုဟောင်းဆွေးမြေ့နေပါ၍ အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကျေးရွာ အ.လ.က(ခွဲ) စာသင်ကျောင်းဆောင်မှာ အိုဟောင်းဆွေးမြေ့နေပါ၍ အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကျေးရွာရှိ အ.လ.ကခွဲ စာသင်ကျောင်းတွင် ကျောင်းသားဦးရေ(၂၄၅)ဦး ပညာသင်ကြားလျက်ရှိပါသည်။ (၂၄.၁.၂၀၂၀)ရက်နေ့ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ နာဂမုနိဓမ္မာရုံတွင် ဝန်ကြီးချုပ်နှင့် ပြည်သူလူထုတွေ့ဆုံပွဲတွင်လည်း ဒေသပြည်သူများမှ တင်ပြခဲ့ကြပါသည်။ ကျောင်းသားဦးရေများသည့်အတွက် ကျောင်းဆောင်သစ်(၁)ဆောင် ထပ်မံလိုအပ်လျက်ရှိပါသည်။ ယခုအခါ ယိုယွင်းလျက်ရှိသော ကျောင်းဆောင်မှာ စာသင်ကြား၍ မရနိုင်တော့ပါ။ ကြမ်းအပေါက်များ၊ အောက်ခြေတန်းများပြုတ်ထွက်၍နေပါသည်။ လူတက်လျှင်ပင် လှုပ်၍နေပါသည်။ ကလေးများအတွက် အန္တရာယ်အလွန်များပါသည်။ ကလေးငယ်များအား အခြားအခန်းများတွင် ကြပ်သိပ်စွာပြောင်း၍ စာသင်ကြားစေရပါသည်။

သို့ဖြစ်ပါ၍ ထုံးဘိုအုပ်စု၊ ပြင်ကြီးကျေးရွာစာသင်ကျောင်းအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကျေးရွာ အ.လ.က(ခွဲ) စာသင်ကျောင်းဆောင်မှာ အိုဟောင်းဆွေးမြေ့နေပါ၍ အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထုံးကြီးအုပ်စု၊ အလက(ခွဲ) ပြင်ကြီးတွင် မူလတန်းအဆင့်ကျောင်းသား(၁၂၄)ဦး၊ အလယ်တန်းဆင့်(၁၂၁)ဦး စုစုပေါင်း(၂၄၅)ဦးရှိပါသည်။ ဝန်ထမ်းဦးရေမှာ မူအုပ်(၁)ဦး၊ မူပြ(၃)ဦး၊ လယ်ပြ(၅)ဦး၊ ထွေလုပ်(၁)ဦး စုစုပေါင်း(၁၀)ဦး ရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၆၀x၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ တမံတလင်းခင်း(၁)ထပ် ဆောင်(၂)ဆောင်၊ (၄၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်ဆောင်

(၂)ဆောင် စုစုပေါင်း (၄)ဆောင်ရှိသည့်အနက် (၄၀x၃၀) ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်ဆောင် (၁)ဆောင်သည် ပျက်စီးယိုယွင်းနေပါ၍ အသုံးပြု၍မရကြောင်း စိစစ်သိရှိရပါသည်

စာသင်ဆောင်အလိုက် စာသင်ခန်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အတန်း | ကျောင်းသား ဦးရေ | တန်း ခွဲ | စာသင်ဆောင် | ကျောင်းသား စာသင်ခန်း အချိုး |
|---|---|---|---|---|---|
| ၁ | KG | ၂၉ | ၁ | (၆၀x၃၀) ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ တမံသလင်း (၂၀၀၃)ခုနှစ် | ၁:၂၉ |
| ၂ | G-1 | ၂၂ | ၁ | | ၁:၂၂ |
| ၃ | G-2 | ၂၅ | ၁ | | ၁:၂၅ |
| ၄ | G-3 | ၂၇ | ၁ | (၄၀x၃၀) ပေ၊သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၂၀၀၄)ခုနှစ် | ၁:၂၇ |
| ၅ | G-5 | ၂၁ | ၁ | | ၁:၂၁ |
| ၆ | G-6 | ၃၀ | ၁ | | ၁:၃၀ |
| ၇ | G-7 | ၂၃ | ၁ | (၆၀x၃၀) ပေ၊သွပ်မိုး၊ အုတ်ညှပ်၊ တမံသလင်း (၂၀၁၄)ခုနှစ် | ၁:၂၃ |
| ၈ | G-8 | ၃၈ | ၁ | | ၁:၃၈ |
| ၉ | G-9 | ၃၀ | ၁ | | ၁:၃၀ |
| | **စုစုပေါင်း** | **၂၄၅** | **၉** | | **၁:၂၈** |

သို့ဖြစ်ပါ၍ အလက(ခွဲ)ပြင်ကြီးကျောင်းအတွက် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ (ခရီးစဉ်လမ်းညွှန်မှာကြားချက်ခေါင်းစဉ်) အန္တရာယ်ရှိကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၉၀x၃၀) SteelStructure တစ်ထပ်အသစ်ဆောက်လုပ်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ် (၁)ဖြင့် လျာထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် စာဖြင့်ဖြေကြားရန်မေးခွန်းများကို (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးဆုံးသည့်ရက်မှ (၁၀)ရက်အတွင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ မေးခွန်းရှင်များသို့ ဖြေကြားရန် ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ အစီရင်ခံစာ

### ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
### လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းသည့်အစီရင်ခံစာ(၁/၂၀၂၀)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီကို လွှတ်တော်ကိုယ်စားလှယ်(၉)ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကော်မတီသည် ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်သောတာဝန်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသည် လွှတ်တော် ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကျင်းပချိန် ကာလများတွင် လွှတ်တော်ကိုယ်စားလှယ်များ စည်းကမ်းတကျရှိစေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊ အစည်းအဝေး တက်ရောက်နိုင်မှုအခြေအနေများနှင့် ပျက်ကွက်မှုအခြေအနေများကို စနစ်တကျမှတ်တမ်းတင်ခြင်း၊ အစည်းအဝေးမတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်တိုင်ကြားခြင်းများကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြခြင်း၊ ကော်မတီသို့ ရောက်ရှိလာသောတိုင်ကြားစာများနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းစနစ်တကျရှိစေရေး၊ ရပိုင်ခွင့်နှင့်အခွင့်အရေးများ အပြည့်အဝခံစားရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၀)ကို (၂၀.၁.၂၀၂၀)ရက်နေ့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး (၁၀.၂.၂၀၂၀) ရက်နေ့မှ (၁၄.၂.၂၀၂၀)ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သို့သွားရောက်လေ့လာရန်အတွက် သွားရောက်မည့်ခရီးစဉ်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခဲ့ပါသည်။

ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၀)ကို (၃၁.၁.၂၀၂၀)ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ စတုတ္ထနှစ်မြောက် လွှတ်တော်နှစ်ပတ်လည်နေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အသေးစိတ်ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် အောက်ပါအတိုင်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါသည်-

- လွှတ်တော်နှစ်ပတ်လည်နေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်အတွင်း၌သာ ကျင်းပရန်၊
- အစိုးရအဖွဲ့နှင့်ပါတီမှ ဖိတ်ကြားသင့်သူများအားဖိတ်ကြားပေးပါရန်၊
- နှစ်ပတ်လည်နေ့အခမ်းအနားကို (၈.၂.၂၀၂၀)ရက်နေ့ ညနေ(၁၈:၀၀)နာရီတွင် စတင်ကျင်းပရန်၊
- အခမ်းအနားအစီအစဉ်အတွင်း အမှာစကားပြောကြားမည့် ပုဂ္ဂိုလ်များအား လွှတ်တော်ဥက္ကဋ္ဌမှ လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးသွားရန်၊
- အခမ်းအနားအစီအစဉ် ကျင်းပနေချိန်အတွင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး အမျိုးသားဝတ်စုံဖြင့် တက်ရောက်နိုင်ပါရန်နှင့် ဖွင့်ပွဲအခမ်းအနားပြီးဆုံးပါက နှစ်သက်ရာဝတ်စုံဖြင့် တက်ရောက်နိုင်ပါရန်၊
- (၈.၂.၂၀၂၀)ရက်နေ့ ညနေ(၁၅:၀၀)နာရီတွင် လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း ဘောလုံးအသင်း(၂)ခုခွဲပြီး စည်းလုံးညီညွတ်ရေး ဘောလုံးကစားကြမည်ဖြစ်ပါသဖြင့် အားကစားကွင်းရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးပါရန်၊

- လွှတ်တော်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များအား အမှတ်တရကုံစမ်းမဲများ ဖွင့်ဖောက်ပေးနိုင်ရေးအတွက် ရန်ပုံငွေရရှိနိုင်ရေး ဆောင်ရွက်ပေးပါရန်၊
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ၂၀၁၉-၂၀၂၀ RE ဘတ်ဂျက်အတွက် အရေးပေါ် အစည်းအဝေးကို (၁၀.၂.၂၀၂၀)ရက်နေ့မှ (၁၁.၂.၂၀၂၀)ရက်နေ့အထိ ခေါ်ယူကျင်းပပေးရန်လိုအပ်ပါက ဆက်လက်ခေါ်ယူရန်၊
- လွှတ်တော်အကြံပေးပုဂ္ဂိုလ်များအား မဲနှိုက်မည့်အစီအစဉ်တွင် ထည့်သွင်းပေးပါရန်၊
- လွှတ်တော်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး အကြံပေးများအပါအဝင် ဝန်ထမ်းများအားလုံးအတွက် T-Shirt များ စီစဉ်ဆောင်ရွက်ပေးပါရန်၊

ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀)ကို (၆.၂.၂၀၂၀)ရက်နေ့နှင့် (၇.၂.၂၀၂၀)ရက်နေ့တို့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေစာရင်းများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ စစ်ဆေးတွေ့ရှိချက်များနှင့် ဖြတ်တောက်ငွေစာရင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ပေးပို့နိုင်ခဲ့ပါသည်။

ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၀)ကို (၄.၅.၂၀၂၀)မှ (၈.၅.၂၀၂၀) ရက်နေ့အထိလည်းကောင်း၊ (၁၈.၅.၂၀၂၀) ရက်နေ့မှ (၂၁.၅.၂၀၂၀)ရက်နေ့အထိလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၏ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်ဆောင်ရွက်ခဲ့ပြီး (၁၈.၅.၂၀၂၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံကာ စိစစ်လျှော့ချငွေများနှင့်ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ရသုံးငွေစာရင်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်-

- သာမန်အသုံးစရိတ် ၁၂၀၂.၄၅၆ သန်းမှ ၁၉.၁၃၅ သန်း စိစစ်လျှော့ချရန်၊
- ငွေလုံးငွေရင်းအသုံးစရိတ် ၁၄၆.၄၂၈ သန်းမှ ဝ.၁ဝဝ သန်း စိစစ်လျှော့ချရန်၊
- သာမန်အသုံးစရိတ်တွင် ခန့်အပ်ပြီးဝန်ထမ်း(၄)ဦး၏ တစ်နှစ်စာ လစာဝင်ငွေစာရင်း တင်ပြလာမှုအား ကော်မတီမှ သဘောတူခွင့်ပြုပါသဖြင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရန်၊
- စိစစ်လျှော့ချမှုစာရင်းများအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ (၁၉.၅.၂၀၂၀)ရက်နေ့အရောက် ပေးပို့ရန်၊

ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၀)ကို (၂၅.၅.၂၀၂၀)ရက်နေ့နှင့် (၂၆.၅.၂၀၂၀) ရက်နေ့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင်

ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက်နေ ဦးအောင်နိုင်(ဘ)ဦးမောင်စိန်၏ တိုင်ကြားစာအား အသေးစိတ်စိစစ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦးမှ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြထားသည့်စာများနှင့်ပတ်သက်၍လည်းကောင်း အသေးစိတ်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်-

- ကော်မတီသည် တိုင်ကြားစာနှင့်ပတ်သက်၍ အသေးစိတ်သိရှိရန် ကျောက်ကြီးမြို့သို့ (၃၀.၅.၂၀၂၀)ရက်နေ့တွင် ကွင်းဆင်းစိစစ်ရန်၊
- တိုင်ကြားစာနှင့်ပတ်သက်ဆက်စပ်သည့် အောက်ပါပုဂ္ဂိုလ်များအား ကျောက်ကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ခေါ်ယူတွေ့ဆုံစိစစ်ရန်၊
  - မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
  - မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် ကျေးလက်လမ်းဦးစီးဌာန၊
  - အမှုဆောင်အရာရှိ၊ ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (EO)
  - မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန၊
  - မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊
  - မအူပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဦးသန်းဝင်း(ရွာတာဝန်ခံ)၊ ဦးလှမြင့်၊ ဦးတင်ပု၊
  - ဦးအောင်နိုင်(ဘ)ဦးမောင်စိန်၊ ကျောက်ကြီးမြို့နယ်၊ သိန်တန်းရပ်ကွက်၊
- စိစစ်တွေ့ရှိချက်များနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာတင်ပြရန်၊

ကော်မတီသည် (၃၀.၅.၂၀၂၀)ရက်နေ့တွင် ကျောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ သိန်းတန်ရပ်ကွက်နေ ဦးအောင်နိုင်(ဘ) ဦးမောင်စိန်၏ တိုင်ကြားစာနှင့် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦးမှ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြထားသည့်စာများအရ အောက်ပါပုဂ္ဂိုလ်များကို ဖိတ်ကြား၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်-

- မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
- မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် ကျေးလက်လမ်းဦးစီးဌာန၊
- အမှုဆောင်အရာရှိ၊ ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (EO)
- မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန၊
- မြို့နယ်ဦးစီးမှူး၊ ကျောက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊
- မအူပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဦးသန်းဝင်း(ရွာတာဝန်ခံ)၊ ဦးလှမြင့်၊ ဦးတင်ပု၊
- ဦးအောင်နိုင်(ဘ)ဦးမောင်စိန်၊ ကျောက်ကြီးမြို့နယ်၊ သိန်တန်းရပ်ကွက်၊

ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀)ကို (၁၁.၆.၂၀၂၀)ရက်နေ့နှင့် (၁၂.၆.၂၀၂၀) ရက်နေ့တို့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး(ခ) ဦးဇော်မင်းဦးအပေါ် ကျောက်ကြီးမြို့ သိန်တန်းရပ်ကွက်နေ ဦးအောင်နိုင်(ဘ)ဦးမောင်စိန်က တိုင်ကြား ထားမှုနှင့်ပတ်သက်၍ ကော်မတီမှ (၃၀.၅.၂၀၂၀)ရက်နေ့တွင် ကျောက်ကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများနှင့် သက်ဆိုင်သူများအား တွေ့ဆုံမေးမြန်း မှုမှရရှိလာသော ထွက်ဆိုချက်များနှင့် ကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာအား ရေးသားပြုစုခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၀)ကို (၂၉.၆.၂၀၂၀)ရက်နေ့နှင့် (၃၀.၆.၂၀၂၀)ရက်နေ့တွင် ရေးရာကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်း အဝေးတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် လက်ရှိဖြစ်ပွားလျှက်ရှိသော Coronavirus Disease 2019 (COVID–19) ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် (၂၈.၆.၂၀၂၀) Coronavirus Disease 2019 (COVID–19) ဖြစ်ပွားလျက်ရှိသော ယခုကာလအတွင်းတွင် အချို့သော ပြည်သူများအနေဖြင့် အားကစားနှင့်ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေထိုင် သွားလာလှုပ်ရှားမှု အားနည်းမှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။

- လွှတ်တော်တွင် ကျင်းပဆောင်ရွက်လျက်ရှိသော အစည်းအဝေးများတွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေသော်လည်း အချို့သောလွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ပသို့သွားလာရာတွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်ပါလုပ်ဆောင်နိုင်မှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ မိမိမဲဆန္ဒနယ်မြေမှ တိုင်းဒေသကြီးလွှတ်တော်သို့ အစည်း အဝေးများ တက်ရောက်ရန်အတွက် လာရောက်ကြရာတွင် ခရီးစဉ်များအလိုက် မော်တော်ယာဉ်စီးနင်းခများ နှစ်ဆနှုန်းပေးချေနေရကြောင်းတွေ့ရှိရပါသည်။
- ကော်မတီသို့ တင်ပြတိုင်ကြားလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်သုံးသပ် ခြင်း၊ ဆောင်ရွက်ခြင်း၊ ကွင်းဆင်း၍ တွေ့ဆုံမေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေးများတွင် အချို့သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် တက်ရောက်နိုင်ခြင်းမရှိသည့် နေ့ရက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌ(သို့မဟုတ်)အတွင်းရေးမှူး ထံ စာဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း အကြောင်းကြား မှု အားနည်းနေကြောင်းတွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်–

- မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ လေ့လာရေးခရီး သွားရောက်နိုင်ခဲ့သဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အားနည်းချက်၊ အားသာချက်များကိုတွေ့ရှိရပြီး မိမိတိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပိုမိုအားကောင်းလာကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ရေးရာကော်မတီအလိုက် အခါအခွင့်သင့်သောကာလများတွင် လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့များ ဖွဲ့၍သော်လည်းကောင်း၊ ရေးရာကော်မတီအလိုက်လည်းကောင်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်လေ့လာသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပြည်သူများကို အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားလာလှုပ်ရှားနိုင်စေရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ လုပ်ငန်းတာဝန်ဖြင့်သော်လည်းကောင်း၊ မိမိ၏ ကိုယ်ရေးကိုယ်တာကိစ္စအရသော်လည်းကောင်း ပြင်ပသို့ ခရီးသွားလာရာတွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်ပါလုပ်ဆောင်ကြပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ မိမိမဲဆန္ဒနယ်မြေမှ တိုင်းဒေသကြီးလွှတ်တော်သို့ အစည်းအဝေးများတက်ရောက်ရန်အတွက် လာရောက်ကြရာတွင် ခရီးစဉ်များအလိုက် မော်တော်ယာဉ်စီးနှင်းခများ နှစ်ဆန္ဒန်းပေးချေနေကြရပါသဖြင့် ၂၀၂၀ ခုနှစ် ဇူလိုင်လ (၁)ရက်နေ့မှစတင်၍ လွှတ်တော်မှ ဆောင်ရွက်ပေးလျက်ရှိသော စရိတ်များမှ ခရီးစရိတ်အား လက်ရှိပေးချေနေသော ခရီးစဉ်များအလိုက်နှုန်းထားများကို ၂ ဆနှုန်း တိုးမြှင့်ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။
- တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများတွင် တက်ရောက်နိုင်ခြင်းမရှိသည့် နေ့ရက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပန်ကြားပေးနိုင်ရေးအတွက် ကော်မတီဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးထံ စာဖြင့်သော်လည်းကောင်း၊

တယ်လီဖုန်းဖြင့်သော်လည်းကောင်း ကြိုတင်အကြောင်းကြားကြပါရန် အကြံပြုတင်ပြအပ်ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ရှေ့လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရန် လျာထားပါသည်–

- ကော်မတီသည် လွှတ်တော်၏ ပုံမှန်အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများကို စနစ်တကျကျင်းပနိုင်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- တိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်လာသောတာဝန်နှင့် ဝတ္တရားများကို ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ အဆင်ပြေချောမွေ့စေရေး၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြန်လည်ကျင်းပမည့်နေ့ရက်တွင် အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(နဝမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၁:၅၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၀)ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**
**နဝမနေ့ မှတ်တမ်း**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်**
**[ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက် ]**
**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၄.၂၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး(နဝမနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေလွင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်မိုး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁၀.၈.၂၀၂၀)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၂)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ တက်ရောက်ခွင့် ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၂ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ် (၄)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ အရှေ့ဘက်(ခ)ကွင်း ၇၅၅/၇၅၆/၇၅၇ ကွင်းရှိ မြေနုကျွန်းဧက (၇၀)အား (၂၀၁၈)ခုနှစ်တွင် (၂၀၁၂)မြေနုကျွန်းဥပဒေအတိုင်း ဒေသခံ လယ်မဲ့/ယာမဲ့(၇၀)ဦးအား တန်းစီဇယားချထားပေးခြင်းမရှိသည့်အပေါ် အမြန်ဆုံး ချထားဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ထိန်းကျောင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ဝေါမြို့နယ်၊ ကျုံအိပ်ကပင်ကျေးရွာ နယ်နိမိတ်အငြင်းပွားမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများမှ မြေပြင်ကွင်းဆင်းတိုင်းတာပြီး ဒေသခံပြည်သူများအား ချပြ ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက် တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ အရှေ့ဘက် (ခ)ကွင်း ၇၅၅/၇၅၆/၇၅၇ ကွင်းရှိ မြေနုကျွန်းဧက (၇၀)အား (၂၀၁၈)ခုနှစ်တွင် (၂၀၁၂) မြေနုကျွန်းဥပဒေ အတိုင်း ဒေသခံ လယ်မဲ့/ယာမဲ့(၇၀)ဦးအား တန်းစီဇယားချထားပေးခြင်း မရှိသည့်အပေါ် အမြန်ဆုံး ချထားဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ထိန်းကျောင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူး တိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ၊ အရှေ့ဘက်(ခ)ကွင်း၊ ၇၅၅/၇၅၆/၇၅၇ ကွင်းရှိ မြေနုကျွန်း ဧက(၇၀)အား (၂၀၁၈)ခုနှစ်တွင် (၂၀၁၂)မြေနုကျွန်း ဥပဒေအတိုင်း ဒေသခံ လယ်မဲ့/ယာမဲ့ (၇၀)ဦးအား ခရိုင်လယ်စီ အတည်ပြုချက်အရ မြို့နယ်လယ်စီကြီးကြပ်မှုဖြင့် ရပ်/ကျေးလယ်စီအဖွဲ့မှ ချထားပေးခဲ့ ပါသည်။ မြေနုကျွန်းဥပဒေအရ တစ်ရာသီပြီးတစ်ရာသီ တန်းစီဇယားခေါ်ရမည်ဟုပါရှိသဖြင့် ဒေသခံ လယ်မဲ့/ယာမဲ့များမှ သက်ဆိုင်ရာတာဝန်ရှိသူများကို အကြိမ်ကြိမ်တင်ပြထားသော်လည်း ဆောင်ရွက် ပေးခြင်းမရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြပေးပါရန်တောင်းဆိုလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရာသီရောက်ရှိနေသော်လည်း တန်းစီဇယားချထားပေးခြင်းမရှိသည့်အပေါ် အမြန်ဆုံး ချထား ဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ထိန်းကြောင်းပေးပါရန် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ဝေါမြို့နယ်၊ ကျုံအိပ်ကပင်ကျေးရွာ နယ်နိမိတ်အငြင်းပွားမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများမှ မြေပြင်ကွင်းဆင်းတိုင်းတာပြီး ဒေသခံ ပြည်သူ များအား ချပြရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျုံအိပ်ကပင်ကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပြီး ဒေသခံပြည်သူများသည်

နှစ်ပေါင်း(၅၀)ကျော် နေထိုင်ကြသည့် ရွာတစ်ရွာဖြစ်ပါသည်။ (၂၀၁၅)ခုနှစ်၊ ပုံစံ(၇)များ ထုတ်ပေးရာတွင် ရွာမြေများပါရှိသွားသည်ဟု ဒေသခံပြည်သူများမှ လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြလာကြပါသည်။ ကျုံးအိပ်ကပင်ကျေးရွာ ဒေသခံများနှင့် ပုံစံ(၇)ရရှိသူ တောင်သူနှင့်လည်း နယ်နိမိတ်အငြင်းပွားမှု ပြဿနာများ ဖြစ်ပေါ်နေသည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ အကြိမ်ကြိမ်တင်ပြသော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် ပြဿနာပိုမိုကြီးထွားလာခဲ့ပြီး လယ်လုပ်ငန်းလုပ်ကိုင်သူ တောင်သူလုပ်ငန်းရှင်အနေဖြင့်လည်း လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ဝေါမြို့နယ်၊ ကျုံးအိပ်ကပင်ကျေးရွာ နယ်နိမိတ်အငြင်းပွားမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများမှ မြေပြင်ကွင်းဆင်း တိုင်းတာသတ်မှတ်ပေးပါရန် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာ အရှေ့ဘက်(ခ)ကွင်း ၇၅၅/၇၅၆/၇၅၇ ကွင်းရှိ မြေနုကျွန်းဧက (၇၀)အား (၂၀၁၈)ခုနှစ်တွင် (၂၀၁၂)မြေနုကျွန်းဥပဒေအတိုင်း ဒေသခံ လယ်မဲ့/ယာမဲ့(၇၀)ဦးအား တန်းစီဇယားချထားပေးခြင်းမရှိသည့်အပေါ် အမြန်ဆုံး ချထားဆောင်ရွက် ပေးနိုင်ရေး ကြပ်မတ်ထိန်းကျောင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လက်ပံတန်းကျေးရွာရှိ မြေနုကျွန်းဧရိယာ(၇၀)ဧကအား မြေနုကျွန်းဥပဒေအရ တန်းစီဇယားခေါ်ယူရာတွင် မြို့နယ်လယ်-စီအဖွဲ့မှ ရပ်ကျေးလယ်-စီအဖွဲ့သို့ ယခုနှစ်တန်းစီ ဇယားဖြင့်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါသော်လည်း ရပ်/ကျေးလယ်စီအဖွဲ့မှ ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက် လယ်ယာမြေနည်းဥပဒေအခန်း(၁၂) မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားခြင်းတွင် ဖော်ပြထားသည့်အတိုင်း မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်းကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာ၌ လယ်ယာမြေနည်းဥပဒေ အပိုဒ်ခွဲ(၁၀၅)အပိုဒ်ခွဲ(က)အရ မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားရေးအတွက် စီမံခန့်ခွဲရာတွင် မြို့နယ်လယ်/စီအဖွဲ့သည် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့်ညှိနှိုင်း၍ ခရိုင်လယ်/စီအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်းနှင့် အနီးကပ်ဆုံးဖြစ်သော ကျေးရွာကိုသတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါသဖြင့် မြို့နယ်လယ်-စီအဖွဲ့သည် အဆိုပါ မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားခြင်းကိစ္စနှင့်ပက်သက်၍ သက်ဆိုင်ရာကျေးရွာလယ်-စီအဖွဲ့နှင့် အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ ကျုံအိပ်ကပင်ကျေးရွာ နယ်နိမိတ် အငြင်းပွားမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများမှ မြေပြင်ကွင်းဆင်းတိုင်းတာပြီး ဒေသခံပြည်သူများ အား ချပြ ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းအမှတ်စဉ် ၅ (က) (၂)ကို အပိုင်း(၂)ပိုင်းခွဲ၍ ဖြေကြားပေးမှာဖြစ်ပါတယ်။ ပထမပိုင်းက ကျေးရွာနယ်နိမိတ် တိုးချဲ့ခြင်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဖြစ်တဲ့အတွက် **ကျုံအိပ်ကပင်ရွာမြေ နယ်နိမိတ်တိုးချဲ့မည်ဆိုပါက ဆောင်ရွက်မည့်အစီအမံ** နှင့် ပတ်သက်၍ ဝေါမြို့နယ်၊ ကျုံအိပ်ကပင်ကျေးရွာသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးဌာန၏ (၄.၁၂.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၄၈/၂၀၁၉) တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ကရင်စု ကျေးရွာအတွင်းပါဝင်ပြီး အိမ်ခြေ(၃၄)အိမ်၊ အိမ်ထောင်စု(၄၃)စု၊ လူဦးရေ(၁၅၉)ဦး နေထိုင်လျက် ရှိသော ကျေးရွာဖြစ်ပါသည်။ ကျုံအိပ်ကပင်ကျေးရွာ၏ ရွာမြေဧရိယာမှာ (၁၄.၂၀)ကေဖြစ်ပါသဖြင့် အိမ်ထောင်စု(၄၃)စုအတွက် ကောင်းမွန်စွာလုံလောက်မှုရှိပါကြောင်းနှင့် ကျုံအိပ်ကပင်ကျေးရွာ မြေနယ်နိမိတ်အား တိုးချဲ့ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေပုံ/မြေရာဇဝင်မြေပုံကို ပူးတွဲတင်ပြအပ်ပါသည်။

မြေရာဇဝင်မှာ ကျုံအိပ်ကပင်ကျေးရွာမြေဧရိယာမှာ ကွင်းအမှတ်(၇၄၃-က)ကွင်းတွင် (၁၃.၁၀) ကေနှင့် ကွင်းအမှတ်(၇၃၃)ကွင်းတွင် (၁.၁၀)ကေ စုစုပေါင်းကျေးရွာဧရိယာမှာ (၁၄.၂၀)ကေဖြစ် ပါကြောင်း တင်ပြအပ်ပါသည်။

ကျုံအိပ်ကပင်ကျေးရွာ၏ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေစာရင်းမှာ ဝေါမြို့နယ်၊ ကျုံအိပ်ကပင် ကျေးရွာတွင် အိမ်ခြေ(၃၄)အိမ်၊ အိမ်ထောင်စု(၄၃)စု၊ လူဦးရေ (၁၅၉)ဦးနေထိုင်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

ဆက်လက်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ စီမံ ခန့်ခွဲရဌာနများမှ မြေယာတိုင်းတာရန်အတွက် အကူအညီတောင်းခံလာပါက တင်ပြပါမြေနေရာ နှင့်ပတ်သက်ပြီး (၃၀.၇.၂၀၂၀)ရက်နေ့က မြို့နယ်လယ်/စီစာရင်းအင်းဦးစီးဌာနမှူးခေါင်းဆောင်ပြီး ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည့်နေရာမှာ ကျေးရွာလူထုမှ တိုင်းတာမှုကိုရပ်ဆိုင်းရန်၊ တိုင်စိုက်ခြင်းမပြုရန် အုံကြွမှုပုံစံဖြင့် ဆောင်ရွက်ခဲ့ ပါသဖြင့် မြေပြင်ကွင်းဆင်းတိုင်းတာခဲ့မှုအား ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ထပ်မံမြေပြင်ကွင်းဆင်းနိုင်ရေး အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်/ကျေးရွာအုပ်စု လယ်စီအဖွဲ့ဝင်များ ပူးပေါင်းပြီး အမြန်ဆုံးကွင်းဆင်းနိုင်ရေးအတွက် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးရှင့်- မေးခွန်း(၂)ခုလုံး အတွက် ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပထမမေးခွန်းအနေနဲ့ ဝန်ကြီးရဲ့ ဖြေကြားချက်ကို ကျေးဇူးတင်ရှိပါတယ်။ ဝန်ကြီးဖြေကြားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေသည် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက လေ့လာထားလို့ နားလည်သိရှိပြီးဖြစ်ပါ တယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီကို ရောက်နေပါပြီ။ အဓိကသူတို့စိုက်တာက လက်ပန် ကျေးရွာက ဆောင်းသီးနှံစိုက်ပျိုးမှာဖြစ်တဲ့အတွက် မြို့နယ်လယ်/စီအဖွဲ့ကိုလည်း စာဝင်ထားပြီး ဖြစ်တဲ့အတွက် စိုက်ပျိုးရာသီမီအောင် ဥပဒေအတိုင်း ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာန အနေနဲ့ မြို့နယ်လယ်/စီကို အမြန်ဆုံး အကောင်အထည်ဖော် ကြပ်မတ်ထိန်းကျောင်းဆောင်ရွက် ပေးဖို့ ကူညီဆောင်ရွက်ပေးဖို့ ပထမမေးခွန်းအနေနဲ့ ဆက်စပ်မေးခွန်း မေးပါတယ်ရှင့်။

ဒုတိယမေးခွန်းအနေနဲ့က ဖြေကြားတဲ့ ဖြေကြားချက်က အပိုင်း(၂)ပိုင်းပေါ့နော်။ ဝန်ကြီး ဖြေ သွားတာကိုလည်း ကျေးဇူးတင်ရှိပါတယ်။ နံပါတ်(၂)ကို ဝန်ကြီးက အရင်ဖြေပါတယ်။ မှန်ပါတယ်။ တကယ်လာရမယ့်ပုံစံက နံပါတ်(၂)က(၁)ဖြစ်ပြီးတော့ (၁)က(၂)ဖြစ်ရမှာပါ။ စာရေးထားတာကတော့ ပထမအပိုင်းက(၁)လို့တင်ထားတာ ကျွန်တော့်ကို ပေးထားတဲ့စာရွက်အရ ဝန်ကြီးဖြေသွားတဲ့ ရွာမြေ တိုးချဲ့မယ့်အစီအမံ မရှိပါဘူးဆိုတာ ကျွန်တော်တို့လည်း ရွာမြေဆက်လက်တိုးချဲ့ဖို့ အစီအမံမရှိပါဘူး။ ဒေသခံပြည်သူအနေနဲ့ရော လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ရော ရွာမြေတိုးချဲ့ပြင်ဆင်ဖို့အထိ မလို ပါဘူး။ အဓိကကတည်ရှိနေတဲ့ နယ်နိမိတ်နဲ့ ပုံစံ(၇)ထွက်ရှိတဲ့ လယ်ယာမြေနဲ့ ဒါကို နယ်နိမိတ် တိုင်းတာသတ်မှတ်ပေးဖို့ ဒါမှ အငြင်းပွားမှုတွေ၊ ပြဿနာတွေမဖြစ်မှာ ကျွန်တော်အပါအဝင်ဆိုပြီး တော့ ဖွဲ့ထားတဲ့အတွက် ကျွန်တော်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်။ မနေ့က ဥက္ကဋ္ဌကြီးကို ဖုန်းဆက်တယ်။ ဆရာမ ကျွန်တော်တို့ ရွာကိစ္စကို ကွဲတွေဒီဘက်ကကူးနေတာ ခက်ခဲနေလို့ ကျွန်တော် တို့ ဆရာမဆီလာခဲ့မို့တဲ့။ ကျွန်တော်ကပြောပါတယ်။ မလာပါနဲ့ ကျွန်တော်ဒီနေ့မေးခွန်း မေးထားပါ တယ်။ အဲ့ဒီအဖြေကို စောင့်ကြည့်ပါ။ ညကျရင်လည်း ကျွန်တော်ဖုန်းဆက်ပါမယ်လို့ ဒေသခံပြည်သူ တွေကို ရွာသူရွာသားတွေကို တင်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးတို့ အစိုးရအဖွဲ့အနေနဲ့ နယ်နိမိတ်အငြင်းပွားမှုအပေါ်မှာ အမြန်ဆုံးကွင်းဆင်းပြီးတော့ လယ်မြေနယ်နိမိတ် အလား(၄)ရပ် က ဒီနေရာကနေဒီနေရာ ရွာမြေနယ်နိမိတ်အလား(၄)ရပ်က ဒီနေရာကနေဒီနေရာဖြစ်သည်ကို ပူးပေါင်း အဖွဲ့နဲ့ အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဆက်စပ်မေးခွန်း မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို လည်း ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့်စပ်လျဉ်း သည့် ဆက်စပ်မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မေးခွန်းအမှတ်စဉ် ၅ (က) (၁) အပေါ်မှာ စိုက်ပျိုး ရာသီဖြစ်တဲ့အတွက် စိုက်ပျိုးရာသီမီအောင် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားပေး မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား– မိမိတို့အနေနဲ့ ဥပဒေ၊ နည်းဥပဒေနဲ့အညီ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးရတဲ့ ကိစ္စဖြစ်ပြီးတော့ မိမိတို့အနေနဲ့ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ စီမံလမ်းညွှန်မှုဖြင့် ဆောင်ရွက်ပေးနိုင်မှုက ကျွန်တော်တို့ အနေနဲ့ အဆင်သင့်ရှိပါတယ်။ သို့ပေမဲ့ အမှုတစ်ခုပြီးပြတ်ဖို့အတွက်ကတော့ သက်ဆိုင်ရာ ဒေသခံများ က ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ အောက်ခြေပြဿနာ အရှုပ်အရှင်းပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ရတဲ့ ကိစ္စဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ကတော့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းအမှတ်စဉ် ၅ (က) (၂) ဖြစ်တဲ့ ရွာမြေတိုးချဲ့ဖို့ အစီအစဉ်လည်း မရှိဘူး။ နယ်နိမိတ်တိုင်းတာသတ်မှတ်ပေးရန် ဆောင်ရွက်ပေးရန် ရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား– မိမိဦးစွာဖြေဆိုခဲ့ သည့်အဖြေတွင်လည်း ပါဝင်ပြီးဖြစ်ပါတယ်။ တင်ပြပါမြေနဲ့ပတ်သက်ပြီးတော့ လယ်ယာမြေစီမံ ခန့်ခွဲမှု အဆင့်ဆင့်ကနေ ကွင်းဆင်းတိုင်းတာမှု ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့လိုပြုလုပ်ခဲ့တဲ့နေရာမှာ ဒေသခံတွေရဲ့အုံကြွမှုကြောင့် ကွင်းဆင်းတိုင်းတာစစ်ဆေးမှုကို ရပ်ဆိုင်းထားခဲ့ရခြင်းဖြစ်ပါတယ်။ သို့ပါ၍ လုံခြုံရေးနှင့် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ အဖွဲ့အစည်းနဲ့ ကြပ်မတ် နိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တစ်ပါ တည်း ဖြေဆိုပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည် မြို့နယ် ရွှေးကောက်ပွဲကော်မရှင်ရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။**"ပေါင်းတည်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်ရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်တွင် ရွေးကောက်ပွဲ ကော်မရှင်ရုံး အပိုင်မြေနေရာရရှိပြီးဖြစ်သော်လည်း ရုံးသစ်တစ်ရုံးတည်ဆောက်ပေးရန် လိုအပ်နေသဖြင့် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ကျခတ္တာန်းရွာ၊ ရုံးပင်လမ်းခွဲရွာဘေးရှိ တောင်နဝင်းဆည် ရေသောက်စနစ် B2 မြောင်းမကြီးမှခွဲထွက်သော မြောင်းငယ် B2₃ ရေသွယ်မြောင်းကို Precast Linning မြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ကျခတ္တာန်းရွာ၊ ရုံပင်လမ်းခွဲရွာဘေးရှိ တောင်နဝင်းဆည် ရေသောက်စနစ် B2 မြောင်းမကြီးမှခွဲထွက်သော မြောင်းငယ် B2₃ ရေသွယ်မြောင်းကို Precast Linning မြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ အထက်ပါမေးခွန်းတွင် ဖော်ပြထားသော B2-3 ရေသွယ်မြောင်းသည် တောင်နဝင်းဆည်ရေသောက်စနစ် B2 မြောင်းမကြီးမှ ခွဲထွက်ပြီး အလျား(၅၀၈၀)ပေ၊ အကျိုးပြု ဧက(၁၁၀၀)ကျော်၊ အကျိုးပြုကျေးရွာ(၄)ရွာနှင့် ပုတီးကုန်းမြို့ပေါ်မှ ရပ်ကွက်အချို့ ရာသီသီးနှံများ အတွက်လည်း ဧက(၁၀၀)အကျိုးပြုမည့် ရေသွယ်မြောင်းငယ်တစ်ခုဖြစ်ပါသည်။

ဂျပန်နိုင်ငံ JICA အကူအညီဖြင့် ဆောင်ရွက်စဉ်ကလည်း တောင်နဝင်းဆည်ကြီး အက်ကြောင်းပေါ် မြေကျွံမှုဖြစ်စဉ်တွင်ရန်ပုံငွေများကို ပြောင်းလဲသုံးစွဲလိုက်ရသည်ဟု ကြားသိရပြီး JICA အကူအညီ နောက်ဆုံးနှစ်၊ မြောင်းလက်တံ၏ အစွန်အဖျားရောက်နေသော ယခုမေးခွန်းတွင်ပါရှိသည့် ရေသွယ်မြောင်း B2-3 ကို မြေသားမြောင်းအဆင့်တွင်သာ ဆောင်ရွက်ပေးခဲ့သဖြင့် မြောင်းပျက်ခြင်း၊ ထူးပေါက်ခြင်း၊ မြက်ခြုံပေါက်ရောက်ခြင်း၊ လိုရာသို့အချိန်မီ ရေမရောက်ခြင်းများကြောင့် Precast Linning မြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံတောင်သူများ စိုက်ပျိုးရေး အဆင်ပြေမည်ဖြစ်သောကြောင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ် ရွှေးကောက်ပွဲကော်မရှင်ရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပေါင်းတည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးပိုင် မြေနေရာသည် ယခင်က ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းပိုင်မြေဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြေလွှဲမိန့်ခွင့်ပြုချက်အရ (၁၄.၅.၂၀၂၀)ရက်နေ့တွင် (၁၀၀ပေx၅၀ပေ)ကို အစားထိုးချထားပေးခဲ့သည့် အမိန့်ရရှိခဲ့ပြီး သက်ဆိုင်ရာမြေစာရင်းဌာနတွင် (၂၁.၅.၂၀၂၀)ရက်နေ့၌ မြေစာရင်းပုံစံ(၁၀၅)(၁၀၆) လျှောက်ထား ရယူခဲ့သောမြေဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ပြည်ထောင်စု

ရွေးကောက်ပွဲကော်မရှင်သို့ (၁၇.၆.၂၀၂၀)ရက်နေ့တွင် သင့်တော်သည့် ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ခွဲရုံးပိုင်ရုံး ဆောက်လုပ်ပေးရေး တင်ပြဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ပေါင်းတည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ကျခတ္တန်းရွာ၊ ရုံးပင်လမ်းခွဲ ရွာဘေးရှိ တောင်နဝင်းဆည် ရေသောက်စနစ် B2 မြောင်းမကြီးမှခွဲထွက်သော မြောင်းငယ် B2₃ ရေသွယ်မြောင်းကို Precast Linning မြောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ ကျခတ္တန်းရွာ ရုံးပင်လမ်းခွဲ ရွာဘေးရှိ တောင်နဝင်းဆည်ရေသောက်စနစ် (B2) မြောင်းမကြီးမှခွဲထွက်သော မြောင်းငယ်($B2_3$) ရေသွယ်မြောင်းကို (Precast Lining) မြောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းအား (JICA)ရန်ပုံငွေဖြင့်ဆောင်ရွက်စဉ် ရန်ပုံငွေအခြေအနေအရ မြောင်းအလျား (၅၀၈၀)ပေအား Linning ပြုလုပ်ရန် ကျန်ရှိနေခဲ့ပါသည်။

သို့ဖြစ်ပါ၍ တောင်နဝင်းဆည်ရေသောက်စနစ် (B2)မြောင်းမကြီးမှခွဲထွက်သော မြောင်းငယ်($B2_3$)ရေသွယ်မြောင်း(၅၀၈၀')ကို(Precast Lining)မြောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းအား (၂၀၂၀-၂၀၂၁)ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းဆိုတာ အဖြေကရှင်းပါတယ်။ ဝန်ကြီးဖြေထားတာလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း လွှတ်တော်ထဲမှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီး လာဖြေတယ်ဆိုတာ တရားဝင်ဖြစ်ပါတယ်။ သို့သော်လည်း နှုတ်တစ်ရာ စာတစ်လုံး ကျွန်တော့်ကို ဖြေထားတဲ့အဖြေစာရွက်က အောက်အဖြေမှာ တာဝန်ခံတဲ့ဝန်ကြီးဌာန အဆင့်ရာထူး၊ အမည်၊ မည်သူဆိုတဲ့ လက်မှတ်ထိုးမပါဘဲနဲ့ စာရွက်က ကွန်ပျူတာစာစီပြီးတော့ အလွတ်ဘယ်နေရာကရိုက်လာမှန်းမသိတဲ့ပုံစံမျိုးနဲ့ ဖြေထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ခံတဲ့

ဝန်ကြီးဌာန ရှိရမယ်။ တာဝန်ခံတဲ့ ပုဂ္ဂိုလ်ရှိရမယ်။ လက်မှတ်ထိုးပါရမယ်ဆိုတဲ့ အချက်အလက်နဲ့ မကိုက်ညီတဲ့အတွက် အဲ့ဒါကို ကျွန်တော်က တရားဝင်ပြန်လည်တောင်းဆိုခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ကျွန်တော်တို့ လွှတ်တော်သို့ ပေးပို့တဲ့အဖြေများဟာ အပေါ်စာဖြင့် လက်မှတ်ထိုးပြီး ပေးပို့ခြင်း ဖြစ်ပါတယ်။ နောက်ဆက်တွဲဖြေကြားတဲ့ ဖြေကြားချက်များဟာလည်း အပေါ်စာလက်မှတ်ထိုး အပေါ်မှာ ပေးပို့ထားတာ ဖြစ်တဲ့အတွက် တစ်ရွက်ချင်းအပေါ်မှာလိုအပ်တဲ့ ဆက်စပ်မေးခွန်းတွေ နှုတ်အားဖြင့်ဖြေဆိုတဲ့အခါမှာ လိုအပ်တဲ့အချက်များကို ဖြည့်သွင်းဖြေဆိုတာဖြစ်တဲ့အတွက် တရားဝင် တဲ့အကြောင်းနဲ့ လွှတ်တော်မှာတင်ပြတဲ့ တင်ပြချက်များဟာ လွှတ်တော်မှတ်တမ်းမှာ ပါဝင်တာ ဖြစ်တဲ့အတွက် ဒါကို တရားဝင်အဖြစ် တင်ပြခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။နောက်နောင်ဆိုရင်တော့ အပေါ်စာတင်မကပဲနဲ့ မေးခွန်းတစ်ခုချင်းမှာပါ သက်ဆိုင်ရာဝန်ကြီးများက တာဝန်ယူတာဝန်ခံတဲ့အနေနဲ့ လက်မှတ်ရေးထိုးပေးပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆည်မြောင်းများ တူးဖော်ဆောင်ရွက်မှုကြောင့် လယ်ယာမြေများ နစ်နာဆုံးရှုံးရမှုအတွက် တိုင်းဒေသကြီးအစိုးရမှ လယ်သမားများအား ထိုက်သင့်သော လျော်ကြေးငွေများပေးအပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ဆည်မြောင်းများ တူးဖော်ဆောင်ရွက်မှုကြောင့် လယ်ယာမြေများ နစ်နာဆုံးရှုံးရမှုအတွက် တိုင်းဒေသကြီးအစိုးရမှ လယ်သမားများအား ထိုက်သင့်သော လျော်ကြေးငွေများပေးအပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ နွေစပါးရေ ရရှိရန်အတွက်ဟုဆိုကာ တောင်သူများ၏လယ်ယာမြေထဲသို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်မှုမရှိဘဲ စက်ယန္တရားကြီးများဖြင့် မြောင်းဖောက်လုပ်ခြင်း၊ လယ်ယာမြေထဲသို့ မြေများဖို့ခြင်းစသော လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် လယ်သမားများ၏ လယ်မြေအမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့မှုကြောင့် ယခုလို မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်လွင် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဆည်မြောင်းများ တူးဖော်ဆောင်ရွက်မှုကြောင့် လယ်ယာမြေများ နစ်နာဆုံးရှုံးရမှုအတွက် တိုင်းဒေသကြီးအစိုးရမှ လယ်သမားများအား ထိုက်သင့်သော လျော်ကြေးငွေများပေးအပ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်အတွင်းရှိ သဲကောရေလှောင်တမံ၏ ရေသောက်စနစ်များအား အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုလုပ်ငန်း (ADSP) အရ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

ထို့သို့လုပ်ငန်းများမဆောင်ရွက်မီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများအား အစည်းအဝေးဖိတ်ကြားပြီး လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြား၍ တောင်သူများ၏သဘောထားဆန္ဒကိုရရှိနိုင်ရန် ပထမအကြိမ်ဆွေးနွေးခဲ့ပါသည်။ သဲကောရေသောက်စနစ်၏ အဖျားပိုင်းများသည် သဲမြေဆန်သော မြေများဖြစ်ခြင်း၊ ဆည်ရေအသုံးပြုမှုနည်းပါးခြင်းတို့ကြောင့် အချို့နေရာများရှိ တူးမြောင်းများသည် တောင်သူများက ဖျက်သိမ်းပြီး မိုးစပါးနှင့်မတ်ပဲများကိုသာ အဓိကစိုက်ပျိုးလျက်ရှိပါသည်။ ယခုအခါ နွေစပါး(သို့)နွေသီးနှံစသည်ဖြင့် ရေသွင်းစိုက်ပျိုးနိုင်ရန် တူးမြောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရမည်ဖြစ်သဖြင့် အကြံပြုဆွေးနွေးခြင်းနှင့် တူးမြောင်းဖောက်လုပ်မည့် အူကြောင်းရှိ သက်ဆိုင်ရာကျေးရွာ အုပ်စုများအလိုက် တောင်သူများအားဖိတ်ကြားပြီး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တောင်သူများ၏သဘောထားများကိုရယူပြီး လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီချက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် အဆိုပါအစည်းအဝေးများကို တောင်သူများအားလုံးတက်ရောက်ရန် ဖိတ်ကြားသော်လည်း အချို့တောင်သူများမှာ အစည်းအဝေးသို့တက်ရောက်ခြင်းမရှိသဖြင့် လုပ်ငန်းဆောင်ရွက်မည့်အစီအမံများကို မသိရှိခဲ့ရခြင်းဖြစ်ပါသည်။ တူးမြောင်းများအား ပုံစံကျ ပြန်လည်ပြုပြင်ရာတွင် လိုအပ်သောမြေအား အနီးရှိတူးမြောင်းနယ်နိမိတ်အတွင်းမှ ရယူဆောင်ရွက်ရာ Borrow ကျင်းများဖြစ်ပေါ်လာသဖြင့် သက်ဆိုင်ရာတောင်သူများနှင့်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် မြေအငှားယူထားသည့် နေရာများကို ပြန်လည်ပြုပြင်ပေးရန် စီမံဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် မြေအငှားယူထားသည့် နေရာများကို ပြန်လည်ပြုပြင်ပေးရန် စီမံဆောင်ရွက်လျက်ရှိပြီး အမှန်တကယ် လယ်ယာမြေများ နစ်နာဆုံးရှုံးရှိခဲ့ပါက လယ်ယာမြေလျော်ကြေး ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်/ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များမှ ပါဝင်သွားသည့် လယ်ယာမြေစာရင်းများကို စိစစ်၍ သတ်မှတ်ပြီးနောက် တစ်ဧကလျော်ကြေး

ပေးချေရမည့်နှုန်းထားများကို တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနအဖွဲ့မှ သတ်မှတ်ဆုံးဖြတ်ပေးပြီးပါက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လျော်ကြေးပေးချေရမည့်ပမာဏအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက လျော်ကြေးပေးချေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား– ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမောင်မောင်လွင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဝန်ကြီးဖြေသွားတဲ့အခါမှာ သက်ဆိုင်ရာ ကျေးရွာအုပ်စုများအလိုက် တောင်သူများအားဖိတ်ကြားပြီး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တောင်သူများ၏ သဘောထားများကိုရယူပြီး လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီချက်ဖြင့်ဆိုတဲ့တစ်ချက် တွေ့ရပါတယ်။ နံပါတ်(၂)အချက်ကတော့ အနီးရှိတူးမြောင်းနယ်နိမိတ်အတွင်း ရယူဆောင်ရွက်ရာမှာ Borrow ကျင်းများဖြစ်ပေါ်လာသဖြင့် သက်ဆိုင်ရာတောင်သူများနှင့် ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခါ အမှန်တကယ် လယ်ယာမြေဆုံးရှုံးနစ်နာမှုရှိပါက လယ်ယာမြေလျော်ကြေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာနဲ့ ဆောင်ရွက်မယ်။ နောက်တစ်ခါ ရန်ပုံငွေရရှိပါက လျော်ကြေးပေးမယ်။ အဲ့ဒီတော့ သက်ဆိုင်ရာ ကျေးရွာလယ်သမားကို ဖိတ်ကြားပြီးတော့ သူတို့ရဲ့ သဘောထားကို ရယူတယ်လို့ဆိုတယ်။ လယ်သမားက သူ့မြေကြီးဆုံးရှုံးသွားတာကို လယ်သမားက သဘောတူပါ့မလား။ ဒါစဉ်းစားဖို့ လိုပါလိမ့်မယ်။ နောက်တစ်ချက်က အနီးရှိ လယ်သမားကို Borrow ဆောင်ရွက်တယ်ဆိုတော့ ကျွန်တော်ပြောတဲ့ Power Point မှာ ကြည့်ခြင်း အားဖြင့် ရှင်းပါတယ်။ လယ်သမားတွေ လယ်မြေဘယ်လောက်ဆုံးရှုံး သွားလဲဆိုတာ ဒါကို ကြည့်ခြင်း အားဖြင့် သိပါတယ်။ နောက်တစ်ခါ အမှန်တကယ် ဆုံးရှုံးပါကဆိုတော့ ကျွန်တော်က မြေပြင်ဆင်းပြီး ဓါတ်ပုံရိုက်ပြီးတော့ ဒါတွေကို Power Point လုပ်ပြီး တင်ပြတဲ့အတွက် အမှန်တကယ် ဆုံးရှုံးမှုရှိလို့သာ ကျွန်တော်လွှတ်တော်ကို တင်ပြဆွေးနွေးရတာပါ။ အမှန်တကယ်ဆုံးရှုံးမှုမရှိရင် ကျွန်တော် တင်ပြဆွေးနွေးမှာမဟုတ်ပါဘူး။

နောက်တစ်ချက်က ရန်ပုံငွေရရှိပါက လျော်ကြေးပေးမယ်ဆိုတော့ ရန်ပုံငွေမရရှိရင် လျော်ကြေးမပေးဘူးဆိုတဲ့သဘော သက်ရောက်နေပါတယ်။ အမှန်တကယ်မဖြစ်မနေ လုပ်ရမယ့်ကိစ္စနဲ့ နောက်မှလုပ်ရမယ့်ကိစ္စဆိုတာ (၂)မျိုးရှိပါတယ်။ အခု အမှန်တကယ် လယ်သမားတွေ ဆုံးရှုံးရတဲ့အတွက်ကြောင့် ဒါကို အရေးတကြီးအနေနဲ့ ဆောင်ရွက်ပေးသင့်ပါကြောင်း ဆက်စပ်မေးခွန်းအနေဖြင့် ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်လွင်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်ပြီးတော့ မေးမြန်းတဲ့ကိစ္စမှာ ကျွန်တော်တို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မြေယာများကို ရယူပြီးတော့ ဆောင်ရွက်တဲ့အခါမှာ လူထုနဲ့တိုင်ပင်ဆွေးနွေးဖို့ လမ်းညွှန်ထားပြီးလည်းဖြစ်ပါတယ်။ မိမိရဲ့လမ်းညွှန်ချက်နဲ့အညီ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်သူများနဲ့ Public Concentration ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အမှန်တကယ်ဆုံးရှုံးတယ်လို့ ပြောတဲ့နေရာမှာ လျော်ကြေးနဲ့ပတ်သက်ပြီးတော့ အားလုံးကိုခြုံပြီးတော့ အတိအကျပြောလို့မရပေမယ့် သက်ဆိုင်ရာ ပိုင်ဆိုင်မှုတွေတင်ပြလာပြီး လျော်ကြေးတင်ပြမယ်ဆိုရင် အမှန်တကယ်ဆုံးရှုံးခဲ့တယ်။ မူလမြေယာ ပိုင်ဆိုင်မှု ပုံစံ(၇)လည်းရှိခဲ့တယ်ဆိုရင် လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်မှာ မြေနေရာအတည်ပြုသတ်မှတ်ခြင်းနဲ့ ဈေးနှုန်းအတည်ပြုသတ်မှတ်ခြင်းတွေ ဆောင်ရွက်ရပါတယ်။ အဲ့လိုဆောင်ရွက်ပြီးတဲ့အခါမှာ ရန်ပုံငွေရရှိဖို့ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကနဦးတင်ပြတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ မူလဘတ်ဂျက်မှာ ထည့်သွင်းရေးဆွဲတယ်။ ရေးဆွဲပြီးနောက်မှာ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ စသဖြင့် အဆင့်ဆင့်တင်ပြရတာဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ ဘဏ္ဍာငွေတိုက်ရိုက်စီမံခန့်ခွဲခွင့်ရရှိမှု မရှိခြင်းကြောင့် တင်ပြပြီးကာမှ အများရဲ့သဘောနဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ဘဏ္ဍာငွေခွင့်ပြုချက် ရရှိပါက ဆောင်ရွက်ပေးရမယ့် ကိစ္စရပ်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏

(၁) **"တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် သိပ္ပံကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် လေးခန်းတွဲအိမ်သာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ ။ "တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် သိပ္ပံကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ နတ်သျှင်နောင်ရပ်ကွက်တွင်တည်ရှိပြီး ကေတုမတီမြို့နှင့် အနီးပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိသော ကျောင်းတစ်ကျောင်းဖြစ်ပါသည်။

ကေတုမတီ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၂၈၄)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၄၉၀)ဦးနှင့် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၅၈၅)ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ(၁၃၅၉)ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရှိရပါသည်။

ကေတုမတီ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်းဆောင်များအနေဖြင့် ၁၉၉၀ခုနှစ်က ဆောက်လုပ်ခဲ့သော မေယုဆောင်(၁)ထပ် အန္တရာယ်ရှိ ကျောင်းဆောင်(၁)ဆောင်၊ ၁၉၉၇ခုနှစ်က ဆောက်လုပ်ခဲ့သော ချင်းတွင်းဆောင်(၁)ထပ်ကျောင်းဆောင်(၁)ဆောင်၊ ၁၉၉၈ ခုနှစ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော သံလွင်ခန်းမ(၁)ထပ် အန္တရာယ်ရှိ ကျောင်းဆောင်(၁)ဆောင်၊ ၂၀၀၁ခုနှစ်က ဆောက်လုပ်ခဲ့သော ရောဝတီဆောင်(၂)ထပ် ကျောင်းဆောင် (၁)ဆောင်နှင့် ၂၀၀၈ ခုနှစ်က ဆောက်လုပ်ခဲ့သော မေခဆောင်(၁)ထပ် ကျောင်းဆောင် (၁)ဆောင် တို့ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့်ရရှိခဲ့သော (၉၀×၃၀)ပေ နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် (စတင်ဆောက်လုပ်ဆဲ)တို့ရှိကြောင်း သိရှိရပါသည်။

ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ယခုလက်ရှိတည်ရှိနေသော ကျောင်းဆောင်များတွင် အန္တရာယ်ရှိကျောင်းဆောင်(၂)ဆောင်ရှိနေခြင်း၊ လက်ရှိကျောင်းဆောင် စာသင်ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေမမျှတခြင်း၊ ဆရာ၊ ဆရာမများအတွက် နားနေဆောင်မရှိခြင်း၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများအတွက် လက်တွေ့သင်ကြားရန် သိပ္ပံခန်းများ လိုအပ်နေခြင်းများ ဖြစ်ပေါ်နေပါသဖြင့် (၉၀×၃၀)ပေ နှစ်ထပ်သိပ္ပံကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ကာလတွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ ။ "တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် လေးခန်းတွဲအိမ်သာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ နတ်သျှင်နောင်ရပ်ကွက်တွင်တည်ရှိပြီး ကေတုမတီမြို့နှင့် အနီးဝန်းကျင်မှ ကျောင်းသား/ကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိသော ကျောင်းတစ်ကျောင်းဖြစ်ပါသည်။

ကေတုမတီ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူ(၂၈၄)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူ (၄၉၀)ဦးနှင့် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ(၅၈၅)ဦး စုစုပေါင်း ကျောင်းသား/ကျောင်းသူ (၁၃၅၉)ဦး ပညာသင်ကြားလျက်ရှိပြီး ဆရာ/ဆရာမ(၄၄)ဦး၊ ရုံးဝန်ထမ်း(၃)ဦး၊ စုစုပေါင်း ဆရာ/ဆရာမ/ကျောင်းသား/ကျောင်းသူ(၁၄၀၆)ဦးရှိကြောင်း သိရှိရပါသည်။

ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိအသုံးပြုလျက်ရှိသော ကျောင်းသုံးအိမ်သာများအနေဖြင့် (၄)ခန်းတွဲ (၅)လုံးနှင့် (၂)ခန်းတွဲ(၂)လုံး စုစုပေါင်း ကျောင်းသုံးအိမ်သာ(၇)လုံးရှိပြီး အခန်းပေါင်း(၂၄)ခန်းသာရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကေတုမတီမြို့အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ/ဆရာမ(၄၄)ဦး၊ ရုံးဝန်ထမ်း(၃)ဦးနှင့် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူ(၁၃၅၉)ဦးတို့ရှိပါသဖြင့် လက်ရှိဆောက်လုပ်ထားသည့် ကျောင်းသုံးအိမ်သာများနှင့် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသောကြောင့် (၄)ခန်းတွဲ အိမ်သာ(၁)လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် မည့်သည့်ကာလတွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဗိုလ်ကြီးခင်မောင်ဝင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် သိပ္ပံကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍သည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ တောင်ငူမြို့နယ်၊ အထက-ကေတုကျောင်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် တိုးချဲ့ကျောင်းဆောင် (၁၀၀x ၃၀) RC (၂)ထပ် ကျောင်းဆောင်အား မြနန်းတော်ဝင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါသည်။

အထက-ကေတုတွင် သိပ္ပံဆောင်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ဦးစီးအမှတ်စဉ်(၁)ဖြင့် A Plan တွင် ထည့်သွင်းလျာထားခဲ့ပါသည်။ COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ရန်ပုံငွေပြန်လည်အပ်နှံခဲ့ရသော ၂၀၁၉-၂၀၂၀ မှ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ တွင် ထည့်သွင်းလျာထားရပါသည်။ ထို့အတွက်ကြောင့် A Plan တွင်လျာထားသော ခေါင်းစဉ်များဖြစ်သည့် တိုးချဲ့ကျောင်းဆောင်၊ ဝန်ထမ်းအိမ်ရာ၊ စာကြည့်တိုက်၊ သိပ္ပံဆောင်များသည် ၂၀၂၀-၂၀၂၁ အတည်ပြုစာရင်းတွင် ပါဝင်ခြင်းမရှိတော့ပါ။

သို့ဖြစ်ပါ၍ ကျောင်းအလိုက်သိပ္ပံဆောင် လိုအပ်ချက်စာရင်းအားစိစစ်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဗိုလ်ကြီးခင်မောင်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် လေးခန်းတွဲအိမ်သာ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ အထက-ကေတုကျောင်းအတွက် သန့်စင်ခန်းလိုအပ်ချက်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေ ၀၄၀၉ ခေါင်းစဉ်ဖြင့် (၂)ခန်းတွဲ သန့်စင်ခန်းနှစ်လုံးအား ဆောက်လုပ်ရန် မြို့နယ်ပညာရေးမှူးရုံးများ၏ ငွေစာရင်း(MD)သို့ တိုင်းဒေသကြီးပညာရေးမှူးရုံး၏ (၅.၈.၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၂-က)/၆၀၅၃/(၀၄၀၉) (၂၀၂၀)ဖြင့် ခွဲဝေပေးပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

အခြေခံပညာဦးစီးဌာန

၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်၊(၀၄၀၉) အခြားရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေရရှိသည့် အခြေခံပညာ ကျောင်းစာရင်း

| စဉ် | မြို့နယ် အမည် | ကျောင်း/ရုံး အမည် | ဆောင်ရွက်မည့်လုပ်ငန်း | တန်ဖိုး (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|
| ၂၈၄ | ကျောက်တံခါး | မူလွန်-ရွှေဂျို့ပင် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံး ဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၈၅ | ကျောက်တံခါး | မူလွင်-ဆင်ဆိပ်ကလေး | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံး ဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၈၆ | ကျောက်တံခါး | မူလွန်-ဘွဲ့ချင် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံး ဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |

| | | | | | |
|---|---|---|---|---|---|
| ၂၈၇ | ကျောက်တံခါး | မူလွန်-ကညင်ကျိုးရွာသစ် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၈၈ | ကျောက်တံခါး | မူလွန်-ညောင်ကုန်း | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၈၉ | ကျောက်တံခါး | မူလွန်-ကြိမ်ခြုံ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၀ | ကျောက်တံခါး | မူလွန်-ထောက်ကြန့် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၁ | ကျောက်တံခါး | မူလွန်-ညောင်ပင်သာ (ဖဒို ) | (၁)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၀.၈၀၀၀၀၀ | |
| ၂၉၂ | ကျောက်တံခါး | အမက-ထီးလပ်တဲစု | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၃ | ကျောက်တံခါး | အမက-ညာတေး | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၄ | ကျောက်တံခါး | မူလွန်-ဒိုးတန်း | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၅ | ကျောက်တံခါး | မူလွန်-သမင်အင်းကုန်း | (၁)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၀.၈၀၀၀၀၀ | |
| ၂၉၆ | ကျောက်တံခါး | အလက(ခွဲ) လှေတန်းကျွန်းကြီး | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၇ | ကျောက်တံခါး | အမက-ဈေးတန်း | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၈ | ကျောက်တံခါး | မူလွန်-စာတိုက် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၂၉၉ | တောင်ငူ | အထက-၃ | (၂)ခန်းတွဲသန့်စင်ခန်း(၃)လုံးဆောက်လုပ်ရန် | ၄.၈၀၀၀၀၀ | |
| ၃၀၀ | တောင်ငူ | အထက-၅ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |

| | | | | | |
|---|---|---|---|---|---|
| ၃၀၁ | တောင်ငူ | အထက-၆ | (၂)ခန်းတွဲသန့်စင်ခန်း(၂)လုံး ဆောက်လုပ်ရန် | ၃.၂၀၀၀၀၀ | |
| ၃၀၂ | တောင်ငူ | အထက-လေးမိုင် | (၂)ခန်းတွဲသန့်စင်ခန်း(၅)လုံးဆောက်လုပ်ရန် | ၈.၀၀၀၀၀၀ | |
| ၃၀၃ | တောင်ငူ | အထက-ကေတု | (၂)ခန်းတွဲသန့်စင်ခန်း(၂)လုံးဆောက်လုပ်ရန် | ၃.၂၀၀၀၀၀ | |
| ၃၀၄ | တောင်ငူ | အလက-ဇီးပင်သာ | (၂)ခန်းတွဲသန့်စင်ခန်း(၂)လုံးဆောက်လုပ်ရန် | ၃.၂၀၀၀၀၀ | |
| ၃၀၅ | တောင်ငူ | အလက(ခွဲ)မြို့မ | (၂)ခန်းတွဲသန့်စင်ခန်း(၂)လုံးဆောက်လုပ် ရန် | ၃.၂၀၀၀၀၀ | |
| ၃၀၆ | တောင်ငူ | အလက(ခွဲ)၁၈/၁ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံး ဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၀၇ | တောင်ငူ | အလက(ခွဲ)မိုးကောင်း | (၂)ခန်းတွဲသန့်စင်ခန်း(၃)လုံးဆောက်လုပ် ရန် | ၄.၈၀၀၀၀၀ | |
| ၃၀၈ | တောင်ငူ | အလက(ခွဲ)ကန်ရိုး | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၀၉ | တောင်ငူ | အလက(ခွဲ)ကေတု(၂) | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၀ | တောင်ငူ | အလက(ခွဲ)ကရင်ရွာကြီး | (၂)ခန်းတွဲသန့်စင်ခန်း(၂)လုံးဆောက်လုပ် ရန် | ၃.၂၀၀၀၀၀ | |
| ၃၁၁ | တောင်ငူ | မူလွန်-ကွင်းကျောင်း | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ် ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၂ | တောင်ငူ | မူလွန်-ဇောင်ချမ်းတောင် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၃ | တောင်ငူ | မူလွန်-ကန်တော် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၄ | တောင်ငူ | မူလွန်-လောကုတ္တရာ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ် ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၅ | တောင်ငူ | မူလွန်-ညောင်ပင်သာ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |

| | | | | | |
|---|---|---|---|---|---|
| ၃၁၆ | တောင်ငူ | မူလွန်-၁၁ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၇ | တောင်ငူ | မူလွန်-ကျောက်တလုံး | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၈ | တောင်ငူ | မူလွန်-ရွာသစ် | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |
| ၃၁၉ | တောင်ငူ | မူလွန်-ကန်းနီ | (၂)ခန်းတွဲသန့်စင်ခန်း(၁)လုံးဆောက်လုပ်ရန် | ၁.၆၀၀၀၀၀ | |

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဦးစီးဌာန HRC ဆေးခန်းကို N4 ကုမ္ပဏီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ဒါလုပ်ငန်းဖြင့် တည်ဆောက်ခဲ့သော်လည်း ယနေ့အချိန်အထိ ပြီးစီးအောင် ဆောင်ရွက်မှုမရှိပါသောကြောင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုကြောင်းနှင့် အမြန်ဆုံးပြီးစီးအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ကျောက်ကြီးမြို့နယ်၊ ဝက်လာတောကျေးရွာအုပ်စု၊ ကရင်ဝက်လာတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဦးစီးဌာန HRC ဆေးခန်းကို N4ကုမ္ပဏီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ဒါလုပ်ငန်းဖြင့် တည်ဆောက်ခဲ့သော်လည်း ယနေ့အချိန်အထိ ပြီးစီးအောင် ဆောင်ရွက်မှုမရှိပါသောကြောင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုကြောင်းနှင့် အမြန်ဆုံးပြီးစီးအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်ကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာန RHC ဆေးခန်းကို N4 ကုမ္ပဏီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တင်ဒါလုပ်ငန်းဖြင့် တည်ဆောက်ခဲ့သော်လည်း ယနေ့အချိန်ထိ ပြီးစီးအောင်ဆောင်ရွက်မှုမရှိပါသောကြောင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုကြောင်းနှင့် အမြန်ဆုံးပြီးစီးအောင် စီစဉ်ဆောင်ရွက်ပေးရန် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ **"ကျောက်ကြီးမြို့နယ်၊ ဝက်လာတောကျေးရွာအုပ်စု၊ ကရင်ဝက်လာတောကျေးရွာတွင် ကျေးလက်ကျန်းမာရေး**

**ဆေးခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ကျောက်ကြီးမြို့နယ်၊ ဝက်လာတောကျေးရွာအုပ်စု၊ ကရင်ဝက်လာတောကျေးရွာသည် ကျောက်ကြီးမြို့နယ်၏ တောင်ဘက်အစွန်ဆုံး ရွှေကျင်မြို့နယ်အစပ် အတွင်းပိုင်းလမ်းဆုံ ကျေးရွာတစ်ခုအဖြစ်တည်ရှိကာ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးတွင်းအခါ ခြေလျင်ဖြင့်သာသွားလာရသော ကျေးရွာတစ်ခု ဖြစ်ပါသည်။ အဆိုပါကျေးရွာရှိ အိမ်ထောင်စု(၁၇၂)နှင့် လူဦးရေ(၁၀၁၄)ကျော် ပြည်သူများ၏ ကျန်းမာရေး အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသောကြောင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဦးစီးဌာန N4 ဆေးခန်းကို HRC ကုမ္ပဏီက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တင်ဒါလုပ်ငန်းဖြင့် တည်ဆောက်ခဲ့သော်လည်း ယနေ့အချိန်အထိ ပြီးစီးအောင် ဆောင်ရွက်မှုမရှိပါသောကြောင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုကြောင်းနှင့် အမြန်ဆုံးပြီးစီးအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်မြင်သည့် N4 ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ရာသီဥတုအခြေအနေ၊ ပစ္စည်းသယ်ယူရာတွင် ခက်ခဲမှုနှင့် ယခုနောက်ပိုင်းတွင် COVID-19 ရောဂါအခြေအနေများကြောင့် လုပ်ငန်းပြီးစီးမှု ကြန့်ကြာခဲ့ရပါသည်။ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ကုမ္ပဏီအား တွန်းအားပေးဆောင်ရွက်ခဲ့ရာ (၁၀-၇-၂၀၂၀) ရက်နေ့တွင် လုပ်ငန်း(၉၂%) ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ လုပ်ငန်းအမြန်ဆုံးပြီးစီးရေးအတွက် ဆက်လက်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး (၃၁-၇-၂၀၂၀)ရက်နေ့တွင် လုပ်ငန်း(၁၀၀%)ပြီးစီးစေရန် စီစဉ်ဆောင်ရွက်သွားမည်လို့ ဖြေကြားထားခဲ့တာဖြစ်ပါသည်။ (၃၁.၇.၂၀၂၀) ရက်နေ့တွင် ဖြေကြားခြင်းမပြုရသေးသည့်အတွက် နောက်ပိုင်းမှာ ဆက်လက်ပြီး လုပ်ဆောင်တဲ့အခါမှာ (၄%)ခန့် တိုးတက်မှုရှိပြီး (၉၆%)ခန့်ပြီးစီးနေပြီကို ထပ်မံဖြည့်စွက်ပြီး တင်ပြလိုပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးတင်ဆန်းဦး(ခ)ဦးဇော်မင်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ ဝက်လာတောကျေးရွာအုပ်စု၊ ကရင်ဝက်လာတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊

ကျောက်ကြီးမြို့နယ်၊ ဝက်လာတောကျေးရွာ အုပ်စု၊ ဝက်လာတော(ကရင်)ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၆-၃-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ဝ၆၄၀/ပခတ-၁(က)/လွှတ်တော်/၂၀၁၈ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၂)ခုတွင် အဖွဲ့ဝင် ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၂)ခုတွင် အဖွဲ့ဝင် ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) က လွှတ်တော်သို့တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ဇင် [ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ)အရလည်းကောင်း ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က) နှင့် (ခ) အရလည်းကောင်း ရေးရာကော်မတီ(၁၀)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး (၁၇.၁.၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီကို လည်းကောင်း၊ (၁၇.၁.၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၀ ဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

(၁၇.၁.၂၀၂၀) ရက်စွဲပါတင်ပြစာအရ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းအား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းပြင်ဆင် ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၉.၇.၂၀၂၀)ရက်စွဲပါ ကြေညာချက်အမှတ် ၁၃၀/၂၀၂၀ အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးဇော်အစား ဗိုလ်မှူးတင်နိုင်ဝင်းအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အတည်ပြုချက်ရယူနိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဇင်မှ လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် ရေးရာကော်မတီ(၂)ခုတွင် အဖွဲ့ဝင် ထည့်သွင်းပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ယခုတင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် များအားလုံးက သဘောတူပါသလားခင်ဗျား-

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူထောက်ခံ ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာ ကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ တို့တွင် အဖွဲ့ဝင်ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၂၀-၂၀၂၅)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၂၀-၂၀၂၅)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပဲခူး တိုင်းဒေသကြီး၏ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ခုနှစ် ဇယား(၂)တွင် သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအစိုးရက လမ်းညွှန်ထိန်းကျောင်းပေးနိုင်ရန် ရေးဆွဲရေး ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားနှင့် မွေးမြူရေး ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များစုစည်း၍ အကြိမ်ကြိမ်ဆွေးနွေးကာ မဟာဗျူဟာ ပဥ္စမ မူကြမ်းအထိ ရေးဆွဲခဲ့ပါသည်။

၎င်းကိုပြည်သူများ၏ သဘောထားအမြင်ရယူရေး အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် ပြန်လည် မွမ်းမံပြင်ဆင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ဆက်လက်

တင်ပြကာ ဆဋ္ဌမမူကြမ်းအဆင့်ထိ ရေးဆွဲခဲ့ပါသည်။၂၀၂၀ မှ ၂၀၂၅ ခု ဘဏ္ဍာနှစ်အထိ လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုအစီစဉ်များကိုလည်း တစ်ပေါင်းတည်းရေးဆွဲခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏ မဟာဗျူဟာကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)နှင့် ချိတ်ဆက်ထားသလို ပြည်ထောင်စုအဆင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာနှင့်လည်း ဆက်စပ်ရေးဆွဲပါသည်။ တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများအတွက် ပြည်ထောင်စု၏ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ PPP Model များကိုလည်း ပုံစံဖော်ထားပါတယ်။

မဟာဗျူဟာ၌ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအစီအစဉ်(Program)၊ စီမံကိန်း(Project)နှင့် စီမံချက် (Plan of activities) အဆင့်ဆင့်အလိုက် လယ်ယာအသားငါးကဏ္ဍ၊ ဦးစီးဌာန(၉)ခု၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(၂၀၂၀-၂၀၂၅)ကိုလည်း ရေးဆွဲထားပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပြဋ္ဌာန်းထားသော ပဲခူးတိုင်းဒေသကြီး၏ GDP မျှော်မှန်းချက်ကို အခြေခံပြီး တွက်ချက်ထားပါသည်။ ထို့အပြင် စီမံကိန်းနှင့်ဘတ်ဂျက်ကို ချိတ်ဆက်ထားခြင်းဖြစ်၍ ယင်းဘတ်ဂျက်မှာလည်း တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေချထားနိုင်မှုပမာဏအပေါ် အခြေခံရေးဆွဲထားပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၂၀-၂၀၃၀)ကို အမျိုးသားအဆင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မတီသို့ Project Bank Website ၌ လွှင့်တင်နိုင်ရေးအတွက် ဆက်လက်ပေးပို့ခွင့်ပြုနိုင်ရေး တင်ပြအပ်ပါသည်။

**တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(၂၀၂၀-၂၀၂၅)နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၂၀-၂၀၃၀)နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(၂၀၂၀-၂၀၂၅)နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး (၁၂.၈.၂၀၂၀)ရက် (ဗုဒ္ဓဟူးနေ့)တွင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (နဝမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒသမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို (၁၁:၁၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၁)ရက် (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်အမည် - ဒေါ်ပပဟန်

မဲဆန္ဒနယ် - ပန်းတောင်း(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

သက်ဆိုင်သည့်ကဏ္ဍာ - လူမှုဝန်ထမ်းဦးစီးဌာန

ကြယ်ပွင့်ပြမေးခွန်း (ဆက်စပ်မေးခွန်း)

ပန်းတောင်းမြို့နယ်အတွင်း မိခင်ဝိုင်းကို ဆောင်ရွက်ပေးခြင်း ရှိ/မရှိ နှင့် မိခင်ဝိုင်းကို ကျေးရွာ/ရပ်ကွက်များတွင် ဖွင့်လှစ်မည်ဆိုပါက မည်သည့်အချက်အလက်များ လိုအပ်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းခြင်း

ဖြေကြားချက်

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်အတွင်း မိခင်ဝိုင်း(၆)ဝိုင်းကို ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ ယင်းတို့မှာ က.စ.စ (၂၃)၊ က.ပ.စ(၆) ဝိုင်းအမှတ်(၁)၊က.ပ.စ(၆) ဝိုင်းအမှတ်(၂)၊ က.ပ.စ (၅) ဝိုင်းအမှတ်(၁) ၊က.ပ.စ (၅)ဝိုင်းအမှတ်(၂)၊ က.ပ.စ (၁၆) တို့ဖြစ်ပါ သည်။

၂။ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ရပ်ကွက်/ကျေးရွာများတွင် ဦးစားပေးဖွင့်လှစ်ပေးခြင်း ဖြစ်ပါသည်။ မိခင်ဝိုင်းသည် ရပ်ရွာအတွင်းရှိ (၃)နှစ်အောက် ကလေးငယ်များ ကောင်းစွာ ဖွံ့ဖြိုးနိုင်ရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်မှုများပေးပြီး ထိုပြုစုပျိုးထောင်သည့် နည်းလမ်းကောင်းများကို မိခင်ဝိုင်းမှတစ်ဆင့် ရပ်ရွာလူထုအတွင်းသို့ ပျံ့နှံ့ရောက်ရှိစေရန် အာဟာရ ပြည့်ဝစွာစားသုံးသည့် နည်းစနစ်များသိရှိစေရန်၊ မိခင်ဝိုင်းအတွင်းရှိ မိခင်အချင်းချင်း ကလေးသူငယ် ပြုစုစောင့်ရှောက်သည့် နည်းလမ်းများ ဖလှယ်နိုင်ရန် အဓိကထားဆောင်ရွက်ပါသည်။

၃။ ကျေးရွာ /ရပ်ကွက်များတွင် မိခင်ဝိုင်း ဖွင့်လှစ်မည်ဆိုပါက အောက်ပါအချက်အလက်များ လိုအပ်မည်ဖြစ်ပါသည်။

(က) မိခင်ဝိုင်းပြုလုပ်မည့်နေရာ (သို့)အိမ်သည် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ရှိရမည်။ ကလေး(၂၀)ဦးအတွက် လုံလောက်သောနေရာ အကျယ်အဝန်း ဖြစ်ရမည်။

(ခ) မိခင်ဝိုင်း(၁)ဝိုင်း ဖွင့်လှစ်မည်ဆိုပါက (၁)ဝိုင်းလျှင် အသက်(၃)နှစ်အောက်ကလေး အနည်းဆုံး(၂၀)ဦး ရှိရမည်ဖြစ်ပြီး မိခင်ဝိုင်းခေါင်းဆောင်(၁)နှင့် ပံ့ပိုးကူညီသူ (၂)ဦး၊

Smt 583

မိခင်ဝိုင်းသို့ လာရောက်အပ်နှံသောကလေးများ၏ မိခင်များမှ အလှည့်ကျ ပံ့ပိုးကူညီနိုင်ရမည်။

(ဂ) မိခင်ဝိုင်းတွင် ဝိုင်းခေါင်းဆောင်နှင့် ပံ့ပိုးကူညီသူအဖြစ် တာဝန်ယူဆောင်ရွက်မည့် မိခင်များသည် ကလေးများကိုစိတ်ရှည်ပြီး ချစ်ခင်ယုယမှုပေးနိုင်သည့် မည်သူမဆို လုပ်ဆောင်နိုင်သည်။

(ဃ) မိခင်ဝိုင်းဖွင့်လှစ်မည့် ရပ်ကွက် /ကျေးရွာအုပ်ချုပ်သူနှင့် ရပ်ရွာလူထုမှလည်း မိခင်ဝိုင်းအား ကြီးကြပ်ပံ့ပိုးကူညီနိုင်ရမည်ဖြစ်ပါသည်။

(င) အထက်ပါအချက်များပြည့်စုံ၍ မိခင်ဝိုင်းဖွင့်လှစ်လိုပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတဆင့် တိုင်း/ ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းရုံးသို့ တင်ပြရမည်ဖြစ်ပါသည်။ (ခရိုင် /မြို့နယ်လူမှုဝန်ထမ်းရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ဒေသများတွင် တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးသို့ လိပ်မူ၍တင်ပြနိုင်ပါသည်။

(signature) ၁၄/၈/၂၀

နော်ပွယ်စေး
ဝန်ကြီး
ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

Smt 584

ကန့်သတ်

# (၂၁-၇-၂၀၂၀) ရက်နေ့တွင်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌

# ကျင်းပပြုလုပ်သော ဒုတိအကြိမ်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက်

# အစည်းအဝေးတွင် (၁-၁-၂၀၂၀ ) မှ

# ( ၃၀-၆-၂၀၂၀)ရက်နေ့အထိ

# ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်မှ တင်သွင်းသည့်

# လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (    )ရက်

ကန့်သတ်

# ( ၂၁-၇-၂၀၂၀ )ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် (၁-၁-၂၀၂၀) ရက်နေ့မှ (၃၀-၆-၂၀၂၀) ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်မှ တင်သွင်းသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၂-၇-၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ ၄/၃-၁/ရေး ၅ ဖြင့် အကြောင်းကြားစာအရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေချုပ်အနေဖြင့်သော်လည်းကောင်း ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (အဖွဲ့ဝင်) အနေဖြင့်သော် လည်းကောင်း (၁-၁-၂၀၂၀) နေ့မှ (၃၀-၆-၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်း

၂။ တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၁၈ ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ(င)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄ ၊ ပုဒ်မခွဲ(က)တို့အရ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ(စ) ၊ ပုဒ်မခွဲငယ်(၁)(၂) တို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄ (ခ) (ဂ) ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း ပြည်ထောင်စုရှေ့နေ ချုပ်အားလည်းကောင်း ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံ၍ လုပ်ငန်း တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

## တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ ၊ အဖွဲ့အစည်းများနှင့် ဥပဒေရုံးအဆင့်ဆင့်က ဥပဒေအကြံဉာဏ်တောင်းခံလာခြင်းအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်စပ်လျဉ်းတင်ပြခြင်း

၃။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ (ဂ) အရ တိုင်းဒေသကြီးဝန်ကြီးချုပ်(သို့မဟုတ်) တိုင်းဒေသကြီး လွှတ်တော်(သို့မဟုတ်)တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းတစ်ခုခု ၊ တိုင်းဒေသကြီးဝန်ကြီး ဌာန တစ်ခုခုတို့က ဥပဒေအကြံဉာဏ်တောင်းခံလာပါက ဥပဒေအကြံပြုပြန်ကြားပေးရန် တာဝန်ရှိ ပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘောထား တောင်းခံလာမှု (၅)မှုကို အကြံပြုပြန်ကြားပေးခဲ့ရပြီး အကြံပြုချက်များနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(၁) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၀-၄-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ ၅/၁-၆/ဦး ၁ (၀၄၄၂၀) အရ တောင်ငူခရိုင် ၊ ဖြူးမြို့နယ် ၊ ကြာအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညီညီဇော်မောင်းနှင်လာသည့် မော်တော်ယာဉ်မှာ တောင်ငူ - မုပ္ပလင်ကားလမ်းမပေါ်တွင် ဦးပွားထူးနှင့် ဦးရှိန်းဝဏ္ဏအောင်မောင်းနှင်လာသော ဆိုင်ကယ်အား အနောက်မှ ဝင်ရောက်တိုက်မိပြီး ဦးရှိန်းဝဏ္ဏအောင်မှာသေဆုံးခဲ့၍ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အုပ်ချုပ်ရေးမှူးအား တရားစွဲဆိုခွင့်ပြုနိုင်ပါရန်နှင့် တာဝန်မှယာယီရပ်နားခွင့်ပြုပါရန် တင်ပြလာမှုနှင့်ပတ်သက်၍ အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(၂) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၁၉-၁-၂၀၂၀) ရက်စွဲပါစာအမှတ် ၆/၁-၂၅/ဦး ၆ (၀၀၆၉၇) အရ ရန်ကုန်တိုင်းဒေသကြီး ၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက် ၊ အမှတ်(၄၇)ရှိ Royal Golden Power Co.,Ltd ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းထွန်းက(၉-၁၂-၂၀၁၉) ရက်စွဲဖြင့် ပဲခူးတိုင်းဒေသကြီး ၊ ဘောနတ်ကြီးကျေးရွာအုပ်စု ၊ ညောင်ကန်ကွင်းအမှတ် ၁၃၉၃ အတွင်းရှိ I-Land Park Myanmar Co.,Ltd ၏ I-Land Industrial Estate Project အတွင်းရှိ ပစ္စည်းများ အား လွှဲပြောင်းရောင်းချခြင်းကို တားမြစ်ပေးပါရန် တင်ပြမှုနှင့် စပ်လျဉ်းပြီး အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(၃) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၁၅-၁၁-၂၀၁၉) ရက်စွဲပါ စာအမှတ် ၊ ၅/၁-၆/ဦး ၁ (၁၁၆၃၆) အရ သာယာဝတီခရိုင် ၊ မင်းလှ မြို့နယ် ၊ ဂန့်ဂေါ်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်နိုင်သည် မမြစိုးမိုးအား ကိုယ်ထိလက်ရောက်ကျူးလွန်သည့်ကိစ္စနှင့်ပတ်သက်၍
တရားစွဲဆိုရန်မသင့်ပါသဖြင့် တရားစွဲဆိုခွင့်ပြုမိန့် တောင်းခံခြင်းအား ပယ်ဖျက်ပေးပါရန် တင်ပြလာမှုအပေါ် ဥပဒေအကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(၄) တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ၁၅-၁-၂၀၂၀ ရက်စွဲပါ စာအမှတ် ၊ ၄/၁-၇၁ (၀၀၁၁)/ဦး ၄ (အထဥ) အရ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ယာယီ အုပ်ချုပ်ရေးမှူးများအား ချီးမြှင့်ငွေပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး လစဉ် ချီးမြှင့်ထောက်ပံ့ငွေ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ ဥပဒေအကြံပြုချက် တောင်းခံလာသဖြင့် အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(၅) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီး)၏(၃၀-၁၀-၁၉)

ရက်စွဲပါ စာအမှတ် ၊ ၂၇/၁/အလည-(ဒေညို) ၂၀၁၉ (၁၉၄၁) အရ ပဲခူးမြို့နယ် ၊ ဥဿာမြို့သစ် ၊ အထူးဇုန် ၁ ၊ (၉)ရပ်ကွက် ၊ မြေကွက်အမှတ် ၄၁-က ရှိ Lung Shin Co.,Ltd သည် ဦးကျော်မိုးနိုင်ပါ အလုပ်သမား(၅၂)ဦး တင်ပြသည့်စာချုပ်အား နှစ်ကြေးခံစားခွင့်ကို အနည်းဆုံး အခကြေးငွေ (၄၈၀၀) ကျပ်ဖြင့် ပြဋ္ဌာန်းခဲ့သည့်အချိန်မှစ၍ ယနေ့ထိတိုင်မပေးဘဲ ဖြတ်တောက်ခဲ့ခြင်း ရရှိပြီးသော နှစ်တိုး ခံစားခွင့်ကိုလည်း ယနေ့အချိန်ထိမရရှိ၍ အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက်ခဲ့သော်လည်း ပြေလည်မှုမရှိခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တိုင်းဒေသကြီးအစိုးရတို့မှာ Lung Shin Co.,Ltd ကို တရားစွဲဆိုရန် ညွှန်ကြားမှုနှင့်စပ်လျဉ်း၍ ဥပဒေအကြံပြု ပြန်ကြား ပေးခဲ့ရခြင်း ၊

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြခြင်း

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ဥပဒေပြုစာရင်းပါ ဥပဒေကိုတိုင်းဒေသကြီးလွှတ်တော်မှ ပြဋ္ဌာန်းခွင့်ရှိပြီး ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(ဌ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီးဥပဒေပြုစာရင်းပါ ကိစ္စရပ်များ အတွက် သက်ဆိုင်ရာလွှတ်တော်ရှိ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီများနှင့်အဖွဲ့များက အကြံဉာဏ်တောင်းခံပါက လိုအပ်သလို အကြံဉာဏ်ပေးရန် တာဝန်ရှိ ကာ ဥပဒေကြမ်းများ စိစစ်အကြံပေးခဲ့ရမှုများအနေဖြင့် (၁)မှုရှိပြီး အောက်ဖော်ပြပါ အတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(၁) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၉-၄-၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ (၁၆၉၈) ၁-စီမံ/ဘဏ္ဍာ ၂၀၂၀ အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ၊ ပဲခူးတိုင်းဒေသကြီး နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဥပဒေအဖြစ်ထုတ်ပြန်နိုင်ရန် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည် ဖြစ်ပါသဖြင့် ဥပဒေဆိုင်ရာသဘောထားမှတ်ချက်များနှင့် ပြင်ဆင်ချက်များ ပြုလုပ် ပေးနိုင်ပါရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ရည်ညွှန်းချက်ပါ စာဖြင့် ဥပဒေအကြံပြုတောင်းခံသည့်အပေါ် သဘောထားမှတ်ချက် ပေးရန်မရှိပါကြောင်း စိစစ်အကြံပြု ပြန်ကြားပေးခဲ့ပါသည်။

**စာချုပ်စာတမ်းများအား စိစစ်ခြင်း ၊ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စများနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

၅။ တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ ၊ သက်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ ၊ ဥပဒေကြံဉာဏ်တောင်းခံလာပါက ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရသည့်အပြင် အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်မှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်တင်ပြလာသည့် စာချုပ်(မူကြမ်း)များကို အကြံပြုပြန်ကြားပေးခဲ့ရမှု(၁၅)မှုရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ယင်းတို့မှာ-

(က) ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ)၏ (၂၇-၁-၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ ၉/ရဟ-ပခ-၂၀၂၀ (၀၄၄) အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Emerald Lake Co.,Ltd တို့အကြား ချုပ်ဆိုမည့် ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့ရှိ ကမ္ဗောဇသာဒီနန်းတော်နှင့် ဆက်စပ်မြေတွင် Historical Park အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့် အညီ ပြန်ကြားပေးခဲ့ခြင်း ၊

(ခ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၇-၁၀-၂၀၁၉) ရက်စွဲပါစာအမှတ် ၊ ၈/၁-၂/ဦး ၆ (၁၀၆၇၆) ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တင်ပြလာသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ ဖြင့်ဆောင်ရွက်ခွင့်ပြုခဲ့သော လမ်းမီးထွန်းညှိခြင်းလုပ်ငန်း(၅)ခုနှင့် စပ်လျဉ်းပြီး Lighting specilist Co.,ltdနှင့် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတို့ အကြားချုပ်ဆိုမည့် လုပ်ငန်းအပ်နှံခြင်းသဘောတူ စာချုပ်(မူကြမ်း) အား စိစစ်အကြံပြုပြန်ကြားပေးခဲ့ခြင်း ၊

(ဂ) ပဲခူးတိုင်းဒေသကြီးဒုတိယအထွေထွေမန်နေဂျာရုံး ၊ မြန်မာ့သစ်လုပ် ငန်း ၊ ပဲခူးမြို့၏ (၁၁-၅-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ ၁၇၆၁/ရစ-၁၁ အရ ပဲခူးတိုင်းဒေသကြီး ဝင်ဘော်ဆင်စခန်းတွင် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အဆေးစား ရေကာတာတစ်ခုတည်ဆောက်ရန် တင်ဒါအောင်မြင်သည့် Tri Best Co.,Ltd နှင့် ဒုတိယအထွေထွေမန်နေဂျာရုံး ၊ ပဲခူးမြို့တို့အကြား ချုပ်ဆိုမည့်လုပ်ငန်း အပ်နှံခြင်းသဘောတူစာချုပ်(မူကြမ်း)ကို စိစစ်အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(ဃ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၅-၃-၂၀၁၉) ရက်စွဲပါ စာအမှတ် ၊ ဖ/၃-၂/ဦး ဖ (၂၃၈၅) အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်ရုံ/လုပ်ငန်းတည်ထောင်မှု ကြီးကြပ်ရေးကော်မတီနှင့် နေပြည်တော် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်ကြားပေးခဲ့ခြင်း ၊

(င) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၁၂-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၈/၃-၈၀/ဦး ဖ (တိုင်းရင်းသား ၀၆၁၆၈)အရ လူမှုဝန်ထမ်းကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တောင်ကိုရီးယား နိုင်ငံ ၊ ဆိုးလ်မြို့အခြေစိုက် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်း တစ်ခုဖြစ်သည့် White Elephant Foundation (WEF)တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့တွင် မူလတန်းကြို ကျောင်းများထောက်ပံ့ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် (၃)နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးမည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြန်ကြားပေးခဲ့ခြင်း ၊

(စ) ပဲခူးတိုင်းဒေသကြီးကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၁၁-၁၂-၂၀၁၉ ရက်စွဲပါစာအမှတ် ၊ ၆၁၉၃/ရသုံး-၁/ကျေးလက်(ပခ) အရ တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တင်ဒါရကုမ္ပဏီ(၁၀)ခု ၊ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တင်ဒါရကုမ္ပဏီ(၂၈)ခုတို့ နှင့် ကျေးလက်ကုန်ထုတ်လမ်း ၊ တံတား ၊ကျေးလက်ရေရရှိရေး ၊ မီးလင်းရေးနှင့် ရုံးအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသဘောတူစာချုပ်(မူကြမ်း)အား စိစစ်အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(ဆ) မြန်မာ့သစ်လုပ်ငန်း ၊ စီမံကိန်းနှင့်စာရင်းအင်းဌာနလေ့ကျင့်ရေး သင်တန်းကျောင်း အမှတ်(၁)နန်ချွန် ၊ ရေတာရှည်မြို့နယ်၏ ၄-၂-၂၀၂၀ ရက်စွဲပါစာအမှတ် ၊ ၆၇/စီ-စရ(၈) ၂၃ အရ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ မြန်မာ့သစ်လုပ်ငန်း ၊ စီမံကိန်းနှင့်စာရင်းအင်းဌာန ၊ လေ့ကျင့်ရေးသင်တန်းကျောင်း ၊ အမှတ်(၁)နန်ချွန် ၊ ရေတာရှည်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျှပ်စစ်မီးတိုင်များ လဲလှယ်ရန် ရန်ပုံငွေခွင့်ပြုချက်အရ တင်ဒါအောင်မြင်သော ထွန်းဇမ္ဗူကုမ္ပဏီ လီမိတက်နှင့်လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်(မူကြမ်း)ကို စိစစ်အကြံပြုပြန်ကြားပေးခဲ့ခြင်း ၊

(ဇ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ သယံဇာတ ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန (၂၄-၃-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ သယံဇာတ/စည်ပင် (၂၆၁)/၂၀၂၀ အရ ပြည်မြို့နယ် ၊ စည်ပင်သာယာရေးအဖွဲ့နှင့် တင်ဒါအောင်မြင်သော ရက်ရာဇာကုမ္ပဏီတို့အကြား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမှိုက်သိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် ချုပ်ဆိုမည့်သဘောတူစာချုပ်(မူကြမ်း) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ စိစစ်အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(ဈ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၉-၄-၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ ၆/၂-၂၉/ထောက် ၅ (၀၀၃၅၆)အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တွင် တည်ဆောက်မှု Colour LED Outdoor Display စတုရန်းမီတာ Length – 6.4m ×Height – 3.84m = 24.58m) အလုံးရေတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့ နှင့် First Altitude Co.,Ltd တို့နှစ်ဦးနှစ်ဖက်သဘော တူ ပဋိညာဉ် စာချုပ်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အား စိစစ်အကြံပြုပြန်ကြား ပေးခဲ့ခြင်း ၊

(ည) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂၇-၄-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ ၃/၇-၂/၉/ ဦး ၇ (၀၄၂၅၂) အရ သစ်တောဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့အကြား သစ်တောမြေအတွင်း ဝါးစိုက်ခင်း(၅၀၀)ဧက ၊ ကြံစိုက်ခင်း(၅၀၀)ဧကစိုက်ပျိုးတည်ထောင်ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာစာချုပ်အား စိစစ်အကြံပြုပြန်ကြားပေးခဲ့ရခြင်း ၊

(ဋ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ သယံဇာတ ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ (၄-၃-၂၀၂၀ ) ရက်စွဲပါစာအမှတ်၊ သယံဇာတ/စည်ပင် (၁၇၈)/၂၀၂၀ အရ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ၊ တိုင်းရောင်းဝယ်ရေး

အရာရှိရုံး (ပဲခူးတိုင်းဒေသကြီး)တွင် (၂)ခန်းတွဲဝန်ထမ်းအိမ်ယာ ၁၄၂၀ × စတုရန်းပေ (၂)လုံးတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သောကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံခြင်းသဘောတူစာချုပ်အား စိစစ်အကြံပြုပြန်ကြားပေးခဲ့ခြင်း ၊

(ဌ) ပဲခူးတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန) ၊ ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့၏ (၁၇-၂-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၂/၂-၂(ဝ၆၈)/ထောက် ၄ (အထဥ)အရ ၂၀၁၉-၂၀၂၀ ခုနှစ် ၊ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် တည်ဆောက်ရေးနှင့်ပြုပြင်ခြင်း လုပ်ငန်းများအတွက် တင်ဒါအောင်မြင်ခဲ့သောကုမ္ပဏီများနှင့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အကြား လုပ်ငန်းအပ်နှံ ခြင်းအတွက်ချုပ်ဆိုမည့် စာချုပ်(မူကြမ်း)အား စိစစ်အကြံပြု ပြန်ကြားပေးခဲ့ခြင်း ၊

(ဍ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၈-၁၂-၂၀၁၉) ရက်စွဲပါစာအမှတ်၊ စက်-လျှပ်-လပဆ/၂၀၁၉/(၃၅၃)အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေကျပ်သန်း(၁၀၀)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန ၊ ခရိုင်ရုံး(ပြည်)၏ ယာဉ်မောင်းစစ်ဆေးရေးကွင်း မြေနိမ့်ပိုင်းများမြေနီကျောက်စရစ်ဖို့ပေးခြင်းနှင့် အုတ်ရေမြောင်းတည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါအောင်မြင်သည့် မင်းဘုန်းခကုမ္ပဏီနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ၊ ခရိုင်ရုံး(ပြည်)တို့အကြားချုပ်ဆိုမည့် လုပ်ငန်းအပ်နှံမည့် သဘောတူစာချုပ်(မူကြမ်း) အားစိစစ်အကြံပြုပြန်ကြားပေးခဲ့ခြင်း ၊

(ဎ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၀-၁၂-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၇/၂-၆/ထောက် ၂ (ဝ၀၀၈၆) အရ ပဲခူးမြို့ ၊ မယင်းကျေးရွာ ၊ ကွင်းအမှတ် ၁၄၇ ၊ မယင်းအနောက်မြောက်တွင် မြေဧရိယာ (၄၀) ဧကတွင် ပဲခူးယာဉ်ရပ်နားစခန်း (Bus Terminal) တည်ဆောက် နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Daewoo Bus Myanmar Co.,Ltdတို့အကြားချုပ်ဆိုမည့် နားလည်မှု သဘောတူ စာချုပ် (MOU)မူကြမ်းအား စိစစ်အကြံပြုပြန်ကြားပေးခဲ့ခြင်း ၊

(ဏ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ သယံဇာတ ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ (၁၄-၁-၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ သယံဇာတ/စည်ပင် (၀၄၇) / ၂၀၂၀ အရ ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအား ပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်နိုင်ရေးအတွက် ပဲခူးမြို့နယ် စည်ပင်သာယာရေး ကော်မတီနှင့် MJT Group of Agricultural Machinery Co., LTD တို့အကြားချုပ်ဆိုမည့် အမှိုက်သိမ်းဆည်း ရေးလုပ်ငန်းဝန်ဆောင်မှု သဘောတူစာချုပ်(မူကြမ်း) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်ကြားပေးခဲ့ခြင်း ၊

## ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ တာဝန်ပေးအပ်စစ်ဆေးစိစစ်ခဲ့သော တိုင်စာများနှင့်စပ်လျဉ်း၍ တင်ပြခြင်း

၆။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(ဥ)အရ ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ ၊ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်ကဖြစ်စေ ၊ ဥပဒေနှင့်အညီပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ရှိပါသည်။အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ် သည် ပြည်ထောင်စုရှေ့နေချုပ်ကသော်လည်းကောင်း ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က လည်းကောင်း တာဝန်ပေးအပ်စစ်ဆေးစိစစ်စေခဲ့သော တိုင်စာပေါင်း(၆)မှုရှိပါသည်။ ယင်းတို့မှာ-

(က) ဒိုက်ဦးမြို့ပေါက်တပင်ကျေးရွာနေဦးထိန်ဝင်းက အမှုအား ရက်ပေါင်း (၈၀)ကြာသည်အထိ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ပို့ခြင်း မရှိဘဲ ကြန့်ကြာနေသဖြင့် ဥပဒေအတိုင်းအမြန်ဆုံး တရားစွဲဆိုခွင့် ရရှိ အောင် ကူညီဆောင်ရွက်ပေးပါရန် တင်ပြစာနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်ပြန်ကြားပေးခဲ့ခြင်း ၊

(ခ) သာယာဝတီမြို့ ၊ ကွက်သစ်ရပ်ကွက် ၊ ကျိုက်ထိုလမ်းနေ မနီလာဝင်းမှ ယခင်ယောကျ်ားဖြစ်သူ ကိုဝင်းမြင့်သိန်း(ခ)ကိုရန်နိုင်နှင့် ပေါင်းသင်းခဲ့ စဉ် မွေးဖွားခဲ့သော အသက်(၁၄)နှစ်အရွယ် သားဖြစ်သူ မောင်ခန့်ဇော် ထက်အတွက် ကလေးစရိတ်ရလိုကြောင်း တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်ပြန်ကြားခဲ့ခြင်း ၊

(ဂ) ပေါင်းတည်မြို့နယ် ၊ ထန်းတပင်အုပ်စု ၊ ပန်းသင်းပင်ကျေးရွာနေ ဦးအောင်ခင်မှ ပန်းသင်းပင်ကျေးရွာတွင်နေထိုင်သော အသက်(၇၈) နှစ်အရွယ်ဦးညွှန့်မောင်က ၎င်း၏သမီးအသက်မပြည့် ၊ ဉာဏ်ရည်မမှီ မခင်သီတာမြင့်ဆိုသူအား အလိုမတူ အဓမ္မကျူးလွန်ခဲ့သဖြင့် ဦးညွှန့်မောင်အား ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ ပေါင်းတည်မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံမှာ အသက်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသူဖြစ်ကြောင်း အချုပ်လွတ်ထုချေခွင့်ပြုခဲ့၍ တင်ပြတိုင်ကြားလာခြင်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ စိစစ်ပြန်ကြားပေးခဲ့ခြင်း၊

(ဃ) မိုးညိုမြို့နယ် ၊ ဇင်ချောင်းအုပ်စု ၊ နှမ်းကုန်းရွာနေ ဒေါ်မြမြမှာ မတော့ ကုန်းအုပ်စု ၊ ပိတောက်ကုန်းကျေးရွာနေ မညိုညိုမာသည် ၁၇-၄-၂၀၁၉ ရက်နေ့ ၊ နေ့လည် (၂)နာရီခန့်တွင် နေအိမ်၌ရှိနေစဉ် ဖိုးလမင်း (ခ)လမင်းကိုကိုရောက်လာပြီး လယ်အရောင်းအဝယ်ကိစ္စအား မကျေ နပ်ကြောင်းပြောကာ ဆဲဆို၍ ကိုင်းခုတ်ဓါးမကိုင်ပြီး ခုတ်မည်ခြိမ်း ခြောက်ခဲ့သောကြောင့် ဖိုးလမင်းအားအရေးယူပေးရန် တိုင်ကြားခဲ့ရာ တရားခံ၏မိခင်က တရားခံလွတ်မြောက်အောင် တင်ပြထားမှုနှင့် စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်ပြန်ကြား ပေးခဲ့ခြင်း၊

(င) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်မှ သာယာဝတီခရိုင် အတွင်း စီမံခန့်ခွဲရေး ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကွင်းဆင်း စစ်ဆေးစဉ် မိုးညိုမြို့နယ် ၊ သိန်းရွှေကုမ္ပဏီလီမိတက်နှင့် တောင်သူ များအမှုအခင်းဖြစ်ပွား တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ အမြန်ဆုံး ပြီးပြတ်ရန် ညှိနှိုင်းဆောင်ရွက်ရန်ဟု လမ်းညွှန်မှာကြားခဲ့သဖြင့် မိုးညိုမြို့နယ် တရားရုံးတွင် အမှုစစ်ဆေးနေမှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်ပြန်ကြား ပေးခဲ့ခြင်း၊

(စ) အုတ်တွင်းမြို့နေ မောင်ခိုင်မှ ၎င်းတို့မိသားစု ရသင့်ရထိုက်သော အိမ် နှင့် ဥယျာဉ်ခြံ ၊ လယ်ယာမြေ (၁၀) ဧကခန့်ကို အဓမ္မသိမ်းယူခြင်းများ ပြုလုပ်၍ ရောင်းစားခဲ့သော(၁)ဦးစိုးသန်း ၊ (၂)ဦးကျော်မိုးလွင် ၊ (၃) ဦးဝင်းမြင့် ၊ (၄)ဦးကျော်မြ နှင့် (၅)ဦးဝင်းလှိုင်(ရဲငြိမ်း)တို့အား ၂-၄-၂၀၁၉ ရက်နေ့တွင် တရားစွဲဆိုခဲ့သော်လည်း အရေးယူခဲ့ခြင်းမရှိ သဖြင့် တိုင်ကြားခဲ့မှုနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်ပြန်ကြား ပေးခဲ့ရခြင်း၊

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးရသည့်ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခြင်း

၇။ လူကုန်ကူးမှုဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရာတွင် ယင်းဥပဒေပုဒ်မ ၃၇ အရ ဗဟိုအဖွဲ့(သို့မဟုတ်) ဗဟိုအဖွဲ့မှ လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ကြိုတင်ခွင့်ပြုမိန့်ရယူမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါရှိပါသည်။လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အမိန့်အမှတ် ၁/၂၀၁၆ ဖြင့် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာ၌ဖြစ်စေ ၊ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ရာ၌ ဖြစ်စေ လက်မှတ်ရေးထိုးပေးရန် တာဝန်ယူဆောင်ရွက်ရပါသည်။အစီရင်ခံသည့်ကာလ အတွင်း တိုင်းဒေသကြီးဥပဒေချုပ်မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့ရသော အမှု ( ၃ )မှုရှိပါကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးခရိုင် ၊ ဝေါမြို့နယ် ၊ မြို့မရဲစခန်း(ပ)၂၉/၂၀၂၀ အမှုမှ တရားခံများဖြစ်ကြသော ထင်ကျော်နှင့်မသန်းသန်းဝင်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ တရားစွဲ တင်ပို့ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇ အရ ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း ၊

(ခ) ပဲခူးတိုင်းဒေသကြီး ၊ သာယာဝတီခရိုင် ၊ နတ်တလင်းမြို့နယ် ၊ တောင်ညိုရဲကင်းရဲစခန်း (ပ) ၅/၂၀၂၀ အမှုမှ တရားခံများဖြစ်ကြသော (၁)ဒေါ်မြင့်မြင့်အေး (၂)မစိုးနန္ဒာအေး(ခ)မမာလာ (ခ) မပိုးလေး(ခ) မယမင်း တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရလည်းကောင်း ၊ ထွက်ပြေးတရားခံ ခိုင်လေး (ခ) စိုးသန္တာအေး အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂အရလည်းကောင်း တရားစွဲတင်ပို့ရန် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၃၇ အရ ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း ၊

(ဂ) ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးခရိုင် ၊ ပဲခူးမြို့နယ် ၊ အမှတ်(၂)နယ်မြေရဲစခန်း(ပ) ၁၇၈၇/၂၀၁၉ အမှုမှ တရားခံများဖြစ်ကြသော အောင်သူ နှင့် မသဲစုရည်(ခ)မိပုတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ အရ တရားစွဲတင်ပို့ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇ အရ ကြိုတင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း ။

## အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်တောင်းခံရာတွင် အစိုးရအဖွဲ့ကိုယ်စား စိစစ်သဘောထားတင်ပြပေးခဲ့ရမှု

၈။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၃-၂-၂၀၁၇ ရက်စွဲပါ စာအမှတ် ၊ ဖ/၁-၁/ ဦး ၁ (၀၁၀၈) အရ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုမည့် အမှုများနှင့်စပ်လျဉ်း၍ ဥပဒေချုပ်မှ သဘောထားမှတ်ချက် ပေးခြင်းကို ဆောင်ရွက်ရပါသည်။အစီရင်ခံသည့်ကာလအတွင်း အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် Cabinet အစည်း အဝေးသို့ သဘောထားပေးခဲ့ရသည့်အမှုပေါင်း(၄)မှုရှိပါသည်။ယင်းတို့မှာ-

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖြူးမြို့နယ် ၊ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်မှ တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား ချေးငွေများချေးပေးခဲ့ရာတွင် တံခွန်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်အောင်သည် လယ်ယာမြေလုံးဝလုပ်ကိုင်ခြင်းမရှိဘဲ ချေးငွေ မမှန်မကန်ထုတ်ယူရရှိရေးအတွက် ကျပန်းလုပ်ကိုင်သူ(၆)ဦးအား ချေးငွေရရှိရေး လိမ်လည်ထောက်ခံတင်ပြပေးခြင်း ၊ အမှန်လုပ်ကိုင် သည့်ကေထက် ချေးငွေပိုမိုရရှိရေးအတွက် တောင်သူ(၅)ဦးအား မမှန် မကန်ထောက်ခံပေးခဲ့ခြင်းကြောင့် တရားခံဦးရန်အောင်အား အများ နှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် တရားစွဲဆိုနိုင်ရန် Cabinet အမှတ်စဉ် ၁/၂၀၂၀ သို့ သဘောထား တင်ပြပေးခဲ့ရခြင်း ၊

(၂) ပဲခူးခရိုင်တရားရုံး ၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၇/၂၀၁၉ ၊ ၁၄၈/၂၀၁၉ ၊ ၁၄၉/၂၀၁၉ ၊ ၁၅၀/၂၀၁၉ ၊ ၁၅၁/၂၀၁၉ အမှုများတွင် အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် တရားစွဲဆိုနိုင်ရန် တရားစွဲဆိုခံထားရသော ဦးမြင့်အောင်သည် အလွဲသုံးစားပြုထားသည့် ငွေများအား ပေးသွင်းပြီးဖြစ်ခြင်း ၊ တရားလို အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်မြင့်နှင့် ခရိုင်သမဝါယမ အသင်းစု ၊ ဒုဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှုရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားလာခြင်းတို့ကြောင့် တရားခံ ဦးမြင့်အောင်အပေါ် စွဲဆို ထားသောအမှုများအား ပြည်ထောင်စုရှေ့နေ ချုပ်နည်းဥပဒေများ ၊ နည်းဥပဒေ ၁၂၄ အရ ရုပ်သိမ်းခွင့်ပြုမည် ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း Cabinet အမှတ်စဉ် ၂/၂၀၂၀သို့ သဘောထား တင်ပြ ပေးခဲ့ခြင်း ၊

(၃) ရေတာရှည်မြို့မရဲစခန်း (ပ) ၆၆/၂၀၂၀ ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အမှု မှ တရားခံဦးလှဝင်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အခြားသူ အမည်များဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ချေးယူပြီး ပြန်လည် ပေးဆပ်ခြင်းမရှိသဖြင့် ဘဏ်မန်နေဂျာမှ တရားလိုပြုလုပ်တိုင်တန်း သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုရန် Cabinet အမှတ်စဉ် ၁၁/၂၀၂၀ သို့ သဘောထား တင်ပြပေးခဲ့ရခြင်း ၊

(၄) ကြို့ပင်ကောက်မြို့မရဲစခန်း (ပ) ၂၄၉/၂၀၁၉ ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အမှုမှာ တရားခံဦးမြင့်ဝေသည် ကြို့ပင်ကောက်မြို့နယ် ၊ အသင်းစုလီမိတက်မှ ရရန်ရှိသော ချေးငွေအရင်း (၁၃၆၂၆၀၀၀) ကျပ် နှင့် ပဲခူးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်သို့ပေးရမည့် ကျသင့် သည့်အတိုးအပါအဝင် အတိုးငွေစုစုပေါင်း(၁၆၀၇၈၆၈၀)ကျပ်အား ကိုယ်ကျိုးအလွဲသုံးစားပြုထားမှုကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၀၉ ဖြင့် တရားစွဲဆိုသင့်ကြောင်း Cabinet အမှတ်စဉ် ၁၁/၂၀၂၀ သို့ သဘောထား တင်ပြပေး ခဲ့ရခြင်း ၊

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူထားသော အမှုများစာရင်း

၉။ အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူထားသော အမှုများကို တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် လိုက်ပါဆောင်ရွက်ခဲ့ရာ အဂတိမှုပေါင်း(၇)မှုရှိပြီး အမိန့်ချပြီးအမှု (၄)မှုရှိပြီး စစ်ဆေးဆဲ(၃)မှုရှိကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(၁) မင်းလှမြို့နယ်တရားရုံး ၊ ရာဇဝတ်ကြီးမှုအမှတ် ၈၀၆/၂၀၁၈ ၊ တရားလို ဦးမောင်မောင်ထက်ဝင်း နှင့် တရားခံဒေါ်ခင်အေး ၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရစွဲဆိုမှု (၂၂-၁-၂၀၁၉) ရက်နေ့တွင် အလုပ်နှင့်ထောင်ဒဏ်(၆)နှစ် အမိန့်ချမှတ်ထားပြီး)

(၂) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၊ ရာဇဝတ်ကြီးမှုအမှတ် ၆/၂၀၁၉ ၊ တရားလို ဦးအောင်ခန့် နှင့် တရားခံ(၁)ဦးခင်မောင်သန်း (၂) ဒေါ်အေးအေးခိုင် ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှုမှ တရားခံမှာ မင်းလှမြို့နယ် ၊ ပြည်တွင်းအခွန်များဦးစီး ဌာန၊မြို့နယ်အခွန်များဦးစီးဌာန၊မြို့နယ်အခွန်ဦးစီးမှူးဦးခင်မောင်သန်း

နှင့် ဒေါ်အေးအေးခိုင်တို့သည် မင်းလှမြို့၊ တောင်ဘက်မြို့သစ်(၂) လမ်း နေအိမ်ပိုင်ရှင် လူကြီးများကိုဂါရဝပြုရန်နှင့် ခရီးစရိတ်အတွက် ငွေ (၁၀)သိန်းကျပ်တောင်းယူခဲ့ခြင်း ၊ ဒေါ်နန်းနန်းနွယ်နှင့် ဦးဇော်မင်း ဦးတို့ထံမှ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့တွင် လက်မှတ်ရေးထိုး ခပေးရန် ငွေကျပ်(၂၃၀၀၀၀/-)နှင့် တောင်ဘက်မြို့သစ်(၁၃)လမ်းနေ အိမ်အတွက် ဝင်ငွေခွန်(၁၇၀၀၀၀၀/-)ကျပ်ကို ၃၁-၅-၂၀၁၈ ရက်နေ့ တွင် တောင်းခံရယူခြင်း ၊ ဝင်ငွေခွန်(၁၇၀၀၀၀၀/-)ကျပ် တောင်းခံခဲ့ သော်လည်း မြန်မာ့စီးပွားရေး ဘဏ်ပြေစာများအရ အမှန်တကယ် ပေးသွင်းရသည့်ငွေမှာ (၁၂၃၈၈၀၀/-)ကျပ်ဖြစ်၍ ကျန်ငွေ(၄၆၁၂၀၀/-) ကျပ်အား ယင်းတို့က ရယူခဲ့ခြင်းဖြစ်ကြောင်း တိုင်တန်းသဖြင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးမှုပြုပြီး ရာထူး တာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့သူ ဦးခင်မောင်သန်းနှင့် ဒေါ်အေးအေးခိုင်တို့အား မင်းလှမြို့မ ရဲစခန်း (ပ) ၉၅/၂၀၁၉ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူမှုအား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆို ခဲ့ပြီး (၈-၄-၂၀၂၀)ရက်နေ့တွင် တရားခံနှစ်ဦးလုံးအား ပဲခူးတိုင်း ဒေသကြီးတရားလွှတ်တော်မှ အလုပ်နှင့်ထောင်ဒဏ်(၅)နှစ်စီ ကျခံစေ ရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၃) ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀/ ၂၀၁၉၊ တရားလိုဦးအောင်ထူးမြင့်နှင့် တရားခံကျော်မျိုးမင်း ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရစွဲဆိုမှုမှ တရားခံမှာ မိုးညိုမြို့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ မတ်လအတွင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို စီမံခန့်ခွဲရေးတာဝန် ဖြစ်သော အင်းလေလံ ပစ်ရာတွင် ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ၊ ၂၀၁၉-၂၀၂၀ ခုနှစ်များအတွက် အင်း သက်တမ်းတိုးလျှောက်ထားသည့် အင်းသားကြီးများထံမှငွေများကို တောင်းခံရယူသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ရာထူး

ကန့်သတ်


တာဝန်ကိုအလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မိုးညှင်းမြို့မရဲစခန်း (ပ) ၃၅၀/၂၀၁၉၊ ၃၅၁/၂၀၁၉ ၊ ဦးအောင်ထူးမြင့် (စုံစမ်းစစ်ဆေးရေးမှူး)မှ တရားလိုပြုလုပ်ကာ ၂၀၁၃ခုနှစ် ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ (၂၆-၃-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးတရား လွှတ်တော်မှ အလုပ်နှင့်ထောင်(၄)နှစ်စီ ကျခံ စေရန်အမိန့်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၄) ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၊ ရာဇဝတ်ကြီးမှုအမှတ် ၇/ ၂၀၁၉၊ တရားလိုဦးအောင်ခန့်နှင့် တရားခံဦးကျော်မင်းထွေး ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရစွဲဆိုမှုမှ ပဲခူးတိုင်း ဒေသကြီး ၊ သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေး သည် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသောရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးရာထူး အတွက် သာယာဝတီမြို့နယ် ၊ မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ် သူရခိုင် နှင့် ၎င်း၏မိခင် ဒေါ်စန်းစန်းထွေးတို့ထံမှ ၁၀-၉-၂၀၁၈ ရက်နေ့ ည(၇)နာရီကျော်ခန့်တွင် ငွေကျပ်(၁၀)သိန်း (၁၀၀၀၀ ကျပ်တန် ၁၀၀ ရွက်) နှင့် ဘူးဖြင့်ထည့်ထားသော ငွေ ၁၂၀၀၀ ကျပ်တန် ဦးဂျမ်းပုဆိုး တစ်ထည်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝန်းအတွင်းရှိ ၎င်း၏ နေအိမ်ဧည့်ခန်းတွင် လက်ခံရယူခဲ့ ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သာယာဝတီမြို့မရဲစခန်း(ပ)၈၃/၂၀၁၉ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ (၁၉-၁၂-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးတရားလွှတ်တော်မှ ထောင်(၅)နှစ်စီ ကျခံ စေရန်အမိန့်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၅) ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၊ ရာဇဝတ်ကြီးမှုအမှတ် (၁/၂၀၂၀) ၊ တရားလို ဦးသိန်းဇော်ဦး နှင့် တရားခံ(ဟန်လင်းအောင်) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲဆိုမှုမှ တရားခံ ဒုရဲအုပ်ဟန်လင်းအောင်မှာ (၂-၂-၂၀၁၉)ရက်နေ့ ၊ နံနက်(၃)နာရီခွဲ အချိန်ခန့်တွင် ပျဉ်းကတိုးသစ်များသယ်ဆောင်လာသော ဦးအောင်ကို လတ်၏ မော်တော်ယာဉ်အမှတ်( ၂Q/၆၆၃၂)အား တားဆီးပြီး ဒုရဲအုပ်

လာဘ်ငွေကျပ်သိန်း(၅၀)တောင်းခံခဲ့ကြောင်း ၊ အကြိမ်ကြိမ် ညှိနှိုင်း၍ ငွေကျပ်(၁၀)သိန်းပေးလျှင် ယာဉ်အားလွှတ်ပေးမည်ဟု ပြောဆိုပြီး ဦးသန်းဌေးထံမှ ငွေကျပ်(၁၀)သိန်းကို နှစ်ကြိမ်ခွဲ၍လက်ခံရယူခဲ့ ကြောင်း ပေါ်ပေါက်သဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ လိုပြသက်သေစစ်ဆေးဆဲအဆင့်သာ ရောက်ရှိ စစ်ဆေးလျက်ရှိသည်ဖြစ်ပါသည်။

(၆) ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၊ ရာဇဝတ်ကြီးမှုအမှတ် (၂/၂၀၂၀) ၊ တရားလို ဦးအောင်ခန့် နှင့် တရားခံ (၁) ရဲထွဋ်နိုင်အောင် ၊ (၂)တရားခံနွယ်မင်းသန်း ၊ (၃)တရားခံသန်းဇော်မင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရစွဲဆိုမှုမှ တရားခံများမှာ ရွှေကျင်မြို့နယ် ၊ ပဒဲကောကျေးရွာအုပ်စု ၊ ကော်သဇင်ကျေးရွာရှိ တောင်သူများသည် လယ်ယာမြေပုံစံ(၇)ရရှိရေး တိုင်းတာဖော်ထုတ်မှုအတွက် တစ်ဧကလျှင် ငွေကျပ်(၁၀၀၀၀/-)နှုန်းကောက်ခံ၍ ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် တိုင်ကြားစာနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခဲ့သောအမှုဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ရွှေကျင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနမှ ဒုဦးစီးမှူးဦးရဲထွဋ်နိုင်အောင်(ယခုဦးစီးအရာရှိ ၊ နမ့်စန်မြို့နယ်ရွှေကျင်မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) ၊ လက်ထောက်ဦးစီးမှူးဦးနွယ်မင်းသန်းနှင့် ကျေးရွာအုပ်စုမြေတိုင်း-၄ ဦးသန်းဇော်မင်းတို့(၃)ဦးသည် တောင်သူများထံမှ ကောက်ခံရရှိငွေစုစုပေါင်းငွေကျပ်(၉၂)သိန်းတိတိအား (၉)ကြိမ်ခွဲ၍ ကျေးရွာရပ်မိရပ်ဖ ဦးနွယ်ထူးပါ(၃)ဦးထံမှတစ်ဆင့် လက်ခံရယူခဲ့သဖြင့် ဦးရဲထွဋ်နိုင်အောင်ပါ(၃)ဦးအား ရွှေကျင်မြို့မရဲစခန်း(ပ) ၁၄၀/၂၀၂၀ ဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆိုခဲ့ရာ လိုပြသက်သေစစ်ဆေးဆဲအဆင့်သာ ရောက်ရှိ စစ်ဆေးလျက်ရှိသည်ဖြစ်ပါသည်။

(၇) အုတ်တွင်းမြို့နယ်တရားရုံး ၊ ရာဇဝတ်ကြီးမှုအမှတ် ၂၅၀/၂၀၂၀ ၊ တရားလိုဦးအောင်ခန့်နှင့် တရားခံဦးအေးကိုကို ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရစွဲဆိုမှုမှ တရားခံမှာ လက်စွပ်ကျကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်ပြီး အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နှင်းနှင်းနွယ်နှင့် ဦးကျော်မြင့်တို့(၂)ဦးထံမှ ငွေကျပ် (၂၅၀၀၀၀/-)

နှင့် အုတ် ၇၅၀ လုံးအား လက်ခံရယူကာ ၎င်း၏ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက် သဖြင့် အုတ်တွင်းမြို့နယ်တရားရုံးတွင်ပင် အမှုစွဲဆိုခဲ့ပြီး သက်သေ စစ်ဆေးဆဲအဆင့်သာ ရောက်ရှိပြီဖြစ်ပါသည်။

## တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့သောအမှုများ

၁၀။ တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၇ ပါ လုပ်ပိုင်ခွင့်များအရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်သောအမိန့် သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍သော်လည်းကောင်း ၊ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတမှုမရှိ၍ လည်းကောင်း ၊ သင့်လျော်သည့်အမိန့်မဟုတ်၍လည်းကောင်း ၊ လိုအပ်သည့်အယူခံမှု ၊ ပြင်ဆင်မှု ၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းခြင်းများ ဆောင်ရွက်ပေးရပါသည်။ထို့အပြင် အမှုသည်များက ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း ၍ တရားလွှတ်တော်သို့ တင်သွင်းလာခဲ့လျှင်လည်း နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက် ရပြီး အစီရင်ခံသည့်ကာလအတွင်း လိုက်ပါဆောင်ရွက်ခဲ့သောအမှုများကို ဇယားနှင့်တကွ ဖော်ပြအစီရင်ခံအပ်ပါသည်-

## နိုင်ငံတော်ကိုယ်စားဥပဒေချုပ်ရုံးမှ လိုက်ပါဆောင်ရွက်ခဲ့ရသောအမှုများ

| စဉ် | နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရသော အမှုများ | ယခင် လက်ကျန် | အသစ်ရ | ပြီးပြတ် | ယခု လက်ကျန် |
|---|---|---|---|---|---|
| ၁။ | ရာဇဝတ်မူလမှု | ၄ | ၂ | ၄ | ၂ |
| ၂။ | တရားသေအယူခံမှု | ၁၄ | ၇၇ | ၆၉ | ၂၂ |
| ၃။ | ပြင်ဆင်မှု | ၆ | ၂၇ | ၂၆ | ၇ |
| ၄။ | တရားမအယူခံမှု | ၃ | - | - | ၃ |
| ၅။ | တရားမပြင်ဆင်မှု | ၁ | - | ၁ | - |

## ပြင်ပမှတက်ရောက်လာသောအမှုများအား လိုက်ပါဆောင်ရွက်ပေးရမှု

| စဉ် | (ပြင်ပတက်) လိုက်ပါဆောင်ရွက်ရသော အမှုများ | ယခင် လက်ကျန် | အသစ်ရ | ပြီးပြတ် | ယခု လက်ကျန် |
|---|---|---|---|---|---|
| ၁။ | အယူခံမှု (ပြင်ပတက်) | ၂၈ | ၇၇ | ၈၀ | ၂၅ |
| ၂။ | ပြင်ဆင်မှု (ပြင်ပတက်) | ၄၄ | ၉၅ | ၁၁၈ | ၂၁ |
| ၃။ | အထွေထွေမှု(ပြင်ပတက်) | ၁၁ | ၁၈ | ၂၀ | ၉ |

၁၁။ တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(ဇ)အရ တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်သက်ဆိုင်သောအမှုများတွင် အယူခံ(သို့မဟုတ်) ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လိုအပ်သည့်အယူခံ ၊ ပြင်ဆင်မှုများ တင်ပြပါမည်။အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခဲ့ရသည့် ရာဇဝတ်အယူခံမှု(၃) မှု ၊ ရာဇဝတ်ပြင်ဆင်မှု ( ၂ )မှုရှိခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

၁၂။ တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ ၊ ပုဒ်မခွဲ(က)အရ တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီ ရုပ်သိမ်းခွင့်ပြုပေးရကြောင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးဥပဒေချုပ်မှ အစီရင်ခံသည့်ကာလအတွင်း ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် စွဲဆိုမှုကို ရုပ်သိမ်းပေးခဲ့မှု (၅)မှု ၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရ (၁၉)မှု ၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် စွဲဆိုမှုကို ရုပ်သိမ်းပေးခဲ့မှု (၅)မှု ရှိပါကြောင်း ဇယားနှင့်တကွ အစီရင်ခံတင်ပြအပ်ပါသည်-

**အစီရင်ခံသည့်ကာလအတွင်း**

| ခရိုင် | ပုဒ်မ ၃၀၂ | ပုဒ်မ ၃၂၆ | ပုဒ်မ ၃၇၆ |
|---|---|---|---|
| ပဲခူးခရိုင် | ၃ | ၈ | ၁ |
| တောင်ငူခရိုင် | ၁ | ၇ | ၃ |
| သာယာဝတီခရိုင် | - | ၃ | - |
| ပြည်ခရိုင် | ၁ | ၁ | ၁ |

၁၃။ တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ ၊ ပုဒ်မခွဲ(ခ)အရ တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သော အမှုများကို ပိတ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ရပြီး ဥပဒေနှင့်အညီပိတ်သိမ်းခွင့်ပြုပေးရပါသည်။ တိုင်းဒေသကြီးဥပဒေချုပ်မှ အစီရင်ခံသည့်ကာလအတွင်း အမှုပေါင်း(၁၂)မှုပိတ်သိမ်းပေးခဲ့ရကြောင်း ဇယားနှင့်တကွ အစီရင်ခံတင်ပြအပ်ပါသည်-

**အစီရင်ခံသည့်ကာလအတွင်း**

| ခရိုင် | ပုဒ်မ ၃၀၂ | ပုဒ်မ ၃၂၆ | ပုဒ်မ ၃၇၆ |
|---|---|---|---|
| ပဲခူးခရိုင် | ၂ | - | ၁ |
| တောင်ငူခရိုင် | ၃ | - | - |
| သာယာဝတီခရိုင် | ၄ | - | ၁ |
| ပြည်ခရိုင် | ၁ | - | - |

**အစည်းအဝေးအခမ်းအနားများတက်ရောက်ခြင်း**

၁၄။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၁၉ ခုနှစ် ၊ မေလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရှေ့နေ ချုပ်နှင့် တိုင်းဒေသကြီးပြည်ဥပဒေချုပ်များ ၊ တိုင်းဒေသကြီးပြည်နယ်ဥပဒေအရာရှိများ၏ (၆)လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးဥပဒေ ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာတင်ပြခဲ့ကြောင်း ၊ အစီရင်ခံသည့်ကာလ အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လစဉ်ကျင်းပပြုလုပ်သောဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ၊ အစိုးရအဖွဲ့လစဉ် Cabinetအစည်းအဝေးများ ၊ လွှတ်တော်မှ ခေါ်ယူသော လွှတ်တော်အရေးပေါ်အစည်းအဝေးများ ၊ အထူးအစည်းအဝေးများ ၊ နိုင်ငံတော်အဆင့် နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ဌာနဆိုင်ရာအစည်းအဝေးအခမ်းအနား များ ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး(ဌာနတွင်း) လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီအစည်းအဝေးများတွင်လည်း အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ၊ နာယကအဖြစ်သော်လည်းကောင်း ပါဝင်တက်ရောက်ခဲ့ပြီး ဆွေးနွေးခြင်း ၊ အကြံပြုခြင်းလုပ်ငန်းများအား ပါဝင်ဆောင်ရွက်ပေးခဲ့ပါကြောင်း ၊ တိုင်းဒေသကြီးတန်ခိုးကြီးဘုရားများနှင့်ပတ်သက်သော အစည်းအဝေး များ ၊ ဂေါပကအဖွဲ့အစည်းအဝေးများအား တက်ရောက်ကာ ဆွေးနွေးအကြံပြုချက်များ ဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

၁၅။ အစီရင်ခံသည့်ကာလတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၌ ဥပဒေချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် အစိုးရအဖွဲ့က သတ်မှတ်ဖွဲ့စည်းထား သော ကော်မတီအသီးသီးတွင် တာဝန်ယူဆောင်ရွက်ရပါကြောင်း အောက်ဖော်ပြပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(၁) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (အဖွဲ့ဝင်)

(၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (အဖွဲ့ဝင်)

(၃) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အမိန့်အမှတ် (၁/၂၀၁၆)အရ ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့ (အဖွဲ့ဝင်)

(၄) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရေး စိစစ်ရေးကော်မတီ (အဖွဲ့ဝင်)

(၅) လုံခြုံရေး ၊ တည်ငြိမ်ရေး ၊ သန့်ရှင်းရေးသာယာလှပရေးအဖွဲ့ (အဖွဲ့ဝင်)

(၆) တိုင်းဒေသကြီးသာသနာရေးဆိုင်ရာကြီးကြပ်ရေးကော်မတီ (ဒု-ဥက္ကဋ္ဌ-၂)

(၇) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ Cabinet အဖွဲ့ (အဖွဲ့ဝင်)

(၈) ပဲခူးတိုင်းဒေသကြီး စေ့စပ်ညှိနှိုင်းရေးအဖွဲ့ (အဖွဲ့ဝင်)

(၉) ပဲခူးတိုင်းဒေသကြီးရေဘေးဆိုင်ရာအဖွဲ့များ တာဝန်ပေးအပ်ခြင်း (ဘဏ္ဍာရေးနှင့်ကျန်းမာရေးလုပ်ငန်းတာဝန်ဦးစီးအဖွဲ့) (အဖွဲ့ဝင်)

(၁၀) ပဲခူးတိုင်းဒေသကြီးစက်မှုဇုံများကြီးကြပ်ရေးကော်မတီ (အဖွဲ့ဝင်)

(၁၁) ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာကော်မတီ (အဖွဲ့ဝင်)

(၁၂) ပဲခူးတိုင်းဒေသကြီး တင်ဒါကြီးကြပ်ရေးကော်မတီ (အဖွဲ့ဝင်)

(၁၃) ပဲခူးတိုင်းဒေသကြီး မြေအသုံးချမှုကော်မတီ (အဖွဲ့ဝင်)

(၁၄) ပဲခူးတိုင်းဒေသကြီး ရေဘေးဆိုင်ရာအဖွဲ့များ (အဖွဲ့ဝင်)

ယင်းကော်မတီအဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း ဥပဒေချုပ်မှ နာယက အဖြစ်သော်လည်းကောင်း ၊ ဥက္ကဋ္ဌအဖြစ်သော်လည်းကောင်း ၊ အဖွဲ့ဝင်အဖြစ်သော် လည်းကောင်းပါဝင်ရပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိမိနှင့် သက်ဆိုင်သော/တာဝန်ပေးအပ်သော ကိစ္စအဝဝအား တာဝန်ယူဆောင်ရွက်ရပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်း ၊ ကြီးကြပ်ခြင်း

၁၈။ အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆ ၊ ပုဒ်မခွဲ(ဌ)အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့် ဆင့်အား ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိပါသည်။ သို့ဖြစ်၍ ဥပဒေချုပ်အနေဖြင့် အစီရင်ခံ

သည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏လက်အောက်ခံရုံးများသို့ အခါ အားလျော်စွာ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း ၊ ဥပဒေအရာရှိကျင့်ဝတ်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခြင်း ၊ ပဲခူးတိုင်းဒေသကြီးတွင် ဖွဲ့စည်းပြီးဖြစ်သည့် ဥပဒေ အထောက်အကူပေးရေးအဖွဲ့နှင့်လည်းပေါင်းစပ်၍ ဆောင်ရွက်ပေးခြင်း ၊ ရုံးအဆောက် အဦးများနှင့်စပ်လျဉ်း၍ ပြုပြင်စရာရှိသည်များကို ဘတ်ဂျတ်ကာလနှင့်ကိုက်ညီအောင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်စရိတ်များ ကြိုတင်မှာကြား ခြင်း ၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင်လည်း ဥပဒေအရာရှိငယ်များအား သင်တန်း ဖွင့်လှစ်၍ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ငန်းကိစ္စမှန်သမျှကို တာဝန်ကျေပွန်စွာ သပ်ရပ်စွာလုပ်ကိုင်နိုင်စေရန်နှင့် အမှုလိုက် လုပ်ငန်းများ၊ စီမံရေးရာလုပ်ငန်းများ ၊ ငွေစာရင်းနှင့်သက်ဆိုင်သော အချက်အလက် များအား ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဆောင် ကာ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ ၊ လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိတို့က သင်တန်း များပို့ချခြင်းတို့ကို စီမံကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီးဥပဒေ ချုပ်ရုံး၏လက်အောက်ခံ ခရိုင်(၄)ခရိုင်မှ ခရိုင်ဥပဒေတာဝန်ခံများအား တစ်လလျှင် တစ်ကြိမ် ၊ မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဝန်ထမ်းများတို့သည် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းမှု ရှိ/မရှိကို စောင့်ကြည့်လေ့လာစေလျက်ရှိပါသည်။အထူးသဖြင့် အဂတိကိစ္စ ရပ်များ၊တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှအဖွဲ့အစည်းများ၊ ဌာနများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးဖြစ်သောကြောင့် တကယ်တမ်းဖြစ်လာလျှင် အမှန် တစ်ကယ် အရေးယူဆောင်ရွက်သွားမှာဖြစ်သည့်အတွက် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် တာဝန် ကျေပွန်စွာ ၊ သတ္တိရှိစွာနဲ့ဆောင်ရွက်ကြရန် လာဘ်ပေးလာဘ်ယူကိစ္စရပ်များ အထူးရှောင်ကြည်ကြရန် အစည်းအဝေးများခေါ်ယူပြီး ဆုံးမလျက်ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေအထောက်အကူအဖွဲ့အခမ်းအနားများနှင့် ဥပဒေနှင့်သက်ဆိုင် သောအသင်းအဖွဲ့များမှ ကျင်းပပြုလုပ်သောအခမ်းအနားများကိုလည်း တက်ရောက်ခဲ့ပြီး ဥပဒေနှင့်အညီ ဥပဒေပညာရှင်များတို့က ပူးပေါင်းဆောင်ရွက်ကြပါရန်ကိုလည်း တိုက်တွန်းပြောကြားခဲ့ပါ သည်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး ၊ ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၀)ကို ဖွင့်လှစ်သည့် တိုင်းဒေသကြီး ၊ ပြည်နယ်ဥပဒေချုပ်ရုံး(၆)ရုံး၌ သင်တန်းဆိုင်ရာကိစ္စရပ်များ ပို့ချမှု အစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ သင်တန်းပို့ချခြင်း အခန်းကဏ္ဍများ ပါဝင် ကာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ပဲခူးတိုင်းဒေသကြီးမှ (၁၈)ဦး ၊ ကရင်ပြည်နယ်မှ

ကန့်သတ်


(၂)ဦး ၊ မွန်ပြည်နယ်မှ (၉)ဦး ၊ ရန်ကုန်တိုင်းမှ (၁၀)ဦး ၊ စုစုပေါင်းသင်တန်းသားဦးရေ (၃၉) ဦးအား ဥပဒေဘာသာရပ်များ ၊ စီမံရေးရာဘာသာရပ်များ ၊ ငွေစာရင်း/ ဘတ်ဂျတ် ကိစ္စရပ် များ ၊ အခြားဌာနအဖွဲ့အစည်းများနှင့် ဆက်ဆံရေး ၊ တရားခွင်အနေအထားပုံစံများ၊စာတွေ့ ၊ လက်တွေ့ သင်ကြားပို့ချရပြီး သင်ကြားပြီးဘာသာရပ်များအားလည်း စာမေးပွဲဖြေဆိုခြင်း အခန်းကဏ္ဍတစ်ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သင်တန်းကာလအားဖြင့် (၈-၆-၂၀၂၀) ရက်နေ့မှ (၂၂-၇-၂၀၂၀) ရက်နေ့အထိ သင်တန်းပို့ချပေးခဲ့ရပါသည်။ သင်တန်းသားများတို့အား ဥပဒေချုပ်ကိုယ်တိုင်သင်တန်းပို့ချခဲ့ရာ Rule of Law ဥပဒေစိုးမိုးရေး No man above the Law ဥပဒေအပေါ် မည်သူမျှချုပ်ချယ်မှုမရှိစေရဆိုသည့်မှုများကို သင်ကြားပို့ချခဲ့ပါသည်။ သင်တန်းသားများအတွက် လေ့လာရေးခရီးစဉ်အဖြစ် ယခု(၁၅) ကြိမ်မြောက် ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ လေ့လာရေး အဖြစ်ပို့ဆောင်ပေးပြီး လွှတ်တော်အစည်းအဝေးအတွေ့အကြုံအား သိရှိနိုင်ရန် ဆောင်ရွက်စေကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**နိဂုံး**

၁၉။ တိုင်းဒေသကြီးဥပဒေချုပ်သည် ဥပဒေအရ အပ်နှင်းထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း ၊ ဥပဒေပညာပြန့်ပွားရေးသင်တန်းများဖွင့်လှစ်ခြင်းများ ပြုလုပ်ပေးခြင်း ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်း ၊ လူကုန်ကူးမှုအသိပညာပေးခြင်း ၊ ယာဉ်စည်းကမ်း ၊ လမ်းစည်းကမ်းများ အသိပညာပေးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ တိုင်းဒေသကြီးဥပဒေချုပ်ရုံး ၊ ခရိုင်ဥပဒေရုံးများ ၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများတို့အား အသိပညာပေးဟောပြောပွဲများတွင် တက်ရောက်ဟောပြောစေခဲ့ပါသည်။

ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ဥပဒေရုံးများ ၊ ခရိုင်ဥပဒေရုံးများသို့လည်း ဥပဒေချုပ်အနေဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရုံးအသီးသီးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရပါသည်။

ပဲခူးတိုင်းအတွင်းရှိ ဥပဒေအရာရှိများကို အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်၊မိဘပြည်သူများနှင့်ဆက်ဆံပြောဆိုရာတွင် ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံ

ပြောဆိုကြရန်ကိုလည်း မှာကြားပြောဆိုခဲ့ပါသည်။ မိမိတာဝန်ထမ်းဆောင်စဉ်ကာလ အတွင်း အများပြည်သူများတို့၏တင်ပြချက်များတို့ကို တက်စွမ်းသမျှကူညီဆောင်ရွက်ပေး ရန် ၊ ကောင်းသောအကြံဉာဏ်များပေးရန်ကိုလည်း တိုင်း-ခရိုင်-မြို့နယ်ဥပဒေအရာရှိများ ကို အမြဲလမ်းညွှန်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

အုန်းမြင့်
တိုင်းဒေသကြီးဥပဒေချုပ်

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ် ၊ ဇူလိုင်လ(    ) ရက်

လွှတ်တော်ကိုယ်စားလှယ်အမည် - ဦးသန်းထိုက်အောင်

မဲဆန္ဒနယ် - တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒိုက်ဦးမဲဆန္ဒနယ်

သက်ဆိုင်သည့်ကဏ္ဍ - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကြယ်ပွင့်ပြမေးခွန်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ဖောင်တော်သီမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ အမှုတွဲတင်ပြထားပြီး ဖြစ်ရာ သက်ဆိုင်ရာဌာနမှ မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် မေးမြန်းသည့် မေးခွန်း။

ဆက်စပ်မေးခွန်း

၂။ အကောင်းဆုံးဖြစ်အောင်မည်သို့ဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့် မေးခွန်း။

ဖြေကြားချက်

၃။ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအုပ်စုအား ရပ်ကွက်(၅)ခုဖြင့်စုစည်း၍ ဖောင်တော်သီမြို့အဖြစ် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် တင်ပြလာသည့်အမှုတွဲတွင် မြို့အင်္ဂါရပ်နှင့်ညီညွတ်ရမည့်သတ်မှတ်ချက် (၂၁)ချက်အနက် အချက် (၁၃)ချက်သာ ပြည့်စုံမှုရှိပြီး ကျန်(၈)ချက်မှာ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိကြောင်း စိစစ် တွေ့ရှိရသဖြင့် သတ်မှတ်ချက်(၂၁)ချက်နှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ၏ သဘောထားနှင့် အတူပြန်လည်တင်ပြရန် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၁၅.၈.၂၀၁၉) ရက်စွဲပါ စာဖြင့် အကြောင်းကြားခဲ့ပါသဖြင့် လိုအပ်သည့်အချက်များအား ပြန်လည် စိစစ်ပြုစု၍ ဖောင်တော်သီမြို့ဖြစ်မြောက်ရေးကော်မတီမှ (၁၁.၂.၂၀၂၀) ရက်စွဲပါစာဖြင့် တင်ပြချက် အား ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှမြို့အင်္ဂါရပ်(၂၁)ချက်အနက်(၁၃)ချက်သာပြည့်စုံမှုရှိ၍ကျန်ရှိအချက်(၈)ချက်အပေါ် လက်ရှိဆောင်ရွက်နိုင်မှုအခြေအနေစိစစ်တင်ပြလာမှုအားဆက်လက်ဆောင်ရွက်သွားရန် ဤတိုင်းဒေသကြီးရုံး၏ (၁၉.၅.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၄/၁ - ၁၄ (၂၆)/ ဦး၁ (အထဥ)ဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားထားပြီး ဖောင်တော်သီမြို့ ဖြစ်မြောက်ရေးကော်မတီမှ (၂၇.၇.၂၀၂၀) ရက်စွဲပါ စာအမှတ် ၊ ၃ / ၂ - ၁၂ / ဦး၆ (အထဥ) ဖြင့် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့တင်ပြထားချက် အား ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့် အညီ စိစစ် ဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားအပ်ပါသည်။

ဗိုလ်မှူးကြီးလှမျိုးရွှေ၊ ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

လွှတ်တော်ကိုယ်စားလှယ်အမည် - ဦးဇော်လင်းထိုက်

မဲဆန္ဒနယ် - သဲကုန်းမြို့နယ်မဲဆန္ဒနယ်(၂)

သက်ဆိုင်သည့်ကဏ္ဍ - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကြယ်ပွင့်ပြမေးခွန်း

တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြု၍ သုံးစွဲရန်ခွင့်ပြုခြင်းမရှိသေးသည့် လုပ်ငန်းကို ကုမ္ပဏီတစ်ခုအား တာဝန်ယူတည်ဆောက်စေခြင်းကိစ္စကို စစ်ဆေးအရေးယူနိုင်ရေး သိရှိခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း။

ဆက်စပ်မေးခွန်း

တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့် အစည်းအဝေးမှတ်တမ်းနှင့် အထောက်အထားများကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပေးနိုင်ခြင်း ရှိ၊ မရှိနှင့် လွှတ်လပ်သည့် စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းပြီး စီမံဆောင်ရွက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက် ပေးရန် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း။

ဖြေကြားချက်

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့အား (၁၀.၅.၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၇၄/၂၀၁၈)ဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည့်အတွက် မြို့အုပ်ချုပ်ရေး မှူးရုံး အဆောက်အဦ ဆောက်လုပ်နိုင်ရေး မြေနေရာရှာဖွေခဲ့ရာ ဆင်မြီးဆွဲမြို့၊ ရထားမြို့မြေ၊ ရပ်ကွက် (၁) အောင်ရတနာရပ်ကွက်၊ အကွက်အမှတ် (၂၉-C)၊ ဦးပိုင်အမှတ်(၃၄-ခ)၊ မြေဧရိယာ (၀.၅၁၉) ဧက သည် ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံးအဆောက်အဦ ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါ ကြောင်း၊ ၎င်းမြေကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် (၁၄.၂.၂၀၁၉) ရက်နေ့တွင် ပြန်လည်စွန့်လွှတ် ထားသည့်မြေဖြစ်ပါကြောင်း၊ အဆိုပါမြေဧရိယာ (၀.၅၁၉)ဧကအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၅. ၉.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃၀/၂၀၁၉)အရ နိုင်ငံတော်ပိုင်မြေ (StateLand)အဖြစ် သတ်မှတ်ထားသောမြေဖြစ်ပြီး ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် တွင် ရုံးအဆောက်အဦဆောက်လုပ်ရန် အတွက် (၃၃.၆၀၀) ကျပ်သန်းကို ဘဏ္ဍာငွေလျာထား တောင်းခံထားရှိခဲ့ပါသည်။

၂။ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးစီမံကိန်းဥပဒေနှင့် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေဥပဒေတို့အရ ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံးအဆောက်အဦ တည်ဆောက်နိုင်ရေး အတွက် ရန်ပုံငွေထည့်သွင်းတောင်းခံထားရှိခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ (၂၄.၄.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၁၀၀ / ဖ - ၃ဖ (၄၄၄) /ရေး ၁ (အထဥ)ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ အဆိုပါရုံးဝန် ထမ်းများ ခန့်ထားနိုင်ရေးနှင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပ ပြုလုပ်မည့် ရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာလုပ်ငန်းများ၊ မြို့အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်

အတွက် ရုံးအဆောက်အဦလိုအပ်သောကြောင့် (၁၅.၅.၂၀၂၀) ရက်နေ့ (၁၀း၀၀) နာရီချိန်၌ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ ၌ ကျင်းပ ပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) သို့ တင်ပြခဲ့ရာ အစည်း အဝေးဆုံးဖြတ်ချက်အပိုဒ် ၇(စစ)အရ ဆင်မြီးဆွဲမြို့အုပ်ချုပ်ရေးမှူးရုံးအဆောက်အဦ တည်ဆောက် နိုင်ရန် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့အထွေထွေပိုလျှံ ရန်ပုံငွေ (GRF)မှ တောင်းခံနိုင်ရေး တင်ပြဆောင်ရွက်သွားရန်ဟု ဆုံးဖြတ်ခဲ့ပါသဖြင့် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံသို့ (၁.၆.၂၀၂၀) ရက်စွဲပါ ရုံးတွင်းမှတ်စုလွှာဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အထွေထွေ ပိုလျှံရန်ပုံငွေ (GRF)မှ ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြခဲ့မှုအပေါ် (၄.၆.၂၀၂၀) ရက်နေ့တွင် တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ရန်ဟု မှတ်ချက်ပြုခွင့်ပြု ပေးခြင်း၊ သက်ဆိုင်ရာမြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့၏ အဆောက်အဦ တွက်ချက်မှုပုံစံများနှင့် တင်ပြထားရှိခြင်းတို့ကြောင့် တင်ဒါခေါ်ယူနိုင်ရေးအတွက် ဤရုံး၏ (၅.၆.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၂ / ၂ - ၂ (၂၁၄) / ထောက် ၄ (အထဥ)ဖြင့် ခရိုင်များသို့ ဒေသတွင်းအိတ်ဖွင့်တင်ဒါခေါ်ယူရန် အကြောင်းကြားခဲ့သော်လည်း တင်ဒါလာရောက်လျှောက်ထား သူမရှိသဖြင့် (၂၂.၆.၂၀၂၀) ရက်နေ့တွင် လုပ်ငန်း အပ်နှံဆောင်ရွက်နိုင်ရေးအတွက် တင်ဒါကော်မတီ အစည်းအဝေးအား ခေါ်ယူဆောင်ရွက်ခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၈)(က)အရ "ရွှေပိုင်ဟိန်းကုမ္ပဏီအမည်ဖြင့် **လုပ်ငန်းအပ်နှံနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံသို့ ခွင့်ပြုချက် ရယူဆောင်ရွက်သွားရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးသို့ တင်ပြဆောင်ရွက်သွားရန်**"ဟု ဆုံးဖြတ်ခဲ့ပါသည်။

၃။ အဆိုပါကိစ္စနှင့်ပတ်သက်၍ (၂.၇.၂၀၂၀) ရက်စွဲပါ ရုံးတွင်းမှတ်စုလွှာဖြင့် ဝန်ကြီးချုပ်ထံသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ပြီး(၆.၇.၂၀၂၀)ရက်နေ့တွင်ကျင်းပပြုလုပ်သည့်ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး Cabinet အမှတ်စဉ် (၁၁/၂၀၂၀)သို့ တင်ပြခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၆ (ခ)ဖြင့် ခွင့်ပြုချက်အရ Selected Tender သတ်မှတ်၍ ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၅၆ (က) အရ **"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမည်**"ဟု ပြဋ္ဌာန်းထားခြင်း၊၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၀အရ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် သက်ဆိုင်ရာတိုင်း ဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ရုံးလည်းဖြစ်သည်**"ဟုပြဋ္ဌာန်းထားရှိသဖြင့် အဆင့်ဆင့်သော

တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများအား ကြပ်မတ်ကွပ်ကဲမှုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့် ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်မှုများယွင်းချွတ်ချော်ခြင်းများဖြစ်ပေါ် လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်း/ စည်းကမ်းများအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ပြစ်ဒဏ်(၉)မျိုးဖြင့် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဗိုလ်မှူးကြီးလှမျိုးရွှေ၊ ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
( ပဲခူးဌာနခွဲ )၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။
စာအမှတ်၊ ၇ / ရဟာ - ပခ - ၂၀၂၀ ( ၄၂၅ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ( ၂၄ ) ရက်

သို့

ဝန်ကြီး
လူမှုရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ပဲခူးမြို့။

အကြောင်းအရာ။ ပဲခူးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသော ပြင်ပပညာရှင်များနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မှ မေးမြန်းလာသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသော ပြင်ပပညာရှင်များအား အောက်ပါစံနှုန်းများဖြင့် ရွေးချယ်ဖွဲ့စည်းထားပါသည်-

(က) ဗိသုကာပညာရပ်ဆိုင်ရာကျွမ်းကျင်မှု
(ခ) သမိုင်းစာပေကျွမ်းကျင်မှု
(ဂ) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်သုတေသနပြုမှု
(ဃ) ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ဆက်စပ်၍ ဥပဒေရေးရာကျွမ်းကျင်မှု

၂။ အထက်ပါစံနှုန်းများနှင့်ကိုက်ညီသည့် ဗိသုကာပညာရပ်ဆိုင်ရာကျွမ်းကျင်သူ ဒေါက်တာလှစုမြတ်(မြန်မာနိုင်ငံဗိသုကာအသင်း)၊ သမိုင်းစာပေကျွမ်းကျင်သူ ဒေါက်တာမာမာဝေ ( မြန်မာစာပါမောက္ခ- ငြိမ်း)၊ သမိုင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်သုတေသနပြုသူ ဦးကျော် (မောင်ယဉ်လှိုင်း-ပျဉ်းမမြိုင်) (စာပေဗိမာန်ဆုရရှိပြီး၊ ဟံသာဝတီယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ရေးသားသောစာပေပညာရှင်)၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ဆက်စပ်၍ ဥပဒေရေးရာကျွမ်းကျင်သူ ဦးကျော်လွင် (B.E ( Cilvil ), PE (Construction) စသည့် ပညာရပ်ဆိုင်ရာကျွမ်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လူမှုရေးဝန်ကြီးဌာန
၂၀၃၆
၂၄.၈.၂၀၂၀

ကျင်သူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွေးချယ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခဲ့ပါသည်။

၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စိစစ်အတည်ပြုပြီးနောက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌမှ အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၉)ဖြင့် ပဲခူးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း တင်ပြအပ်ပါသည်။

(ညိုမြင့်ထွန်း)
ညွှန်ကြားရေးမှူး

မိတ္တူကို
-ရုံးလက်ခံ၊မျှောစာတွဲ။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
( ပဲခူးဌာနခွဲ )၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။
စာအမှတ်၊ ၁၀ / ရဟ - ပခ - ၂၀၂၀ ( ၄၁၇ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ( ၁၉ ) ရက်

သို့

ဝန်ကြီး
လူမှုရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ပဲခူးမြို့။

အကြောင်းအရာ။ **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ)ရှိ ဝန်ထမ်းများ၏ပညာအရည်အချင်းအားပေးပို့တင်ပြခြင်း**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်မှမေးမြန်းလာသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ)ရှိ ဝန်ထမ်းများ၏ ပညာအရည်အချင်းများအား ပူးတွဲပါဇယားတွင်ဖြည့်စွက်၍ ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
လူမှုရေးဝန်ကြီးဌာန
ကြည့်ရှုပြီး
၂၀၁၈
၂၀.၈.၂၀၂၀

(ညီမြင့်ထွန်း)
ညွှန်ကြားရေးမှူး

မိတ္တူကို
-ရုံးလက်ခံ၊မျှောစာတွဲ။

C3/D/Word/CM

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ)ရှိ အရာထမ်း၊
အမှုထမ်းများ၏အမည်နှင့် ပညာအရည်အချင်းမှတ်တမ်း

အရာထမ်းအဆင့်ဝန်ထမ်းများ

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဦးညီမြင့်ထွန်း | ညွှန်ကြားရေးမှူး | - စက်မှုတက္ကသိုလ်(ပထမနှစ်)<br>- B.A(History)<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology)<br>- Economic and Culture Seminar (China)<br>- The Conservation of Historical Wooden Building(Japan)<br>- အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၈)ဇဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး)<br>- အဆင့်မြင့်အရာထမ်းမွမ်းမံသင်တန်းအမှတ်စဉ်(၉)(ဖောင်ကြီး) |
| ၂။ | ဦးထွန်းထွန်းလွင် | ဒုတိယညွှန်ကြားရေးမှူး | - B.Sc(Chemistry)<br>- ကွန်ပျူတာအခြေခံသင်တန်း၊ အဆင့်မြင့်သင်တန်း<br>-Government Online System Course<br>- E-Government အထူးမွမ်းမံသင်တန်း<br>- သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအရည်အသွေးမြှင့်တင်ရေးသင်တန်း (Third Academy Training for ICTD Capacity Building in Myanmar)<br>- Security and Network Adminestr-Ation Course<br>- အလယ်အလတ်အဆင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း<br>- Mobile Information Literacy သင်တန်း<br>- Web Security Training သင်တန်း |

| | | | |
|---|---|---|---|
| ၃။ | ဒေါ်သင်းသင်းအေး | လ/ထညွှန်မှူး | - B.Sc(Chemistry)<br>- ဂျာမန်ဘာသာဒီပလိုမာ(နိုင်ငံခြားဘာသာသိပ္ပံ<br>- Staff Upgrading English Proficiency Course No-1(အမျိုးသားပြတိုက်)<br>-Tourism Marketing and Management (မြန်မာ-စက်ဘာပူသင်တန်းကျောင်း) |
| ၄။ | ဦးထူးအောင်ချွန် | ဦးစီးအရာရှိ | - B.A(Myanmar)<br>- M.A(Archaeology)<br>- PGDM( Post Graduate Diploma in Museum)<br>- အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၃၈)ဗဟိုဝန် ထမ်းတက္ကသိုလ် (ဖီးပင် ကြီး)<br>- အခြေခံရှေးဟောင်းသုတေသနပညာ နှင့်ရှေးဟောင်းသုတေသနဆိုင်ရာ အခြေခံလုပ်ငန်းများသင်တန်း(ရန်ကုန်) |
| ၅။ | ဦးသိန်းထွန်းအောင် | ဦးစီးအရာရှိ | - B.A(Myanmar)<br>-PGDAA(Post Graduate of Diploma in Applied Archaeology)<br>- အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၄၈)ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)<br>- International Museum Academy Myanmar 2017 Managing Collect-ions and Collections Imformation (Yangon)<br>- Heritage Impact Assessment Capacity Building(Bagan)<br>- ASEAN Museum and Archaeology Professional(China)<br>- 2019 Expert Workshop for ICH Video Production Project in Southeast Asia |

အမှုထမ်းအဆင့်ဝန်ထမ်းများ

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဒေါ်စန္ဒာလွင် | ဦးစီးမှူး | - B.A(Hons.MA F(1))<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology)<br>- အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၅၂)ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) |
| ၂။ | ဒေါ်မိုးမိုးလှိုင် | ဒုဦးစီးမှူး | - B.A(History)<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology)<br>- အခြေခံစာရင်းကိုင်သင်တန်း G-1<br>- အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၃၇)ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) |
| ၃။ | ဒေါ်ချိုချိုအောင် | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | - B.A(History)<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology)<br>- အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၇၈)ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) |
| ၄။ | ဒေါ်ခိုင်ကြူကြူဇော် | အငယ်တန်းအင်ဂျင်နီယာ-၂ | - B.E(Civil)<br>- ရှေးဟောင်းသုတေသနပညာဆိုင်ရာ သင်တန်း(၁/၂၀၁၈) |
| ၅။ | ဦးကျော်ဇင်မင်း | ဒုဦးစီးမှူး | - B.A(Geog;)<br>-PGDAA(Post Graduate of Diploma in Applied Archaeology)<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၅၄) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး) |
| ၆။ | ဒေါ်တင်တင်မြင့် | ပြတိုက်လက်ထောက်-၃ | - B.A(History)<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၁၄၉) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) |

ပြည်ထောင်စုမှခန့်အပ်ထားသည့် လုံခြုံရေးနှင့်သန့်ရှင်းရေးဝန်ထမ်း

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဒေါ်ခင်ဇာခြည်ထွန်း | လုံခြုံရေး-၅ | - B.A(Archaeology) |
| ၂။ | ဦးဝင်းနိုင် | လုံခြုံရေး-၅ | - ပဉ္စမတန်းအောင် |
| ၃။ | ဦးဝင်းအောင် | လုံခြုံရေး-၅ | - ပဉ္စမတန်းအောင် |
| ၄။ | ဦးခင်မောင်ဦး | လုံခြုံရေး-၅ | - စတုတ္ထတန်းအောင် |
| ၅။ | ဦးထွန်းဦး | သန့်ရှင်းရေး | - ဆဋ္ဌမတန်းအောင် |

ပြည်ထောင်စုမှခန့်အပ်ထားသော နေ့စားလရှင်းဝန်ထမ်း/ပုတ်ပြတ်ဝန်ထမ်းများ

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဦးသော်ဇင်လတ် | နေ့စားလရှင်းဝန်ထမ်း (ပြည်ထောင်စု) | - B.A(Archaeology)<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology) |
| ၂။ | ဦးမင်းဆက် | ပုတ်ပြတ်ဝန်ထမ်း (ပြည်ထောင်စု) | - B.A(English)<br>- ကွန်ပျူတာသင်တန်း |

| | | | |
|---|---|---|---|
| ၇။ | ဒေါ်ပြည့်စန္ဒာအောင် | လ/ထကွန်မှူး | - B.A(History)<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၁၃၅) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) |
| ၈။ | ဒေါ်အိအိခိုင်သန်း | စာရင်းကိုင်-၃ | - B.Sc(Zoology)<br>- အခြေခံစာရင်းကိုင်သင်တန်း G-1<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၁၆၅)ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)<br>- ရှေးဟောင်းသုတေသနပညာဆိုင်ရာသင်တန်း(၁/၂၀၁၅) |
| ၉။ | ဦးစန်းယုဝင်း | သုတေသနလ/ထ-၃ | - B.A(History)<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၁၄၈) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)<br>- 2015-2016 GIS သင်တန်း |
| ၁၀။ | ဦးဟန်ကိုဦး | စာကြည့်တိုက်လ/ထ-၃ | - B.Sc(Zoology)<br>-PGDAA(Q)(Post Graduate of Diploma in Applied Archaeology)<br>- စာရေးဝန်ထမ်းသင်တန်းအခြေခံသင်တန်းအမှတ်စဉ်(၁၄၆) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)<br>- ကွန်ပျူတာသင်တန်း |
| ၁၁။ | ဒေါ်စုမွန်မြတ် | သုတေသနလ/ထ-၄ | - B.A(Myanmar)<br>-PGDAA(Post Graduate of Diploma in Applied Archaeology)<br>- ကွန်ပျူတာသင်တန်း<br>- English Speaking |
| ၁၂။ | ဒေါ်သန္တာဝင်း | ပြတိုက်လ/ထ-၄ | - B.A(English)<br>-PGDM(Post Graduate of Diploma in Museology)<br>- ကွန်ပျူတာသင်တန်း<br>- English Speaking |

ိုင်းဒေသကြီးအစိုးရအဖွဲ့မှခန့်အပ်ထားသော နေ့စားလရှင်းဝန်ထမ်းများ

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဒေါ်ကြည်စင်သန့် | လုံခြုံရေးကွင်းဆင်း | B.A(Archaeology) |
| ၂။ | ဦးမောင်မောင်စိုး | ညလုံခြုံရေး<br>မြေနန်းဆောင် | - |
| ၃။ | ဦးသိန်း | ညလုံခြုံရေး<br>နန်းတော်ဂိတ် | - |
| ၄။ | ဦးသောင်းထွန်း | လုံခြုံရေး(ရုံး) | - |
| ၅။ | ဦးသိန်းမြင့် | ညလုံခြုံရေး<br>ဘမရာသနဆောင် | - |
| ၆။ | ဦးတင်မိုးဝေ | နေ့လုံခြုံရေး<br>ဘမရာဆောင် | - |
| ၇။ | ဦးချစ်ကို(ခ)<br>ဦးကျော်ဇေလင်း | နေ့လုံခြုံရေး<br>မြေနန်းဆောင် | - |
| ၈။ | ဦးထွန်းမြင့်ဆွေ | ညလုံခြုံရေး<br>မြေနန်းဆောင် | - |
| ၉။ | ဦးငယ်လေး | ညလုံခြုံရေး<br>နန်းတော်ဂိတ် | - |
| ၁၀။ | ဒေါ်သန်းသန်းထွေး | ရုံးသန့်ရှင်းရေး | - |